# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

**ယမကဝဂ်(ဓမ္မပဒ-၁၀)**


၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၂၉၉)


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောရစ်ဂျွန်ဆင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ဗြိတိန်နိုင်ငံ၏ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်နှင့် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ ဘောရစ်ဂျွန်ဆင်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။

သတင်းစဉ်

# School Bus ကိစ္စရပ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများ၏ ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်မှုများအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်




ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်။

**နေပြည်တော် ဇူလိုင် ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှိုင် မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **"ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော School Bus အမျိုးအစား သတ်မှတ်ချက် (၁၂)ချက်အနက်မှ လက်ရှိ School Bus အများစု ဆက်လက်ပြေးဆွဲနိုင်ရေးအတွက် အချက် (၁)ချက်အား နှစ်ကာလအကန့်အသတ်ဖြင့် ဖြေလျှော့ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်မျိုးက School Bus ယာဉ်များ စနစ်တကျရှိစေရေး၊ လက်ယာကပ်မောင်းစနစ်နှင့်ကိုက်ညီသော ဘယ်မောင်းစနစ်များ ဖြစ်စေရေး၊ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းလျက် လုံခြုံစိတ်ချစွာ စီးနင်းနိုင်စေရေး၊ ယာဉ်ကြောပိတ်ဆို့မှုများ လျှော့ချနိုင်ရေးတို့အတွက် ကျောင်းကားများ လိုက်နာရန် စံသတ်မှတ်ချက် (၁၂)ချက်ကို သတ်မှတ်ခဲ့ရခြင်းဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အဆိုပါသတ်မှတ်ချက်(၁၂)ချက်နှင့် ညီညွတ်ပြည့်စုံနိုင်သော ယာဉ်အမျိုးအစားများ အလုံအလောက်ရှိနေသည့်အတွက်လည်းကောင်း၊ အဆိုပါသတ်မှတ်ထားသော စံနှုန်း(၁၂)ချက်သည် နိုင်ငံတကာတွင် လိုက်နာကျင့်သုံးရသည့် သတ်မှတ်ချက်များထက် များစွာလျှော့နည်းနေသေး၍လည်းကောင်း၊ ညွှန်ကြားချက်(၁၈/၁၇) ထုတ်ပြန်ပြီးနောက် သက်ဆိုင်ရာဒေသ အစိုးရက ဒေသအခြေအနေပေါ်မူတည်၍ ယာယီဖြေလျှော့ခွင့်ပြုခြင်းများ ဆောင်ရွက်ပြီးဖြစ်၍ လည်းကောင်း၊ ကျောင်းသား ကျောင်းသူများ၏ ယာဉ်တိုက်မှုအန္တရာယ်ကို ကြိုတင်ကာကွယ်သင့်ခြင်းကြောင့်လည်းကောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနဖြင့် ညွှန်ကြားချက်ပါ သတ်မှတ်ချက်အမှတ်စဉ်(ဂ)ကို ဖြေလျှော့ပေးရန် အစီအစဉ်မရှိပါကြောင်း။


*စာမျက်နှာ ၅ ကော်လံ ၁* ❐


**ပွဲစားတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်းကြောင့် ငွေကြေး ခေါင်းပုံဖြတ်ခံရခြင်း၊ လိမ်ညာခံရခြင်း၊ လူကုန်ကူးခံရခြင်းတွေ ကြုံတွေ့နိုင်ပါတယ်**

တွေ့ဆုံမေးမြန်း စာ » ၉

**လက်နက်ရောင်းချမှုကို ပိတ်ပင်သည့် ကွန်ဂရက်လွှတ်တော်၏ ဆုံးဖြတ်ချက်ကို သမ္မတထရမ့် ဗီတိုအာဏာဖြင့် ပယ်ချ**

နိုင်ငံတကာသတင်း စာ » ၁၄

**မှတ်သားဖွယ်ရာမိုးရေချိန်များ** ၂၅-၇-၂၀၁၉

| | | | | |
|---|---|---|---|---|
| မောင်တောမြို့ | ၆ | ဒသမ | ၅၈ | လက်မ |
| ရှမ်းရွာသစ်မြို့ | ၅ | ဒသမ | ၈၁ | လက်မ |
| ကမမောင်းမြို့ | ၅ | ဒသမ | ၇၉ | လက်မ |
| သံတွဲမြို့ | ၅ | ဒသမ | ၇၁ | လက်မ |
| သထုံမြို့ | ၅ | ဒသမ | ၅၁ | လက်မ |
| စစ်တွေမြို့ | ၅ | ဒသမ | ၄၇ | လက်မ |
| ဘားအံမြို့ | ၅ | ဒသမ | ၁၁ | လက်မ |
| ရွှေဂွန်း | ၅ | ဒသမ | ၀၀ | လက်မ |
| တောင်ကုတ်မြို့ | ၄ | ဒသမ | ၃၃ | လက်မ |
| ဝမြို့ | ၄ | ဒသမ | ၀၂ | လက်မ |
| မြောက်ဦးမြို့ | ၃ | ဒသမ | ၇၀ | လက်မ |
| မြစ်ကြီးနားမြို့ | ၃ | ဒသမ | ၃၄ | လက်မ |
| လှိုင်းဘွဲ့မြို့ | ၃ | ဒသမ | ၃၁ | လက်မ |
| လောင်းလုံးမြို့ | ၃ | ဒသမ | ၃၁ | လက်မ |
| ခန္တီးမြို့ | ၃ | ဒသမ | ၂၆ | လက်မ |
| ရေးမြို့ | ၂ | ဒသမ | ၈၀ | လက်မ |
| ကျိုက်မရောမြို့ | ၂ | ဒသမ | ၇၂ | လက်မ |
| ပျဉ်းမနားမြို့(ဝဲကြီး) | ၂ | ဒသမ | ၆၄ | လက်မ |




မြန်မာ့အလင်း

# ‘ပုဂံ’ ကမ္ဘာ့အမွေအနှစ်

ပုဂံကို ကမ္ဘာ့အမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်လိုက်သည့်အတွက် မြန်မာနိုင်ငံသားတို့ ဂုဏ်ယူရ၊ ရွှင်မြူးဝမ်းမြောက်ဖြစ်ရခြင်းတို့နှင့်အတူ သတိထားကာ ဉာဏ်ပညာနှင့်ယှဉ်၍ ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်တို့လည်း ရှိလာခဲ့ပြီ။ ယင်းတာဝန်ကား အလွန်ပင်ကြီးမားလှသော တာဝန်ဖြစ်သည်ဟူ၍ ခံယူကြရမည်လည်း ဖြစ်ချေ၏။

ပုဂံ၏ အမွေအနှစ်တန်ဖိုးကလည်း စေတီပုထိုး၊ ကျောင်း၊ ဂူအစရှိသည့် အဆင့်အတန်း အလွန်မြင့်သော ဗိသုကာလက်ရာများဖြင့် ထုံလွှမ်းနေသည့် သာသနိကအဆောက်အအုံများသည် အဆောက်အအုံများအဖြစ် တည်ရှိနေရုံသက်သက်မျှသာမက ယနေ့ထက်တိုင် ရိုကျိုးကြည်ညိုကိုးကွယ်ရာများအဖြစ် ရှိနေဆဲဖြစ်သည်။ အာနန္ဒာဘုရားပွဲကဲ့သို့သော ရိုးရာဓလေ့ပွဲလမ်းများ ယနေ့ထိ ပြုလုပ်နေဆဲဒေသ ဖြစ်သည်။ ဆိုရပါလျှင် ထုနှင့်ထည်နှင့် ဆုပ်ကိုင်ဖော်ပြနိုင်သော ဒြပ်ရှိအမွေအနှစ်များရော ဓလေ့ထုံးစံကိုးကွယ်ယုံကြည်မှုတို့နှင့် ဆက်စပ်နေသည့် အမူအလေ့အစရှိသော ဒြပ်မဲ့အမွေအနှစ်များပါ ကုံလုံကြွယ်ဝလှသည့် ယဉ်ကျေးမှုဒေသကြီး ဖြစ်ပါသည်။

ထို့ပြင် ယခုအခါ ပုဂံသည် မြန်မာအမျိုးသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ်သာမက ကမ္ဘာသူ ကမ္ဘာသားတို့ကပါ တန်ဖိုးထားမြတ်နိုးရသည့် အမွေအနှစ်များအဖြစ် သတ်မှတ်ခြင်းခံရပြီ ဖြစ်ပါသည်။

ထိုသို့ သတ်မှတ်ခြင်းခံရရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်အတူ ပုဂံကို ချစ်မြတ်နိုးတန်ဖိုးထားကြကုန်သော ပြည်တွင်းပြည်ပက အသိပညာရှင် အတတ်ပညာရှင်များ၊ ပုဂံဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံအတွင်းမှ ပုဂံချစ်သူ ပြည်သူလူထုနှင့် ပုဂံကို နှလုံးသားထဲထည့်ကာ အလေးအမြတ်ပြုကြသူ အစရှိသူ အားလုံးက ဝိုင်းဝန်းကြိုးပမ်းခဲ့ကြပါသည်။

‘ပုဂံယဉ်ကျေးမှုဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ညစာစားပွဲအခမ်းအနား’ ကို နေပြည်တော်တွင် ၂၃ ဇူလိုင်၊ ၂၀၁၉ နေ့က ကျင်းပခဲ့ပါသည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝိုင်းဝန်းကြိုးပမ်းကူညီခဲ့ကြသည့် ပြည်တွင်းပြည်ပ ပညာရှင်များ၊ အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပါသည်။ နိုင်ငံတော်အဆင့် ဂုဏ်ပြုသည်ဆိုခြင်းမှာ အမွေအနှစ်များကို တန်ဖိုးထားခြင်း၏ လေးနက်မှုကို ဖော်ပြခြင်းပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ ပုဂံယဉ်ကျေးမှုဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်ခဲ့ရသည်မှာ နိုင်ငံတကာအလယ်တွင် အမျိုးသားဂုဏ်သိက္ခာ များစွာမြင့်မားခဲ့ရသည်သာမက နိုင်ငံဖွံ့ဖြိုးရေးအတွက်လည်း အရေးကြီးသော အခွင့်အလမ်းများ ပိုမိုရရှိလာခဲ့ပါသည်။

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့မှာကျင်းပသည့် (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီက ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် တစ်ခုအဖြစ် ဆုံးဖြတ်သတ်မှတ်လိုက်သည့် သတင်းထွက်ပြီးသည်နှင့် ပုဂံသို့ ခရီးသွား ဧည့်သည်များ ချက်ချင်းဆိုသလို တိုးတက်များပြားလာသည်ကို တွေ့ရပါသည်။

ပါရီ၊ ဗင်းနစ်၊ ရောမ၊ ဘာစီလိုနာ၊ ပရာ့ဂ်၊ ကျိုတို၊ ဆီယမ်ရိ အစရှိသည့် နိုင်ငံတကာမြို့ကြီး၏ ဝင်ငွေအလွန်ကောင်းလှသော စီးပွားရေးလုပ်ငန်းမှာ ထိုမြို့ကြီးများ၏ ယဉ်ကျေးမှု အမွေအနှစ်များအပေါ်တည်မှီသော ခရီးသွားဧည့်သည်လုပ်ငန်း ဖြစ်ပါသည်။ နိုင်ငံ၏ အမျိုးသားစုစုပေါင်းဝင်ငွေ အချိုးအဆ၏ များပြားလှသော ငွေပမာဏကို သန်းနှင့်ချီသော ခရီးသွားဧည့်သည်လုပ်ငန်းများက ရရှိနေခြင်း ဖြစ်ပါသည်။

ထိုသို့ နိုင်ငံ၏ စီးပွားရေးကို အထူးတလည်ဖြည့်ဆည်းနေသည့် အနေအထားဖြစ်သောကြောင့် ထိုမြို့ကြီးများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုဂရုစိုက်ထိန်းသိမ်းရန် တာဝန်ရှိပါသည်။ များပြားလှသော ဧည့်သည်တို့ကြောင့် မိမိတို့အမွေအနှစ်များ ထိခိုက်ပျက်စီးမှု မရှိအောင်လည်း သတိပြုထိန်းသိမ်းကြရပါသည်။ ဧည့်သည် အများအပြားလာကြသည့်အတွက် ဟိုတယ်များ၊ စားသောက်ဆိုင်များကလည်း လိုအပ်လာသည်ဖြစ်ရာ ၎င်းတို့ကို စနစ်တကျစီမံခန့်ခွဲရန် လွန်စွာအရေးကြီးပါသည်။ ခရီးသွားလုပ်ငန်းဖြင့် အသားကျနေသော နိုင်ငံတကာမြို့ကြီးများတွင် အမွေအနှစ်များကို မထိခိုက် မပျက်စီးရအောင် ထိန်းသိမ်းစောင့်ရှောက်ရေး ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများဖြင့် တိတိကျကျ သတ်မှတ်ထားရပါသည်။ အမွေအနှစ်များ၏ ပတ်ဝန်းကျင်ကို တင်းတင်းကျပ်ကျပ် ထိန်းသိမ်းကြပါသည်။

ပုဂံကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရေး တင်သွင်းစဉ်ကတည်းက ယူနက်စကိုအဖွဲ့အစည်း၏ နိုင်ငံတကာ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာစနစ်များကို လိုက်နာရမည်ဟူသည်ကိုလည်း နားလည်ခဲ့ပြီးဖြစ်ရာ အလွန်သတိထားကြရန်လိုပါမည်။

ကမ္ဘာ့အမွေအနှစ်ပုဂံသာမက မြန်မာနိုင်ငံရှိ များပြားလှစွာသော အမွေအနှစ်တို့ကိုပါ တိုးတက်ဖွံ့ဖြိုးရေးနှင့် အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အချိန်အဆကို နားလည်မှုကြီးကြီး၊ ပညာဉာဏ်ကြီးကြီးဖြင့် ဆောင်ရွက်ကြရန်လည်း လိုမည်ဟု နှိုးဆော်လိုက်ရပါကြောင်း။ ။

# ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေရေးကိစ္စရပ်များ ဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာအစိမ်းရောင်ရန်ပုံငွေမှ Ms. Diane McFadzien နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော်  ဇူလိုင်  ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် Green Climate Fund (GCF) မှ Ms. Diane McFadzien နှင့် အဖွဲ့အား ယမန်နေ့က ရုံးအမှတ်(၂၈) ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိမ်းရောင် ရန်ပုံငွေ (GCF) ၏ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များကို ခံနိုင်ရည်ရှိစေရေး အထောက်အပံ့ပေးသည့် လုပ်ငန်းစီမံကိန်းများနှင့် အဆိုပြုနိုင်သည့် စီမံကိန်းများ၊ GCF ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများနှင့် GCF ၏ နိုင်ငံဆိုင်ရာ အစီအစဉ်အတွက် ဆက်နွှယ်သည့် ဌာနများနှင့် ဆွေးနွေးဆောင်ရွက်မည့် အစီအစဉ်များ၊ လက်ရှိရင်ဆိုင်နေရသည့် အပူချိန်မြင့်မားမှု၊ မိုးခေါင်မှုနှင့် ရေဖုံးလွှမ်းမှု အကျိုးဆက်များ လျော့နည်းပပျောက်စေရေး နည်းပညာ၊ ရန်ပုံငွေ အထောက်အပံ့ ရရှိနိုင်မှုအလားအလာများ၊ ပုဂ္ဂလိကကဏ္ဍအပါအဝင် ဆက်စပ်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေရေး အလှူရှင်အဖွဲ့အစည်းများနှင့် ကမ္ဘာ့နိုင်ငံအများအပြား တက်ရောက်မည့် GCF ဖိုရမ် ကျင်းပမည့်အစီအစဉ်နှင့် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်နိုင်မှုတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## မစ္စတာ သောမက်စ် ကာလ် နိုင်ဇင်ကာအား ဂျာမနီနိုင်ငံ၏ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော်  ဇူလိုင်  ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ သောမက်စ် ကာလ် နိုင်ဇင်ကာအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဂျာမနီနိုင်ငံ၏ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ သောမက်စ် ကာလ် နိုင်ဇင်ကာအား ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလတွင် ဂျာမနီနိုင်ငံ၊ Wurzburg မြို့၌ မွေးဖွားခဲ့သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ဥပဒေနှင့် Ibero-Romanistic ဘာသာစကားကို သင်ကြားခဲ့ပြီး ၁၉၈၂ ခုနှစ်နှင့် ၁၉၈၆ ခုနှစ်တို့တွင် ဥပဒေအတတ်ပညာဆိုင်ရာ စာမေးပွဲပထမအဆင့်နှင့် ဒုတိယအဆင့်တို့ကို ဖြေဆိုအောင်မြင်ခဲ့သည်။

၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ တရားရုံး လက်ထောက်အကူအဖြစ်လည်းကောင်း၊ ၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဂျာမနီဘဏ်တစ်ခု၏ နိုင်ငံခြားရေးဌာန၌လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ အာဂျင်တီးနားနိုင်ငံ၊ ဗျူနိုအေးရိစ်မြို့ရှိ ဂျာမနီသံရုံးနှင့် ပိုလန်နိုင်ငံ၊ ဝါဆောမြို့ရှိ ဂျာမနီသံရုံးတို့တွင်လည်းကောင်း တာဝန်အသီးသီးထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ စပိန်နိုင်ငံ၊ မက်ဒရစ်မြို့ရှိ ဂျာမနီသံရုံး၌ သံရုံးဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ်မှ ယနေ့အထိ ကျူးဘားနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးလေးဦး ထွန်းကားသည်။

**သတင်းစဉ်**

## စကောကရင်နှင့် အနောက်ပိုးကရင်များအတွက် သင်ရိုးညွှန်းတမ်းစာအုပ်များထုတ်ဝေနိုင်ရေး ဆွေးနွေး

**ရန်ကုန်  ဇူလိုင်  ၂၅**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုးသည် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီများမှ တာဝန်ရှိသူများအား ဇူလိုင် ၂၂ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ လက်ခံတွေ့ဆုံ၍ ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီများအတွက် သင်ကြားမှုစိစစ်ရေးကတ်ပြားများ ထုတ်ပေးရန်ကိစ္စ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့ခဲ့သော သင်ရိုးရေးဆွဲရေးဆိုင်ရာ အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် အမျိုးသားပညာရေး ဥပဒေအရ Language Policy၊ Local Curriculum တို့နှင့် ပတ်သက်၍ သုံးသပ်ချက်များအား တင်ပြရန်၊ ချည်ဖြူဖွဲ့ပွဲတော် ကျင်းပနိုင်ရေးအတွက် တည်နေရာနှင့် သယ်ယူပို့ဆောင်ရေး၊ ကျွေးမွေးဧည့်ခံရေးများနှင့် စပ်လျဉ်း၍ လျာထား ဘတ်ဂျက်များအားတင်ပြရန်၊ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီအတွက် တိုင်းဒေသကြီး မြေဝယ်ယူရေး ကိစ္စ၊ သူငယ်တန်းနှင့် ပထမတန်း စကောကရင်နှင့် အနောက်ပိုးကရင်များအတွက် သင်ရိုးညွှန်းတမ်းစာအုပ်များ ထုတ်ဝေနိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးအား ခရိုင်နှင့် မြို့နယ်အလိုက် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီများမှ တာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

## ထင်သာမြင်သာပြုပြင်စရာ

## ညောင်ဦး - ငါ့သရောက်ကားလမ်း ချောင်းရေတိုက်စားမှုကြောင့် ရေကျော်ကွန်ကရစ်ပျက်စီးသွားသဖြင့် ပြုပြင်ပေးစေလို



ညောင်ဦး-ငါ့သရောက်ကားလမ်း ချောင်းရေတိုက်စားမှုကြောင့် ရေကျော်ကွန်ကရစ်ပျက်စီးနေမှုကို တွေ့ရစဉ်။

ညောင်ဦးမြို့နှင့် ငါ့သရောက်မြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော ကားလမ်းသည် နေ့စဉ် ကားများ၊ မော်တော်ဆိုင်ကယ်များ ဖြတ်သန်းမောင်းနှင်နေသည့် လမ်းတစ်လမ်းဖြစ်သည်။

ဇူလိုင် ၂၀ ရက် ညဦးပိုင်းက ရွာသွန်းသောမိုးကြောင့် အဆိုပါလမ်းပေါ်ရှိ ညောင်ကြီးကျေးရွာအနီးမှ ကွန်ကရစ်ရေကျော်လမ်းမှာပျက်စီးသွားပြီး ကားများဖြတ်သန်းသွားလာ၍မရကြောင်း သိရသည်။

ငါ့သရောက်မြို့ဘက်သို့သွားသော ရေကျော်ကွန်ကရစ်လမ်းမှာ ကားများဖြတ်သန်းသွား၍ မရအောင် ပျက်စီးသွားကြောင်း၊ မော်တော်ဆိုင်ကယ်များပင် လမ်းအခြေမှကပ်မောင်းနေရကြောင်း ညောင်ကြီးကျေးရွာမှ ဒေါ်နေဇင်ဝင်းက ပြောသည်။ ယင်းကားလမ်းမှာ အရှည် ၁၄ မိုင်ရှိပြီး ယခုပျက်စီးနေသည့် ရေကျော်ကွန်ကရစ်သည် အရှည် ပေ ၁၅၀ ရှိကာ ၇၅ ပေခန့် ပျက်စီးသွားကြောင်း၊ မိုင်တိုင် ၉/၃နှင့် ၉/၄ ကြားတွင်ရှိသည့် ရေကျော်ကွန်ကရစ်ဖြစ်ပြီး သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း ငါ့သရောက်မြို့နေ ပြည်သူများက ပြောသည်။

**မောင်မောင်ထိန်-ကျောက်ပန်းတောင်း**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်  ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်းမြူးနစ်ရုံးမှ တောင်နှင့် အရှေ့တောင်အာရှဒေသ ဌာနအကြီးအကဲ Mr. Stefan Burkhardt အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်းမြူးနစ်ရုံးမှ တောင်နှင့် အရှေ့တောင်အာရှဒေသ ဌာနအကြီးအကဲ Mr. Stefan Burkhardt အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်းအနေဖြင့် မြန်မာလွှတ်တော်များသို့ အကူအညီပေးလျက်ရှိသည့် ကိစ္စရပ်များအား ပိုမိုဆောင်ရွက်ပေးရေး၊ လွှတ်တော်အကျိုးပြုလုပ်ငန်းများမှတစ်ဆင့် ပြည်သူများအကြား လွှတ်တော်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်စေရေးဆိုင်ရာများ၊ ပြည်သူ့ဆက်ဆံရေးကဏ္ဍများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများအား နည်းပညာအကူအညီများပေးနိုင်ရေးနှင့် လွှတ်တော်ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်အေးအေးမူ၊ ဦးတင်အောင်ချိုနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်းမြူးနစ်ရုံးမှ တောင်နှင့် အရှေ့တောင်အာရှဒေသ ဌာနအကြီးအကဲ Mr. Stefan Burkhardt အား လက်ခံတွေ့ဆုံစဉ်။



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း  မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ တင်မ် အန်ဒါလင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး မစ္စတာ တင်မ် အန်ဒါလင်အား ယနေ့နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဆွစ်ဇာလန်နိုင်ငံ၏ ကူညီပံ့ပိုးပေးမှုကိစ္စ၊ ရခိုင်ဒေသအရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စနှင့် သင်တန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး မစ္စတာ တင်မ် အန်ဒါလင်အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း  ADB မှ Country Director  အား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ Country Director, Mr. Newinsinsiri နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-9) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အနေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသော Rural Roads and Access Project နှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းအခြေအနေများအား ဆွေးနွေးတင်ပြပြီး ကော်မတီအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ Country Director, Mr. Newinsinsiri နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Stephan Sakalian အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Stephan Sakalian နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာ ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)အနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း(MRCS) နှင့် (IFRC) တို့ဖြင့် ပူးပေါင်း၍ ကြက်ခြေနီလှုပ်ရှားမှုအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော နောက်ဆုံးအခြေအနေ၊ လတ်တလောတိုက်ပွဲများကြောင့် တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပေးမှုအခြေအနေ၊ ရခိုင်ပြည်နယ်အစိုးရနှင့် ICRC အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့မှုများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေ၊ ရခိုင်ပြည်နယ်တွင်သာမက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ဆောင်ရွက်နေမှု၊ ICRC အဖွဲ့အနေဖြင့် ကြက်ခြေနီလှုပ်ရှားမှုမှတစ်ဆင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန (၃)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ဝါဆိုသင်္ကန်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ (၃)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ဝါဆိုသင်္ကန်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကဝိသာရနှင့် ဆရာတော်သံဃာတော်များထံမှ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တက်ရောက်လာကြသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

**ရေစက်သွန်းလောင်း အမျှပေးဝေ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများက ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဧည့်ပရိသတ်များ ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကဝိသာရနှင့် ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူစဉ်။ သတင်းစဉ်

# နိုင်ငံတော်ဘဏ္ဍာငွေ၊ နိုင်ငံတကာချေးငွေနှင့် ရန်ပုံငွေများကို စနစ်တကျစီမံခန့်ခွဲအသုံးပြုရေးနှင့် စီမံချက်လုပ်ငန်းများကို အကျိုးရှိထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော်ဘဏ္ဍာငွေ၊ နိုင်ငံတကာချေးငွေနှင့် ရန်ပုံငွေများကို စနစ်တကျစီမံခန့်ခွဲအသုံးပြုရေးနှင့် စီမံချက်လုပ်ငန်းများကို အကျိုးရှိထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကိစ္စများ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဦးစီးဌာနအသီးသီးမှ နိုင်ငံတော်ဘဏ္ဍာငွေ၊ နိုင်ငံတကာချေးငွေနှင့် ရန်ပုံငွေများကို အသုံးပြု၍ တင်ဒါခေါ်ယူဝယ်ယူရေး လုပ်ငန်းများ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) "အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း" နှင့်အညီ စနစ်တကျ အကျိုးရှိထိရောက်စွာ စီမံခန့်ခွဲအသုံးပြုဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါညွှန်ကြားချက်တွင်ပါဝင်သော အချက်များကို သေချာကြေညက်စွာ လေ့လာသွားရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေများကို ထိရောက်အကျိုးရှိစွာ သုံးစွဲနိုင်ရေးနှင့် အချိန်မီသုံးစွဲနိုင်ရေးအတွက် ဦးစီးဌာနအလိုက် ဘဏ္ဍာငွေသုံးစွဲမှု စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့(Budget Monitoring team)များကို ဖွဲ့စည်း၍ ၎င်းအဖွဲ့အစည်းများကိုလည်း လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်နှင့် အစီရင်ခံတင်ပြခွင့်များ ပေးအပ်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

အဆိုပါအဖွဲ့များမှ မိမိတို့ဦးစီးဌာနအလိုက် ဘဏ္ဍာငွေသုံးစွဲမှုပမာဏနှင့် စီမံခန့်ခွဲမှုပုံစံ စသည်တို့ကို စောင့်ကြပ်လေ့လာဆန်းစစ်သုံးသပ်၍ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များထံသို့ ပုံမှန်အစီရင်ခံတင်ပြရန်နှင့် ဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီသို့ သုံးလ တစ်ကြိမ် အစီရင်ခံတင်ပြရန် ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များသည် ကျယ်ပြန့်သဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၊ ပညာရပ်ပိုင်းဆိုင်ရာတို့ကိုသာမက ဘဏ္ဍာငွေဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကိုလည်း ဥပဒေ၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးအလေးထား၍ စနစ်တကျဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများမှ တင်ပြခဲ့သည့် ဆေးနှင့် ဆေးပစ္စည်း၊ စက်ပစ္စည်းကိရိယာများ၊ အဆောက်အဦ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ချက်များကိုလည်း ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်ထားရှိပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဦးစီးဌာနအသီးသီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များအနေဖြင့် လက်တွေ့မြေပြင်အခြေအနေတွင် လုပ်ငန်းဆောင်ရွက်မှုများအား သိရှိစေရေးနှင့် ကြီးကြပ်လမ်းညွှန်မှုများ၊ ပံ့ပိုးအားဖြည့်မှုများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်နယ်၊ တိုင်းဒေသကြီး အသီးသီးသို့ ကွင်းဆင်းဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်ဝယ်ယူရမည့် ဆေးဝါး၊ ဆေးပစ္စည်းတင်ဒါများ ခေါ်ယူသည့်အခါ လက်တွေ့ကျ၍ အမှန်တကယ်အသုံးဝင်မည့် ဆေးဝါးပစ္စည်းပမာဏနှင့် အမျိုးအမည်များကို ဦးစားပေးဝယ်ယူထောက်ပံ့ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ဆေးပညာဘာသာရပ်အလိုက် အသုံးပြုရသည့် ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများသည် အမျိုးအစားများ အလွန်များပြားသဖြင့် တင်ဒါခေါ်ဝယ်ယူသည့်အခါ သက်ဆိုင်ရာ ဆေးပညာဘာသာရပ် ပါမောက္ခကြီးများနှင့် ပညာရှင်များထံမှ အကြံပြုချက်များကိုရယူ၍ အသေးစိတ်စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အရန်သင့်ဆောက်လုပ်ပြီးစီးသော အဆောက်အဦများ ဝယ်ယူရာတွင် လည်းကောင်း တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ ညွှန်ကြားချက်တို့နှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ လုပ်ငန်းကိစ္စရပ်များအားလုံးကို တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ တိကျစနစ်ကျစွာဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန)၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) တို့က ဝန်ကြီးဌာန၏ ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ မူဝါဒ၊ လမ်းညွှန်ချက်နှင့် လုပ်ငန်းစဉ်သဘောတရားများနှင့် ပတ်သက်၍လည်းကောင်း၊ ကမ္ဘာ့ဘဏ်နှင့် ADB အဖွဲ့တို့မှ ချေးငွေရယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ ဝန်ကြီးဌာန၊ ဗဟိုတင်ဒါကော်မတီနှင့် ဦးစီးဌာနတင်ဒါကော်မတီများကို ဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်နေမှုများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင် ခမ် ချောင်ဒရီကို ယမန်နေ့မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မကြာမီသွားရောက်မည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်စီစဉ်ဆောင်ရွက်ထားမှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အမြဲတမ်းအတွင်းဝန်က နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အဆင်ပြေချောမွေ့စေရေးအတွက် ကျေးရွာအလိုက် စိစစ်ထားသည့် နေရပ်စွန့်ခွာသွားသူများစာရင်းကို သတ္တမအသုတ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ စိစစ်ပြီး နေရပ်စွန့်ခွာသွားသူများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ စတင်လွှဲပြောင်းပေးမည်ဆိုပါက ယင်းစိစစ်ပြီး နေရပ်စွန့်ခွာသွားသူများကို ဦးစားပေးဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံသဘောတူညီချက်များကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ စိစစ်ပြီး နေရပ်စွန့်ခွာသွားသူများကို ပြန်လည်လက်ခံရန် မြန်မာနိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်း အသိပေးပြောကြားခဲ့သည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၅**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ် သည်။ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်း ဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

❒ ရှေ့ဖုံးမှ

လက်ရှိအခြေအနေတွင် ဒေသတွင်း ကျောင်းကြို၊ ကျောင်းပို့ယာဉ်များ၏ အခြေအနေ၊ ကျောင်းသား ကျောင်းသူအင်အားနှင့် ယာဉ်လိုအပ်ချက်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှု အခြေအနေတို့အပေါ် မူတည်၍ School Bus ကိစ္စရပ်များအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်မှုများအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## ရမ်းဗြဲမြို့ ဒေါရထဆိပ်ကမ်းနှင့် ကျောက်နီမော် ဟုံးဝဆိပ်ကမ်း တို့တွင် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး သင်္ဘောများ ဆိုက်ကပ်ပို့ဆောင်ပေးရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းပြောကြား

ရမ်းဗြဲ မဲဆန္ဒနယ်မှ ဦးကျော်ရွှေ၏ **"ရမ်းဗြဲမြို့နယ်မှ စစ်တွေမြို့နှင့် တောင်ကုတ်မြို့သို့ ရေကြောင်းခရီးဖြင့် စရိတ်သက်သာစွာ သွားလာနိုင်ရေးအတွက် ရမ်းဗြဲမြို့ ဒေါရထဆိပ်ကမ်းနှင့် ကျောက်နီမော်၊ ဟုံးဝဆိပ်ကမ်းတို့တွင် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးပိုင် သင်္ဘောများဆိုက်ကပ်ပို့ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြည်တွင်း ရေကြောင်း ပို့ဆောင်ရေးပိုင် "ကစ္ဆပနဒီ" ရေယာဉ်များသည် ခရီးသည်သီးသန့်တင် ရေယာဉ်များဖြစ်၍ ကုန်စည်တင်ဆောင်နိုင်မှုမရှိခြင်း၊ ရေယာဉ်များ၏ ရေစူးနှင့်အမြန်နှုန်းကြောင့် ဆီစားနှုန်းများပြားခြင်းတို့ကြောင့် ရမ်းဗြဲမြို့နယ်မှ စစ်တွေမြို့နှင့် တောင်ကုတ်မြို့များသို့ စရိတ်သက်သာစွာ သွားလာဆက်သွယ်နိုင်ရေးအတွက် ရမ်းဗြဲမြို့ ဒေါရထဆိပ်ကမ်းနှင့် ကျောက်နီမော် ဟုံးဝဆိပ်ကမ်းတို့တွင် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေး သင်္ဘောများ ဆိုက်ကပ်ပို့ဆောင်ပေးရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းပြောကြားသည်။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့်၏ **"ခားမဦးချ ပြေစာပေါက်လယ်မြေများကို သိမ်းယူပြီး ငါးကန်များတူးဖော်ခြင်း၊ ဂရန်အင်းနယ်မြေများကို ရေနက်ကွင်း၊ ရေမြုပ် ငါးကန်အဖြစ် တူးဖော်ပြီး ငါးရိုင်းများသွင်း၍ လုပ်စားနေသူနှင့် လေလံအောင် အင်းသမားတို့ အငြင်းပွားနေမှုတွင် နစ်နာသူများက တိုင်ကြားလာခြင်းကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်း၊ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင်၏ **"လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ပြုလုပ်ရာတွင် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအမည်ပြောင်းလဲရန် ခက်ခဲနေခြင်းကိစ္စအား မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း"** မေးခွန်း၊ ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့်၏ **"ဖြူးမြို့နယ်ရှိ နွေစပါးစိုက်တောင်သူလယ်သမားများ၏ လိုလားချက်များကို ဖြည့်ဆည်းပေးရန်နှင့် ဆည်ရေသောက်စီမံကိန်းကို လာမည့်နှစ်တွင် ဘတ်ဂျက်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **"ကနီမြို့နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နိုင်မည့်နေရာ လမ်းကြောင်းများသတ်မှတ်၍ ၂၀၁၉-၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ"** မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းပြောကြားသည်။

ထို့အတူ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **"သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အမှန်တကယ်လိုအပ်နေသော မန်းချောင်းတံတား အထက်ပိုင်း သောင်တူးပေးရန်နှင့် စကုမြို့သို့ ဦးတည်တိုက်စားနေသောနေရာတွင် ရေကာတာပြုလုပ်ပေးရန် အစီအစဉ် ရှိ၊မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းပြောကြားသည်။



ဒုတိယဝန်ကြီး ဦးကျော်မျိုး ရှင်းလင်းပြောကြားစဉ်။



လှိုင် မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းစဉ်။



ဒုတိယဝန်ကြီး ဦးလှကျော် ရှင်းလင်းပြောကြားစဉ်။



တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် မေးမြန်းစဉ်။

ထို့နောက် ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်က **"စိုက်ပျိုးရေးထုတ်ကုန်အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဂေဟစနစ်မပျက်စီးရေးအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျ သုံးစွဲတတ်အောင် လေ့ကျင့်သင်ကြားပေးရန်နှင့် အပြင်းစားဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းကို စိစစ်ကြပ်မတ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်တင့်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုတွင် မိမိတို့နေ့စဉ်စားသုံးနေသည့် ဟင်းသီးဟင်းရွက် အသီးအနှံအားလုံးသည် ဓာတုဆေးဝါးများနှင့်မကင်းဘဲ စနစ်တကျအသုံးပြုထားခြင်း မရှိသည့်အတွက် စားသုံးရန်မသင့်လျော်ကြောင်း၊ ယုံကြည်စိတ်ချရမှုမရှိကြောင်း၊ လူအများစုက သိရှိနေသော်လည်း ရွေးချယ်စရာမရှိ၍ ရရာကို ဝယ်ယူစားသုံးနေကြရသည့်အတွက် ရောဂါမျိုးစုံဖြစ်ပွားခြင်း၊ အစာအဆိပ်သင့်ခြင်း စသည့် မလိုလားအပ်သော ဆိုးကျိုးများကို ခံစားနေကြရပါကြောင်း၊ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများတွင်လည်း ဓာတုဓာတ်ကြွင်းများ ပိုမိုများပြားလာသကဲ့သို့ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်ကိုလည်း ပိုမိုထိခိုက်နေပါကြောင်း။

ယခုလိုအခြေအနေဆိုးများကို ကျော်လွှားနိုင်ရန် ဓာတုပိုးသတ်ဆေးသုံးစွဲမှုကန့်သတ်ရေး၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးများကို လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ပြီး အလေးအနက်ထား ဆောင်ရွက်စေရန်ဖြစ်ပါကြောင်း။

စီးပွားရေးလုပ်ငန်းရှင်အချို့သည် မိမိတို့၏ အကျိုးစီးပွားတိုးတက်ရေးကိုသာ ရှေးရှုပြီး ဘယ်သူသေသေ ငတေမာပြီးရောဟူသည့် စိတ်ဓာတ်များဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို ဥပေက္ခာပြုပြီး ထုတ်လုပ်လာနေမှုများကြောင့် စားသုံးသူပြည်သူများ ဒုက္ခရောက်နေကြပါကြောင်း၊ ထိုအချက်သည် တိုင်းပြည်ကို အလွန်နစ်နာစေသည့် အချက်လည်းဖြစ်ပါကြောင်း၊ ဓာတုဆေးသုံးအစားအသောက်များကြောင့် လူထုကျန်းမာရေးဖောက်ပြားလာမှုသည် အစိုးရကို ဝန်ပိုပိစေပါကြောင်း၊ တိုင်းပြည်၏ လူ့စွမ်းအားရင်းမြစ်များကိုလည်း ဆုံးရှုံးလာစေပါကြောင်း။

ဓာတုသုံးပိုးသတ်ဆေးနှင့် မြေဩဇာထုတ်လုပ်သူများ၊ တင်သွင်းသူများနှင့် စိုက်ပျိုးထုတ်လုပ်သူများသည် မိမိတို့ဘဝရှင်သန်ရပ်တည်နိုင်ရေး ထုတ်လုပ်နေကြသကဲ့သို့ စားသုံးသူများ၏အသက်နှင့် ကျန်းမာရေးအတွက်လည်း တာဝန်ခံနိုင်စေရန် ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပြီး ထုတ်လုပ်ပြီး ဟင်းသီးဟင်းရွက်နှင့် သီးနှံများသည် စားသုံးသူအတွက် ဘေးဥပဒ်အန္တရာယ်မရှိစေရေး၊ ကျန်းမာရေးအထောက်အကူဖြစ်စေရေးတို့ကို တာဝန်ယူဆောင်ရွက်သွားနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

## မြန်မာ့လယ်ယာကဏ္ဍမြင့်မားလာရေးအတွက် ဓာတုသုံးပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာများတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းများကို နိုင်ငံတော်အစိုးရက စိစစ်ကြပ်မတ်ပေးရန်လို

မြန်မာ့လယ်ယာကဏ္ဍမြင့်မားလာရေးအတွက် ဓာတုသုံးပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာများတင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းများကို နိုင်ငံတော်အစိုးရက စိစစ်ကြပ်မတ်ပေးရန်လိုအပ်ပြီး ဥပဒေနှင့်တားမြစ်ထားသည့် စိုက်ပျိုးရေးသုံး ဓာတုဆေးများ တင်သွင်းခြင်းကို ထိထိရောက်ရောက် ဖမ်းဆီးအရေးယူခြင်း၊ ခွင့်ပြုထားသော ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကို တောင်သူဦးကြီးများက နည်းမှန်လမ်းမှန်ဖြင့် သုံးစွဲတတ်အောင် ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း စသည့် အချက်များ ပါဝင်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင် တင်သွင်းသည့် **"မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဝေလှိုင်ထွန်းက ကော်မတီ၏ ပြင်ဆင်ချက် ၉၃ ချက်ကို တင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အထက်ပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားသည့် အပိုဒ်၊ အပိုဒ်ခွဲ အမှတ်စဉ်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း-မော်စီ၊ မွှေးကြူဇင်**
**ဓာတ်ပုံ-ထန်းဖုန်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၅**

နေပြည်တော်သို့ လေ့လာရေးခရီး ရောက်ရှိနေသော ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




**သင့်သင့်မြတ်မြတ်နေထိုင်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က နေပြည်တော်ခရီးစဉ်အတွင်း ဒေသန္တရဗဟုသုတများ ရရှိကြပြီး နေပြည်တော်တိုးတက်မှုများကို နမူနာယူပြီး မိမိတို့ဒေသသို့ ရောက်ရှိသည့်အခါ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်နယ်များရှိ ညွှန်ကြားရေးမှူးရုံးများနှင့် တိုက်ရိုက်ဆက်သွယ်ကာ မိမိတို့၏ တိုင်းရင်းသားအခွင့်အရေးများ ရရှိရေး၊ စကား စာပေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ကိစ္စရပ်များကို ဆောင်ရွက်နိုင်ပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသအဖွဲ့ တိုင်းရင်းသားခေါင်းဆောင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းများသည် ဝန်ကြီးဌာန၏ တိုင်းရင်းသားရေးရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် လက်တွဲဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်ပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် မိမိတို့ နေထိုင်ရာဒေသ၊ စကား စာပေ၊ ကိုးကွယ်ယုံကြည်မှု မည်သို့ပင် ကွဲပြားခြားနားကြပါစေ အချင်းချင်း စည်းလုံးညီညွတ်စွာ သင့်သင့်မြတ်မြတ် နေထိုင်ကြရန်လိုပါကြောင်း၊ အရေးကြီးရင် သွေးနီးကြပါ နွားကွဲရင် ကျားဆွဲခံရမည်ဖြစ်သည့်အတွက် တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင် ဥမကွဲသိုက်မပျက် ပြည်ထောင်စုကြီး ထာဝရ အစဉ်တည်မြဲအောင် ဝိုင်းဝန်းကာကွယ် စောင့်ရှောက်သွားကြရေး တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးလှမော်ဦးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

**စုစုပေါင်း ကျပ်သိန်း ၁၃၀ ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန်အတွက် ကယားပြည်နယ်မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ် (၁၃)ဖွဲ့နှင့် ချင်းပြည်နယ်မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ် (၁၃)ဖွဲ့တို့ကို တစ်ဖွဲ့လျှင် ကျပ် ငါးသိန်းစီဖြင့် ထောက်ပံ့ငွေ စုစုပေါင်း ကျပ်သိန်း ၁၃၀ ပေးအပ်သည်။

ထို့နောက် ကယားပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့ ကိုယ်စားလှယ်များကိုယ်စား ဦးခွန်သာဒူးဦးနှင့် ချင်းပြည်နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ များကိုယ်စား ဦးဗိုပဲင်း(မရာ) တို့က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေ့လာရေးအဖွဲ့များနှင့်အတူ ချစ်ကြည်ရင်းနှီးစွာဖြင့် ညစာသုံးဆောင်ခဲ့ကြပြီး ညစာသုံးဆောင်စဉ် တိုင်းရင်းသားရိုးရာ တေးသီချင်းများ၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်)မှ ယဉ်ကျေးမှုအကအဖွဲ့များ၏ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**လေ့လာခဲ့**

တိုင်းရင်းသားလေ့လာရေး အဖွဲ့သည် နေပြည်တော်ရှိ Junction ဈေးဝယ်စင်တာ၊ ရေပန်းဥယျာဉ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)၊ ဗုဒ္ဓဂယာ(ပုံတူ)၊ မဟာသကျရံသီ၊ ဥပ္ပါတသန္တိစေတီ၊ ငလိုက်ဆည်ဆင်စခန်း၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်၊ စစ်သမိုင်းပြတိုက်၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ လွှတ်တော်၊ အမျိုးသားပြတိုက်၊ ကျောက်မျက်ပြတိုက်များသို့ ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ လေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ငွေရတုချိန်ခါ ရှေးဟောင်းသုတေသနပညာ

## ဒေါက်တာ ကျော်မျိုးဆက် (ရှေး/သု ပညာ)

**မြန်မာနိုင်ငံ၌ ရှေးဟောင်းသုတေသနပညာရပ်ကို စတင်ထူထောင်လာခဲ့သည်မှာ ပြီးခဲ့သည့် ဇူလိုင် ၁ ရက်ကဆိုလျှင် ငွေရတုချိန်ခါ ၂၅ နှစ်ပြည့်မြောက်ပြီ ဖြစ်ပါသည်။ ဤပညာရပ်ကို သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက လုပ်ဖော်ကိုင်ဖက် ဆရာကြီး ဆရာမကြီးများ၏ အကူအညီရယူကာ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ၁၉၉၄ ခုနှစ်တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။ ယခင်က မြန်မာတက္ကသိုလ်များ၌ ရှေးဟောင်းသုတေသနပညာဘာသာရပ်ကို သင်ကြားခဲ့ခြင်း မရှိခဲ့ပေ။ ရှေးဟောင်းအမွေအနှစ်ပေါများသည့် မြန်မာနိုင်ငံ၏ အခြေအနေက အမွေအနှစ်ကို ချစ်မြတ်နိုးသည့် ဆရာကြီးအား ရှေးဟောင်းသုတေသနပညာဘာသာရပ် ထူထောင်ရန်အတွက် အားပေးလှုံ့ဆော်ခဲ့ဟန် ရှိပါသည်။**

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသည့် အိန္ဒိယ၊ တရုတ်နိုင်ငံများနှင့် အာဆီယံနိုင်ငံများအကြားတွင် တည်ရှိသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံသည် အာရှတွင် ယဉ်ကျေးမှု၏ ဆုံချက်နေရာတွင် တည်ရှိသည်ဟုလည်း ယူဆနိုင်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံ၌ ယဉ်ကျေးမှု အမွေအနှစ်များကို သမိုင်းမတိုင်မီ ခေတ်မှစ၍ ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ပင်းယခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်များတိုင်အောင် ပေါများစွာ တွေ့ရှိရခြင်းဖြစ်သည်။ မိမိတို့၏ ဘိုးဘွားများထားရစ်ခဲ့သော တန်ဖိုးထားတတ်လျှင် တန်ဖိုးကြီးမားသည့် အမွေအနှစ်များကို လက်ရှိမျိုးဆက်သစ်များအနေဖြင့် လက်ဆင့်ကမ်း ဆက်လက်ဖော်ထုတ် ထိန်းသိမ်းရန် တာဝန်ရှိပေသည်။ မိမိတို့၏ ဘိုးဘွားအမွေအနှစ်တို့ကို မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်း၏ လက္ခဏာပြယုဂ်တစ်ခုဖြစ်သည်။ ထိုကဲ့သို့ တန်ဖိုးရှိသည့် ရှေးဟောင်းအမွေအနှစ်များကို နည်းလမ်းတကျ မှန်ကန်စွာ ဖော်ထုတ်ထိန်းသိမ်းရန် ဆိုသည်မှာလည်း ပညာကို အခြေခံသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ရန် လိုအပ်ပေသည်။ ဤသို့ဖြင့် ရှေးဟောင်းသုတေသနပညာသည် မြန်မာနိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် ဘာသာရပ်တစ်ခု အဖြစ် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပေသည်။

### ရှေးဟောင်းသုတေသနပညာရပ် စတင်တည်ထောင်ဖွင့်လှစ်

ရှေးဟောင်းသုတေသနပညာရပ်ကို ၁၉၉၄ ခုနှစ် ဇူလိုင် ၁ ရက်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ထူထောင်ဖွင့်လှစ်ခဲ့သည်။ ထိုနှစ်တွင် ဘွဲ့ကြိုတန်းနှင့်ဒီပလိုမာတန်းများကို တစ်ချိန်တည်း ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ဌာနမှူးအဖြစ် ဆရာကြီး ဦးစံငြိမ်းက တာဝန်ယူခဲ့သည်။ တက္ကသိုလ်များ လှိုင်နယ်မြေတွင်လည်း ဌာနခွဲတစ်ခု ဖွင့်လှစ်ခဲ့ပြီး ဌာနခွဲမှူးအဖြစ် ဆရာကြီးဦးစံဝင်းက တာဝန်ယူခဲ့သည်။ ပါမောက္ခတစ်ဦး၊ ကထိက နှစ်ဦး၊ လက်ထောက်ကထိက နှစ်ဦးဖြင့် ဌာနသင်ကြားရေးကို စတင်ခဲ့ခြင်းဖြစ်သည်။ ဆရာကြီး ဒေါက်တာသန်းထွန်းကလည်း Prehistory ဘာသာရပ်ကို ကိုယ်တိုင်သင်ကြားပေးခဲ့သည်။ ဘွဲ့ကြိုတန်းများကို လှိုင်နယ်မြေတွင်လည်းကောင်း၊ ဒီပလိုမာသင်တန်းများကို ရန်ကုန်တက္ကသိုလ်တွင် လည်းကောင်း သင်ကြားပေးခဲ့သည်။ ဘွဲ့ကြိုတန်း ကျောင်းသားများသည် ပထမနှစ်နှင့် ဒုတိယနှစ်တွင် လှိုင်နယ်မြေ၌လည်းကောင်း၊ တတိယနှစ်မှ နောက်ဆုံးနှစ်အထိတွင် ရန်ကုန်တက္ကသိုလ်၌ လည်းကောင်း တက်ရောက်သင်ကြားကြရသည်။

ထိုစဉ်က စာရေးသူသည် ရှေးဟောင်းသုတေသနပညာ ဘွဲ့ကြိုတန်းတွင် ပထမအသုတ် ကျောင်းသားအဖြစ် တက်ရောက် ပညာသင်ကြားခွင့် ရရှိခဲ့သည်။ အနယ်နယ် အရပ်ရပ်မှ စုစုပေါင်း တက်ရောက်သင်ကြားသူ ၂၃ ယောက် ရှိသည်။ ကျောင်းသားဦးရေ နည်းသော်လည်း မြန်မာပြည် အနှံ့အပြားမှ တက်ရောက်လာသူများဖြစ်ကြပြီး ရှမ်း၊ ကချင်၊ ဗမာ၊ မွန်၊ ရခိုင် စသည့် တိုင်းရင်းသားပေါင်းစုံ ပါရှိသည်။ ရှေးဟောင်းသုတေသနပညာရပ်အတွက် ပထမဆုံးဘွဲ့ကို ၁၉၉၈ ခုနှစ်တွင် ချီးမြှင့်ခဲ့သည်။

မိမိတို့ ဘိုးဘွားများ ထားရစ်ခဲ့သော ယဉ်ကျေးမှု အမွေအနှစ်များအပေါ် တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်တတ်သော၊ ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံ၍တိုးတက်သော လူ့အဖွဲ့အစည်းကို ထူထောင်ရန်မှာ ရှေးဟောင်းသုတေသနပညာဘာသာရပ်၏ အဓိကရည်မှန်းချက်ဖြစ်သည်။ ထိုရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဓိကလုပ်ဆောင်ရမည့် အခြေခံကျသည့် အကြောင်းအရာ သုံးချက်ရှိသည်။ ၎င်းတို့မှာ-

(၁) အများပြည်သူတို့၏ အသိစိတ်တွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တို့နှင့် ပတ်သက်သည့် အသိပညာတိုးပွားလာအောင် ဆောင်ရွက်ရန်။

(၂) ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ ထိရောက်စွာ ပြုလုပ်နိုင်ရေးအတွက် မျိုးဆက်သစ်လူငယ်များအား အသိပညာကြွယ်ဝလာအောင် ပြုစုပျိုးထောင်ပေးရန်နှင့်

(၃) ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို အခြေခံသည့် ခရီးသွားလုပ်ငန်း တိုးတက်မြင့်မားအောင် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ရန် တို့ဖြစ်သည်။

### စာတွေ့ရော လက်တွေ့ပါ သင်ယူရမည့်ဘာသာရပ်

ရှေးဟောင်းသုတေသနပညာသည် စာတွေ့သာမက လက်တွေ့ပါ လေ့ကျင့်သင်ကြားပေးရသည့် ဘာသာရပ်ဖြစ်သည်။ ထို့ကြောင့် ရှေးဟောင်းသုတေသနပညာ သင်ရိုးညွှန်းတမ်းတွင် ကွင်းဆင်းလေ့လာမှုကို ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းရေးဆွဲထားသည်။ ကွင်းဆင်းလေ့လာမှုကို ဒုတိယနှစ်စာမေးပွဲဖြေဆိုပြီးသည့် အချိန်မှစ၍ နှစ်စဉ်ပြုလုပ်ရသည်။ တက္ကသိုလ်အသီးသီးရှိ ရှေးဟောင်းသုတေသနပညာဌာနများအနေဖြင့် ကွင်းဆင်းလေ့လာမှု အများဆုံးပြုလုပ်သည့် ရှေးဟောင်းနေရာများမှာ မိုးကြိုးပြင်၊ ချင်တောင်မကုန်း၊ နွယ်ခွေ၊ သျှန်၊ လက်ပံခြေပေါ်၊ တောင်သမာန်၊ ညောင်ကန်၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမော (ပင်လယ်)၊ တကောင်း၊ ပုဂံမြို့ဟောင်းနှင့် အင်းဝမြို့ဟောင်းများ ဖြစ်ပါသည်။

တစ်နည်းအားဖြင့် သမိုင်းမတင်မီခေတ်၊ အကြိုသမိုင်းကာလနှင့် သမိုင်းတင်ခေတ်ကာလတစ်လျှောက်ရှိ ရှေးဟောင်းနေရာဒေသများကို ခေတ်ကာလစုံလင်အောင် လေ့လာကြခြင်းဖြစ်သည်။ ကွင်းဆင်းလေ့လာမှု၏ အရေးကြီးသည့် လုပ်ငန်းတစ်ခုဖြစ်သည့် ရှေးဟောင်းသုတေသနဆိုင်ရာ လက်တွေ့တူးဖော်မှုကို စာရေးသူတို့ ဒုတိယနှစ် ပညာသင်ကာလ ၁၉၉၄ အပြီးတွင် ပြုလုပ်နိုင်ခဲ့သည်။ ထိုစဉ်က ပုဂံရှေးဟောင်းသုတေသန ဦးစီးဌာနမှ ဥပါလိသိမ်အနီးရှိ အုတ်ကုန်းဟောင်းကို တူးဖော်လျက်ရှိရာ ဦးစီးဌာနနှင့် ညှိနှိုင်းကာ ကျောင်းသား ကျောင်းသူများ လက်တွေ့တူးဖော်မှုတွင် ပါဝင်ဆောင်ရွက်ခွင့် ရခဲ့သည်။ ရှေးဟောင်း သုတေသနဆိုင်ရာ တူးဖော်မှုကို စာတွေ့သာမက လက်တွေ့ပါ လေ့လာသင်ကြားခွင့်ရသည့်အတွက် တူးဖော်မှုနှင့် ပတ်သက်၍ ပိုမိုသိရှိနားလည်ခွင့် ရရှိခဲ့ပါသည်။

အချို့ကွင်းဆင်း ခရီးစဉ်များတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တူးဖော်ရေးကျွမ်းကျင်သူများ အနေဖြင့် တူးဖော်မှုနှင့် ပတ်သက်သည့် ကိရိယာတန်ဆာပလာများ အသုံးပြုပုံ၊ အကွက်ချပုံများကို သင်ကြားပြသပေးသော်လည်း လက်တွေ့တူးဖော်မှုကိုမူ မဆောင်ရွက်နိုင်ခဲ့ပေ။ လေ့လာသင်ကြားအပ်သည့် ပညာရပ်တစ်ခုကို ပြုလုပ်ခွင့်မရသည်မှာ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများအတွက် ကြီးမားသည့် ဆုံးရှုံးမှုတစ်ခုဖြစ်သည်။ ဤကိစ္စရပ်အတွက် ပညာရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်သွားလျှင် တန်ဖိုးမဖြတ်နိုင်သည့် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု ယုံကြည်ရပါသည်။

ရှေးဟောင်းသုတေသနပညာရပ်ကို စိတ်ဝင်စားသူများပြားလာသည့်အတွက် ၁၉၉၈ တွင် ဒဂုံတက္ကသိုလ်၌ လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် မန္တလေးတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်များ၌ လည်းကောင်း ဌာနအသစ်များ ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ပညာရေးဝန်ကြီးဌာနက တိုးချဲ့ဖွင့်လှစ်ခဲ့သည့် ဌာနများအတွက် ၂၀၀၂ ခုနှစ်တွင် ရှေးဟောင်းသုတေသနပညာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ရရှိပြီးသူ (သို့) တက်ရောက်နေသူ ၃၂ ဦးကို နည်းပြများ အဖြစ်ခန့်အပ်ခဲ့သည်။ ယခုအခါ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်များရှိ ရှေးဟောင်း သုတေသနပညာဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမ စုစုပေါင်း ၆၃ ယောက်ရှိပြီး တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူပေါင်း ၂၀၀၀ နီးပါးခန့်ရှိသည်။ ရှေးဟောင်းသုတေသန ပညာဘာသာရပ် သက်တမ်း ကြီးရင့်လာသည်နှင့်အမျှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၏ အရေအတွက်လည်း တိုးတက်များပြားလာသည်။

ထို့ကြောင့် ယခုအချိန်တွင် ရှေးဟောင်းသုတေသနပညာရပ်ကို သင်ကြားတတ်မြောက်ပြီးသူ အရေအတွက်အားဖြင့် အတော်ပင် များပြားနေပြီဖြစ်ရာ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရေးနှင့်ပတ်သက်သည့်အသိပညာသည် လူထုအတွင်းသို့ အတိုင်းအတာတစ်ခုအထိ ရောက်ရှိနေပြီဟု ယူဆရသည်။ ရန်ကုန်တက္ကသိုလ်တွင် ရှေးဟောင်းသုတေသနပညာရပ်အတွက် ပါရဂူဘွဲ့ကို ၂၀၀၈ ခုနှစ်မှစ၍ ပေးအပ်ချီးမြှင့်ခဲ့သည်။ ပါရဂူကျမ်းများ၏ သုတေသနရလဒ်များအရ အချို့သော တိမ်မြုပ်နေသည့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ယခုအခါ ပါရဂူဘွဲ့ရရှိသူစုစုပေါင်း ၃၅ ဦးရှိပြီဖြစ်သည်။ အချို့သော ပါရဂူဘွဲ့ရရှိပြီးသူများမှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ထို့အပြင် နိုင်ငံတကာမှ ပါရဂူဘွဲ့ရရှိသူတစ်ဦး၊ မဟာဘွဲ့ ရရှိသူနှစ်ဦး၊ ဒီပလိုမာဘွဲ့ရရှိသူ နှစ်ဦးတို့မှာလည်း တက္ကသိုလ်အသီးသီးရှိ ရှေးဟောင်းသုတေသန ပညာဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၁၉၉၈ ခုနှစ်သည် မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ရမည့် နှစ်တစ်နှစ်ဖြစ်ပေသည်။ မြန်မာ့သမိုင်းကို ကိုလိုနီခေတ် မတိုင်မီကပင် နိုင်ငံခြားသားပညာရှင်များက လေ့လာမှတ်တမ်းတင်ခဲ့ကြသည်။ ပုံတောင်ဒေသမှ လူသားမျိုးနွယ်များအကြောင်းကို ၁၉၂၀ တွင် အိန္ဒိယနိုင်ငံ ဘူမိဗေဒအဖွဲ့မှ ဂျီဒီပီကော့တာ (G.de P Cotter)က လည်းကောင်း၊ ၁၉၂၃ ခုနှစ်တွင် ဒေါက်တာ ဘာနမ်ဘရောင်း (Dr. Barnum Brown) ကလည်းကောင်း လေ့လာခဲ့ကြသည်။ ထို့အပြင် S. W. Cocks က "A Short History of Burma စာအုပ်ကိုလည်းကောင်း၊ J. S. Furnivall က " The Foundation of Bagan စာတမ်းကိုလည်းကောင်း၊ R. Grant Brown က "The Origin of the Burmese စာတမ်းကိုလည်းကောင်း ရေးသားခဲ့ကြသည်။ နောက်ပိုင်းကာလ မြန်မာ့သမိုင်းလေ့လာမှုတွင် ဒေသခံ မြန်မာ တိုင်းရင်းသားများပါ ပါဝင်လာခဲ့သည်။ ဦးမေအောင်၊ ဦးဖေမောင်တင်၊ ဦးဖိုးလတ်၊ ဗိုလ်မှူးဘရှင်၊ ဦးရည်စိန်၊ ဒေါက်တာ သန်းထွန်း၊ ဦးအောင်သော်၊ ဦးမြင့်အောင်၊ ဦးအောင်မြင့်၊ ဦးစိန်မောင်ဦး၊ ဦးညွန့်ဟန်တို့သည် ထင်ရှားသည့် မြန်မာ့ရှေးဟောင်းသမိုင်း လေ့လာသူများ ဖြစ်ကြသည်။ အစောပိုင်းကာလ လေ့လာမှုအရ ပညာရှင်များသည် မြန်မာနိုင်ငံ၌ ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားမှု မရှိခဲ့ကြောင်းကို တညီတညွတ်တည်း လက်ခံခဲ့ကြသည်။

### မြန်မာ့သမိုင်းကွင်းဆက်ကို ချိတ်ဆက်ပေးနိုင်ခဲ့

၁၉၉၈ ခုနှစ်တွင် မြန်မာ့သမိုင်းအတွက် အရေးကြီးသည့် သတင်းတစ်ပုဒ် ပေါ်ထွက်လာခဲ့သည်။ ထိုသတင်းမှာ အထက်မြန်မာပြည် ချင်းတွင်းမြစ် အရှေ့ဘက်ခြမ်း ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာအနီးတွင် ကြေးခေတ်နှင့် ပတ်သက်သည့် အထောက်အထားများ ရှာဖွေတွေ့ရှိသည့် သတင်းဖြစ်သည်။ ညောင်ကန်ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများ လေ့လာရေးအဖွဲ့ကို စစ်မဟာဗျူဟာရုံးမှ တာဝန်ရှိသူများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနမှ ကျွမ်းကျင်သူပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်ဘာသာရပ်ဌာနများမှ ပညာရှင်များဖြင့် ဖွဲ့စည်းခဲ့သည်။ တက္ကသိုလ်ပညာရှင်များအဖွဲ့တွင် ရန်ကုန်တက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာနမှ ပါမောက္ခဦးစံငြိမ်း၊ ကထိက ဦးလှထွန်းဖြူနှင့် လက်ထောက်ကထိက ဒေါက်တာ သာထွန်းမောင်တို့က အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

ထို့နောက် ညောင်ကန်ရှေးဟောင်းနေရာ တူးဖော်မှုများကို ၃၁-၁-၁၉၉၈ မှစ၍ တစ်လခွဲကျော် ပြုလုပ်ခဲ့သည်။ တူးဖော်တွေ့ရှိချက်များကို အခြေခံ၍ ၇-၁-၁၉၉၉ ရက်နေ့တွင် ရန်ကုန်မြို့၌ Bronze Age Culture in Myanmar ခေါင်းစဉ်ဖြင့် နိုင်ငံတကာ ပညာရှင်များပါဝင်သည့် ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲတွင် ရှေးဟောင်းသုတေသနပညာဌာနမှ ပညာရှင်များက မိမိတို့ သုတေသနရလဒ်များကို တင်ပြဆွေးနွေးနိုင်ခဲ့သည်။ ထိုပညာရပ်ဆိုင်ရာဆွေးနွေးပွဲ ရလဒ်အဖြစ် နိုင်ငံတကာမှ ပညာရှင်အများစုက မြန်မာနိုင်ငံတွင် ကြေးခေတ်ယဉ်ကျေးမှုသည် ဘီစီ ၁၅၀၀ မှ ၁၀၀၀ အတွင်း ထွန်းကားခဲ့ကြောင်း လက်ခံအတည်ပြုခဲ့ကြသည်။ ဤသို့ဖြင့် ရှေးဟောင်းသုတေသနပညာဌာနမှ ပညာရှင်များသည် ပြည်တွင်း ပြည်ပ ပညာရှင်များနှင့်အတူ ပျောက်ဆုံးနေသော မြန်မာ့သမိုင်းကွင်းဆက်ကို ပြန်လည်ဖော်ထုတ် ချိတ်ဆက်ပေးနိုင်ခဲ့သည်။

ဤကဲ့သို့ နိုင်ငံတော်၏သမိုင်းကြောင်းနှင့် ပတ်သက်၍ တစ်ဖက်တစ်လမ်းမှ ဖော်ထုတ်ပေးနိုင်ခဲ့သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်နိုင်ခဲ့သော၊ ရှေးဟောင်းအမွေအနှစ်များအပေါ် တန်ဖိုးထားတတ်သည့် မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ခဲ့သော ရှေးဟောင်းသုတေသနပညာရပ်ကို ထူထောင်ခဲ့သည်မှာ ပြီးခဲ့သည့် ဇူလိုင် ၁ ရက်က ၂၅ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

### ငွေရတုအခမ်းအနား ကျင်းပမည်

ထို့ကြောင့် ရှေးဟောင်း သုတေသနပညာရပ်ထူထောင်ခြင်း ငွေရတုအခမ်းအနားကို ဇူလိုင်လ ၂၈၊ ၂၉ ရက်များတွင် ခမ်းနားစွာ ကျင်းပနိုင်ရန်အတွက် ကြိုတင်စီစဉ်မှုများ ပြုလုပ်လျက်ရှိသည်။ ငွေရတုအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာန၌ ကျင်းပလျက်ရှိရာ အငြိမ်းစားဆရာ ဆရာမကြီးများ၊ ကျောင်းသားဟောင်းများ၊ လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများ၊ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများက တက်ကြွစွာ ပါဝင်ဆွေးနွေးလျက်ရှိသည်။

သုတေသနစာတမ်းများ ဖတ်ကြားရေးကို ငွေရတုအခမ်းအနားတွင် အစီအစဉ်တစ်ခုအဖြစ် ထည့်သွင်းထားသည်။ မည်သူမဆို မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ပတ်သက်သည့် စာတမ်းများ တင်သွင်းနိုင်ပြီး ရွေးချယ်ခြင်းခံရပါက ငွေရတုအခမ်းအနားတွင် တက်ရောက်ဖတ်ကြားနိုင်ကြောင်းနှင့် နောက်ပိုင်းတွင် ပုံနှိပ်ထုတ်ဝေရန် ဆက်လက်စီစဉ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ ငွေရတုအခမ်းအနား၏ နောက်ဆုံးအစီအစဉ်မှာ မိတ်ဆုံညစာစားပွဲ ကျင်းပမည့် အစီအစဉ်ဖြစ်သည်။ မြန်မာပြည်တစ်ဝန်းမှ ဘာသာရပ်တူ မောင်နှမများ တွေ့ဆုံရင်းနှီးခွင့်ရမည့် အစီအစဉ်လည်း ဖြစ်သည်။ သို့ပါ၍ ကြုံတောင့်ကြုံခဲသည့် ရှေးဟောင်းသုတေသနပညာရပ်ထူထောင်ခြင်း ၂၅ နှစ်ပြည့် ငွေရတုသဘင်အခမ်းအနားကို ဘာသာရပ်ကို ချစ်မြတ်နိုးသူတိုင်း ပျော်ရွှင်စွာပါဝင် ဆင်နွှဲကြပါရန် သတိတရ တိုက်တွန်းအပ်ပါသည်။ ။

◆ *ကျောဖုံးမှ*

မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ငါးခုန် - ပေါင်းဝ - ဆားခါး-ခွန်သာလမ်းသည် လမ်းအဆင့်သတ်မှတ်ချက် Class (A) ဦးစားပေးအဆင့်(၁)တွင် ပါရှိပါကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး သံကူကွန်ကရစ် ရေနိမ့်တံတားတည်ဆောက်ရန် အစီအစဉ်ရေးဆွဲထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မွန်ပြည်နယ် ရေးမြို့မှ ခေါဇာမြို့သို့ ဆက်သွယ်ထားသည့် ကတ္တရာလမ်းအား တစ်ဖက်လျှင် တစ်ပေခွဲစီ (သို့မဟုတ်) သုံးပေစီ တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အဆိုပါလမ်းပိုင်းရှိ တံတားနှစ်စင်း၏ ချဉ်းကပ်လမ်းအား မြေသားတာပေါင်ဖို့ကြိတ်ခြင်း၊ ကတ္တရာလမ်းသစ်ခင်းခြင်း၊ သံကူကွန်ကရစ် Box Culvert အသစ် နှစ်စင်း တည်ဆောက်ခြင်း၊ လမ်းမိုင် သုညမှ ၁၆ ဒသမ ၉ ကီလိုမီတာအတွင်း လမ်းအနိမ့်အမြင့်ဖြေညှိပြီး ကတ္တရာရေပိတ်လွှာ လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၉၇ သန်း လျာထားတင်ပြတောင်းခံထားပါကြောင်း။

## ရေး - ကလော့ - ခေါဇာ လမ်းပိုင်း ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်

ရေး - ကလော့ - ခေါဇာ လမ်းပိုင်းကို ၁၂ ပေအကျယ်ကတ္တရာလမ်းမှ တစ်ဖက်လျှင် သုံးပေစီချဲ့၍ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် တိုးချဲ့ပေးရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေပါရှိခြင်း မရှိပါကြောင်း၊ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ကျေးရွာများ အမည်ပေါက်ပြုလုပ်ပေးရေးနှင့် မြို့ကွက်သစ်ဖော်ထုတ်ပေးရေးဆိုင်ရာ မေးခွန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ် မတူပီမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမည်မပေါက်သေးသော ကျေးရွာများအား အမည်ပေါက်ကျေးရွာများအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က မတူပီမြို့နယ်အတွင်းရှိ ကျေးရွာ ၂၆ ရွာကို တရားဝင်အမည် ပေါက်ကျေးရွာများအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် အမှုတွဲများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုစုဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကျေးရွာ ၂၆ ရွာ၏ မူလမြေအမျိုးအစားမှာ မြေလွတ်/မြေရိုင်းများဖြစ်ပါကြောင်း၊ ရွာမြေအဖြစ် အသုံးပြုခွင့်ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်စုများမှ အခြားနည်းအသုံးပြုခွင့် လျှောက်လွှာပုံစံ (၄)ဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လိုအပ်ချက်များစိစစ်၍ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ ၁၀ -၄- ၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၈၇/ပတ-၁ ဖြင့် တင်ပြထားပြီးဖြစ်ပါကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်မှစိစစ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ခွင့်ပြုမိန့်ရရှိပါက ကျေးရွာအမည်ပေါက်ရရှိရေး အမှုတွဲကို အဆင့်ဆင့်ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးကျော်လင်း



ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ
ဦးဘွဲ့ခိန်း



ဒုတိယဝန်ကြီး
ဦးတင်မြင့်



ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ
ဦးလားလ်မင်းထန်

## စလင်းမြို့ပေါ် (၆)ရပ်ကွက်တို့တွင် လူဦးရေတိုးတက်များပြားလာသည့်အတွက် မြို့ကွက်သစ်ဖော်ထုတ်ပေးရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ ကျေးရွာများတိုးချဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြသွားမည်

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် စလင်းမြို့ပေါ် (၆)ရပ်ကွက်တို့တွင် လူဦးရေတိုးတက်များပြားလာသည့်အတွက် မြို့ကွက်သစ်ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က ယခုလက်ရှိအချိန်တွင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်တွင် မြို့နှစ်မြို့၊ ရပ်ကွက်(၁၁)ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၉ အုပ်စု၊ ကျေးရွာပေါင်း ၄၁၇ ရွာ ရှိပါကြောင်း။

စလင်းမြို့တွင်း လယ်၊ ယာ၊ ဥယျာဉ်မြေအတွင်း လူနေအိမ်ရာမြေအဖြစ် တိုးချဲ့အသုံးပြုထားသည့် မြို့တွင်းလယ်ယာမြေဧရိယာ ၁၀၂ ဒသမ ၄၄၉ ဧကသည် တောင်သူများ၏ လုပ်ကွက်ဧရိယာများဖြစ်၍ လယ်ယာမြေလုပ်ကိုင်ခွင့်ပုံစံ(၇) ရရှိထားသော မြေများဖြစ်ပါကြောင်း၊ မြို့နှင့်ဆက်စပ်တည်ရှိသော လယ်ယာမြေများတွင် လယ်ယာမြေအခြားနည်းအသုံးပြုခွင့်ရယူ၍ လူနေအိမ်ခြေနှင့် စီးပွားရေးအဆောက်အဦများ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်မှုများ ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်း တိုးတက်လာသော လူဦးရေအရ ကျေးရွာအဆင့်တွင် ဒေသခံများအချင်းချင်းညှိနှိုင်း၍ လည်းကောင်း၊ မြို့အဆင့်ဌာနဆိုင်ရာများမှ ညှိနှိုင်းပေါင်းစပ်၍လည်းကောင်း လူနေအိမ်ခြေ၊ ဘာသာရေးအဆောက်အအုံ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြို့ပေါ်ရပ်ကွက်အတွင်း နောင်တိုးပွားလာမည့် လူဦးရေအတွက် မြို့ကွက်သစ်တိုးချဲ့ဆောင်ရွက်မည်ဆိုပါက တောင်သူများ၏ ပုံစံ(၇)ရရှိထားသော လယ်ယာမြေများဖြစ်သည့်အတွက် မြို့ကွက်ဖော်ထုတ်ရန် အခက်အခဲများရှိပါကြောင်း၊ မြေမိကုန်းကျေးရွာနှင့် စာစီကျောင်းကျေးရွာတို့အား ရပ်ကွက်အဆင့်တိုးမြှင့်ပေးခဲ့သကဲ့သို့ မြို့နှင့်ဆက်စပ်တည်ရှိသော ကျေးရွာများအား ထပ်မံတိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီ နိုင်ငံတော်သမ္မတထံ သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြသွားမည်ဖြစ်ပါကြောင်း၊ အမြန်ဆောင်ရွက်ပေးသွားရန်အတွက်လည်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ညွှန်ကြားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေတစ်ရပ်ကို အတည်ပြုပေးနိုင်ပါရန်နှင့် လွှတ်တော်၏အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က **စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်ရသည့် မြေယာစီမံခန့်ခွဲရေး လုပ်ငန်းများ၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများ အပါအဝင်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ပေးအပ်သည့် လုပ်ငန်းတာဝန်များအား ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် ဥပဒေတစ်ခုချင်းအလိုက် ပြင်ဆင်မည့်အစား အချိန်ကြန့်ကြာမှု နည်းပါးစေရန်အတွက် ပြင်ဆင်ရန်လိုအပ်သည့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ခြုံငုံ၍ စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေတစ်ရပ်ကို အတည်ပြုပေးနိုင်ပါရန်နှင့် လွှတ်တော်၏အဆုံးအဖြတ်ကို ခံယူမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာထားသည်။

ယနေ့ အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ဇူလိုင် ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**လူကျော်(သတင်းစဉ်)**

---

# ကျိုင်းတုံမြို့နယ်အတွင်း အတိုးနှုန်းသက်သာသည့် မြစိမ်းရောင်ချေးငွေရရှိမှုကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလာ

**ကျိုင်းတုံ ဇူလိုင် ၂၅**

ကျိုင်းတုံမြို့နယ် အမောဒေကျေးရွာနှင့် မိုက်ဇလီနံပတ်ကျေးရွာတို့၌ အတိုးနှုန်းသက်သာသည့် မြစိမ်းရောင်ချေးငွေ ရရှိမှုကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ကြက်၊ ဝက် မွေးမြူရေးလုပ်ငန်းနှင့် ကုန်စုံဆိုင်လုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းများ အဆင်ပြေကာ အောင်မြင်မှုရှိကြောင်း သိရသည်။



**မြစိမ်းရောင်ချေးငွေရရှိ**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျိုင်းတုံမြို့နယ် နမ့်အင်းကျေးရွာအုပ်စု အမောဒေကျေးရွာသည် မြစိမ်းရောင်ချေးငွေရရှိခဲ့ပြီး အိမ်ထောင်စု ၁၀၈ စု ရှိသည့်အနက် ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း မြစိမ်းရောင်ချေးငွေ အိမ်ထောင်စု ၉၀ အထိ ရရှိခဲ့ကြောင်း၊ အဆိုပါ ကျေးရွာတွင် မြစိမ်းရောင်ချေးငွေဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သူ ၆၀ နှင့် မွေးမြူရေးလုပ်ကိုင်သူ ၃၀ ရှိကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ယန်းလေကျေးရွာအုပ်စု မိုက်ဇလီနံပတ်ကျေးရွာသည် မြစိမ်းရောင်ချေးငွေ ရရှိခဲ့ပြီး ကျေးရွာရှိ အိမ်ထောင်စု ၁၀၀ တွင် အိမ်ထောင်စု ၈၀ သည် မြစိမ်းရောင်ချေးငွေရရှိကာ မွေးမြူရေးလုပ်ကိုင်သူ ၅၀၊ စိုက်ပျိုး ရေးလုပ်ကိုင်သူ ၂၅ ဦးနှင့် အိမ်ဆိုင်ဖွင့်လှစ် လုပ်ကိုင်သူ ငါးဦးရှိကာ လုပ်ငန်းများ အောင်မြင်ခဲ့ကြောင်း။

**အလှည့်ကျထုတ်ချေးမည်**

ကျိုင်းတုံမြို့နယ်အတွင်း ကျေးရွာပေါင်း ၁၅၂ ရွာအတွက် မြစိမ်းရောင်ချေးငွေ ၇၂ ယူနစ်ကို ရရှိထားပြီးဖြစ်ကြောင်း၊ မြစိမ်းရောင်ချေးငွေရရှိခြင်း မရှိသေးသည့် အိမ်ထောင်စုများကိုလည်း အလှည့်ကျစနစ်ဖြင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်း ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာများသို့ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးကိုနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ချေးငွေ လုပ်ကိုင်ဆောင်ရွက်မှုများနှင့် မြစိမ်းရောင်ချေးငွေဖြင့် အကောင်အထည်ဖော်သည့် လုပ်ငန်းများကို ဇူလိုင်လတတိယပတ်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

---

# အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်မှ တောင်သူခေါင်းဆောင် ဦးပြေငြိမ်းအောင် ဦးဆောင်သော ဒေသခံတောင်သူလယ်သမား ၂၀ တို့သည် ယနေ့နံနက် ၁၀ နာရီက အမျိုးသားလွှတ်တော် အစည်းအဝေးသို့ လာရောက်လေ့လာကြသည်။

ထို့အတူ ပုသိမ်တက္ကသိုလ် ဥပဒေပညာအထူးပြု စတုတ္ထနှစ်နှင့် ပဉ္စမနှစ် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမ ၈၉ ဦး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း အဖွဲ့ဝင်များဖြစ်သော ကယားပြည်နယ် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ချင်းပြည်နယ်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ကြီးကြပ်သူနှင့် အထောက်အကူပြုအဖွဲ့ဝင်များ ၁၂၁ ဦးတို့သည် အမျိုးသားလွှတ်တော်အဆောက်အအုံများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးစတင်ကျင်းပသည့်ရက်မှ ယနေ့အထိအမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာသည့်ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၁၉၄၄၅ ဦးနှင့် ပြည်ပဧည့်သည် ၂၁၅၀ ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## လယ်ယာမြေများ နစ်မြုပ်ပျက်စီးခဲ့သည့် တောင်သူများအား မျိုးစပါးများ ထောက်ပံ့မည်

**နန်းယွန်း ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် တနိုင်းချောင်း ရေကြီးမှုကြောင့် နန်းယွန်းမြို့နယ် လူလွန်းကျေးရွာရှိ အိမ်ခြေ ၆၆ လုံး နစ်မြုပ်ခဲ့ပြီး လယ်ဧက ၈၀၊ ပျိုးစပါးပင်များနှင့် တောင်ယာစပါး ၃၅ ဧက မြစ်ရေကြီးမှုကြောင့် ဆုံးရှုံးခဲ့ကြောင်း၊ လယ်ယာမြေများ ရေလွှမ်းမိုးဒဏ်ခံခဲ့ရသည့် တောင်ယာလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးနှင့် လယ်ယာလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးတို့ကို မျိုးစပါးခွဲနှီ ၃၅ တင်း၊ မျိုးစပါး ရွှေရင်အေးအတင်း ၁၆၀ တို့အား နန်းယွန်းမြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းထောက်ပံ့ပေးမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးဝင်းထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

---

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၅-၇- ၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ ၏ ဒုတိယပိုဒ်နှင့် ပုံစာတွင်ပါရှိသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးသန်းဝင်း (**အစား**) ဦးစန်းဝင်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက တင်သွင်းလွှာ အမှတ် ၁/၂၀၁၉နှင့် တင်သွင်းလွှာ အမှတ် ၂/၂၀၁၉ တို့ကို ဆုံးဖြတ်ချက်များချမှတ်

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံးပါဝင်သောခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ရုံးခန်းအမှတ်(၁)၌ရုံးထိုင်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ပါ ၂၅ ဦးကတင်သွင်းသည့် တင်သွင်းလွှာအမှတ် ၁/၂၀၁၉ နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်ပါ ၂၅ ဦးက တင်သွင်းသည့် တင်သွင်းလွှာအမှတ် ၂/၂၀၁၉ တို့ကို ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၆) ကြိမ်မြောက် မြန်မာ့စားသောက်ကုန်ပြပွဲနှင့် (၄) ကြိမ်မြောက် မြန်မာ့လက်လီလုပ်ငန်းပြပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၅**

နိုင်ငံတကာမှ စားသောက်ကုန်နှင့် လက်လီလုပ်ငန်းဆိုင်ရာ နည်းပညာများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးကို ဦးတည်ကာ (၆) ကြိမ်မြောက် မြန်မာ့စားသောက်ကုန်ပြပွဲနှင့်(၄) ကြိမ်မြောက် မြန်မာ့လက်လီလုပ်ငန်းပြပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုကုန်စည်ပြပွဲတွင် စီးပွားရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲများကို ပညာရှင်များက ဆွေးနွေးမည်ဖြစ်ကြောင်း၊ ပြပွဲကို ရန်ကုန်မြို့တပ်မတော်ခန်းမတွင် ဩဂုတ် ၁၅ ရက်မှ ၁၇ ရက် အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သူရိန်ကျော်**

# လက်ရှိဆောင်ရွက်နေသည့် ပညာရေးနှင့်ပတ်သက်သော လုပ်ငန်းများကို ဆရာ ဆရာမများ အစဉ်တစိုက်လေ့လာသင်ယူရန် လိုအပ်

နေပြည်တော် ဇူလိုင် ၂၅

**၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အခြေခံပညာဦးစီးဌာနမှသက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပညာရေးမှူးရုံးများမှ ဒုတိယညွှန်ကြားရေးမှူး (ပညာ)၊ ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်းများကြီးကြပ်အကဲဖြတ်) များ၊ ခရိုင်ပညာရေးမှူးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ သူငယ်တန်း (KG) သင်ရိုးသစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် (Grade-1) ပထမတန်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် (Grade-2) ဒုတိယတန်း၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် (Grade-3) တတိယတန်းနှင့် (Grade-6) ဆဋ္ဌမတန်း သင်ရိုးသစ်အတန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လာမည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင်လည်း (Grade-4) စတုတ္ထတန်း၊ (Grade-7) သတ္တမတန်းနှင့် (Grade-10) ဒသမတန်း သင်ရိုးသစ်အတန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အားနည်းချက်များ သုံးသပ်**

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးများ၊ ဆရာ၊ မိဘ၊ ကျောင်းသား ကျောင်းသူများ သာမက ပြည်သူလူထုအားလုံးကို အဆင့်ဆင့်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်မည့် သင်ရိုးသစ်၊ စစ်ဆေးအကဲဖြတ်ခြင်း၊ Completion Certificate များနှင့်ပတ်သက်၍ နားလည်သဘောပေါက်စေရန် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆွေးနွေးပြောကြားပေးရန် လိုအပ်ပါကြောင်း၊ သင်ရိုးသစ်များတွင် ၂၁ ရာစုပညာရေးအရည်အသွေး ရရှိအောင် ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်းများကို အသုံးပြုနိုင်ရန် စီစဉ်ထားသဖြင့် ကျောင်းသား ကျောင်းသူအားလုံး ကိုယ်တိုင်ပါဝင်ခွင့်ရခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်လာခြင်း၊ တီထွင်ဖန်တီးတတ်လာခြင်း၊ တစ်ဦးချင်းစီ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားလာခြင်း အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါကြောင်း၊ ဆရာဆရာမများအတွက်လည်း ဘာသာရပ်အလိုက် ဆရာလမ်းညွှန်များကို ပြည့်စုံစွာ ပြုစုရိုက်နှိပ်ဖြန့်ဝေထားသည့်အတွက် ဆရာလမ်းညွှန်ပါ နည်းလမ်းများ၊ သင်ကြားသင်ယူ နည်းလမ်းသစ်များ၊ သင်ခန်းစာ ပြင်ဆင်ပုံများအတိုင်း လေ့လာသင်ကြားပေးရန် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှု ထိရောက်အောင်မြင်ရေးအတွက် သင်ထောက်ကူပစ္စည်းများကို (KG) သူငယ်တန်းမှစ၍ သင်ရိုးသစ်အတန်းများအလိုက် ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ သင်ရိုးသစ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားနည်းချက်များကို ပြန်လည်သုံးသပ်စိစစ်ရန်၊ အားသာချက်များကိုအခြေခံ၍ ပိုမိုအောင်မြင်အောင် ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

**သင်ယူတတ်မြောက်မှု စွမ်းရည်ကောင်းမွန်**

JICA (CREATE) အဖွဲ့က ၂၀၁၈-၂၀၁၉ ပညာသင်နှစ် (Grade-2) ဒုတိယတန်းကျောင်းသုံးဖတ်စာအုပ် (သင်္ချာ) အသစ်နှင့် ယခင်ကျောင်းသုံးဖတ်စာအုပ် (သင်္ချာ)အဟောင်းတို့ကို လေ့လာဆန်းစစ်ကြည့်ရာတွင် ကျောင်းသား ကျောင်းသူများသည် ကျောင်းသုံးဖတ်စာအုပ် (သင်္ချာ) အသစ်ကို ပိုမိုကြိုက်နှစ်သက်ကြသည်ကို တွေ့ရှိရပါကြောင်း၊ သင်္ချာဖတ်စာအုပ်အသစ်ဖြင့် သင်ကြားသင်ယူပြီး မေးခွန်းစစ်မေးရာတွင် ရမှတ်ပိုမိုကောင်းမွန်ပါကြောင်း၊ သင်္ချာဖတ်စာအုပ်အသစ်ဖြင့် သင်ကြားသင်ယူပြီး စဉ်းစားတွေးခေါ်မှုကိုအားပေးသည့် မေးခွန်းများကို ပိုမိုဖြေဆိုနိုင်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ဖတ်စာအုပ်အသစ်ကို စိတ်ဝင်စားမှုမြင့်မားလာပြီး ပိုမိုအသုံးပြုလာကြသည်ကို တွေ့ရှိရပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အကြိုက်နှစ်သက်ဆုံး ကျောင်းသုံးဖတ်စာအုပ်အသစ်များမှာ မြန်မာစာ (၂၅ ဒသမ ၉ ရာခိုင်နှုန်း)၊ ပန်းချီ (၂၅ ဒသမ ၈ ရာခိုင်နှုန်း)၊ အင်္ဂလိပ်စာ (၁၆ ဒသမ ၉ ရာခိုင်နှုန်း)၊ ကာယပညာ(၈ ဒသမ ၁ ရာခိုင်နှုန်း)၊ သင်္ချာ (၈ ဒသမ ၀ ရာခိုင်နှုန်း) ဖြစ်ပါကြောင်း၊ သင်ကြားသင်ယူမှုနည်းလမ်းများနှင့် သင်ထောက်ကူပစ္စည်းများ အသုံးပြုသင်ကြားသင်ယူလေ့ကျင့်ခြင်းများဖြင့် ကျောင်းသုံးဖတ်စာအုပ်အသစ်များအပေါ် ကျောင်းသား ကျောင်းသူများ၏ စိတ်ဝင်စားမှုနှင့် အကောင်းမြင်သဘောထားများ ပိုမိုမြင့်မားလာပါကြောင်း၊ စာသင်ခန်းတွင်လည်း ပိုမိုအသုံးပြုကြသည်ကို တွေ့ရှိရပါကြောင်း၊ ဆရာဆရာမများ၏ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ ပိုမိုကောင်းမွန်လာခြင်းတို့ကြောင့် ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှုစွမ်းရည်များ ပိုမိုကောင်းမွန်လာသည်ကို တွေ့ရှိရသဖြင့် JICA (CREATE) အဖွဲ့နှင့် ကျောင်းအုပ်များ၊ ဆရာ ဆရာမများနှင့် မိဘအုပ်ထိန်းသူပြည်သူများ၏ ပူးပေါင်း ပါဝင်မှုများကို ပညာရေးဝန်ကြီးဌာန အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း။

**စနစ်တကျလေ့ကျင့်သင်ကြားပေး**

ပညာရေးအရည်အသွေးမြင့်မားရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှုသည်လည်း အရေးကြီးပါကြောင်း၊ ကိုယ်ပိုင်ကျောင်းများရှိ ဆရာ ဆရာမများ၏အရည်အသွေးသည်လည်း အထူးအရေးပါသည်ဖြစ်၍ လက်ရှိကိုယ်ပိုင်ကျောင်းဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားကြရမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲနေသော ပညာရေးမူဝါဒများကိုသိရှိပြီး လိုက်နာကျင့်သုံးရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများကလည်း စနစ်တကျကြပ်မတ်ကွပ်ကဲဆောင်ရွက်သွားရမည်ဖြစ်ပြီး တွေ့ရှိရသည့် အခက်အခဲများကို အကျေအလည်ဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်ကြရန် လိုပါကြောင်း၊ လူရည်ချွန်ကျောင်းသားများ ရွေးချယ်ခြင်းဖြင့် နိုင်ငံ၏ထူးချွန်သော ကျောင်းသား ကျောင်းသူများ ထွက်ပေါ်လာအောင် ဆောင်ရွက်လျက်ရှိရာ လူရည်ချွန်ကျောင်းသားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုထူးချွန်လာအောင် စနစ်တကျလေ့ကျင့်သင်ကြားပေးရန် လိုပါကြောင်း၊ ရွေးချယ်ရာတွင်လည်း ပွင့်လင်းမြင်သာစွာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျရွေးချယ်ကြရန် လိုအပ်ပါကြောင်း။

ယနေ့လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲတွင် လက်ရှိမြေပြင်တွင် ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြပြီး အကျေအလည်ညှိနှိုင်းဆွေးနွေးစေလိုပါကြောင်း၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပညာရေးနှင့်ပတ်သက်သောလုပ်ငန်းများကို ဆရာဆရာမများကိုယ်တိုင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အစဉ်တစိုက်လေ့လာသင်ယူဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

**မူဝါဒနှင့် လုပ်ငန်းများဆွေးနွေး**

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မောင်ဝင်းတို့က ပညာရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် သိရှိရမည့် မူဝါဒများနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြပြီး ဇူလိုင် ၂၅ ရက်မှ ၂၆ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။



# ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အဖွဲ့ အာဆီယံ-တရုတ် ပြန်ကြားရေးဝန်ကြီးများအဆင့် သတင်းမီဒီယာဖိုရမ် တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဇူလိုင် ၂၃ ရက်မှ ၂၄ ရက် အထိ Connected For A Better Future ဆောင်ပုဒ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ်ပြန်ကြားရေးဝန်ကြီးများအဆင့် သတင်းမီဒီယာဖိုရမ် (ASEAN-China High-Level Media Forum) သို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (ဓါတ်ပုံ)

**သတင်းစဉ်**

# မိုးပိုနေမည်

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# ပွဲစားတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်းကြောင့် ငွေကြေးခေါင်းပုံဖြတ်ခံရခြင်း၊ လိမ်ညာခံရခြင်း၊ လူကုန်ကူးခံရခြင်းတွေ ကြုံတွေ့နိုင်ပါတယ်

**မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရန်လိုအပ်ခြင်း၊ ဒေသတွင်းနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် လုပ်အားခကွာဟခြင်း၊ သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာတိုးတက်လာပြီး လူမှုဆက်သွယ်ရေးကွန်ရက် ပိုမိုကျယ်ပြန့်လာခြင်းများကြောင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မှုများ ပိုမိုများပြားလာသည်။**

**ထိုသို့ များပြားလာသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။**



ဦးဝင်းရှိန် (ညွှန်ကြားရေးမှူးချုပ် )
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

*ယမန်နေ့မှအဆက်*

**မေး ။ ။ ထိုင်းနိုင်ငံမှာ ရောက်ရှိလုပ်ကိုင်နေပြီး စာရွက်စာတမ်း အထောက်အထားကုန်ဆုံးတော့မယ့် မြန်မာအလုပ်သမားတွေအတွက် ဘယ်လိုဆောင်ရွက်ပေးနေသလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ ထိုင်းနိုင်ငံအတွင်းမှာ လုပ်ကိုင်လျက်ရှိတဲ့ အထောက်အထားမဲ့ မြန်မာအလုပ်သမားတွေနဲ့ အထောက်အထား သက်တမ်းကုန်ဆုံးတော့မယ့် အလုပ်သမားတွေအတွက် နှစ်နိုင်ငံ ညှိနှိုင်းသဘောတူညီချက်အရ အရင်က အထောက်အထားထုတ်ပေးခြင်းလုပ်ငန်းစဉ်တွေ ဆောင်ရွက်ခဲ့ပေမယ့် အခုအချိန်မှာ ထိုင်းနိုင်ငံအစိုးရအနေနဲ့ ထိုင်းနိုင်ငံကို ဝင်ရောက်လုပ်ကိုင်လိုတဲ့ အလုပ်သမားတွေ၊ အထောက်အထားစာရွက်စာတမ်း သက်တမ်းကုန်ဆုံးတော့မယ့် အလုပ်သမားတွေကို MoU စနစ်နဲ့ ပြန်လည်ဝင်ရောက်လုပ်ကိုင်ခြင်းကိုသာ လက်ခံမှာ ဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် မတ် ၃၁ ရက်နဲ့ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှာ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်နဲ့ နေထိုင်ခွင့်သက်တမ်းကုန်ဆုံးမယ့် အလုပ်သမားတွေအတွက် နိုင်ငံသားအထောက်အထားနဲ့ မြန်မာနိုင်ငံကူးလက်မှတ်ပြုလုပ်ဖို့ လိုအပ်သူတွေ အချိန်လုံလောက်စေဖို့ နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲမှာ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်အထိ သက်တမ်းထပ်မံတိုးမြှင့်ပေးဖို့ တောင်းဆိုခဲ့ပေမယ့် ထိုင်းနိုင်ငံက အလုပ်လုပ်ကိုင်ခွင့်လက်မှတ်နဲ့ နေထိုင်ခွင့်သက်တမ်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်အထိသာ ခွင့်ပြုခဲ့ပါတယ်။

ဒါ့ကြောင့် ထိုင်းနိုင်ငံရောက် ၂၀၂၀ပြည့်နှစ် မတ် ၃၁ ရက်မှာ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်နဲ့ နေထိုင်ခွင့်သက်တမ်းကုန်ဆုံးမယ့် အလုပ်သမားတွေနဲ့ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှာ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်နဲ့ နေထိုင်ခွင့်သက်တမ်း ကုန်ဆုံးမယ့် ရေလုပ်သားတွေအနေနဲ့ MoU စနစ်နဲ့သာ ထိုင်းနိုင်ငံကို အချိန်မီပြန်လည်ဝင်ရောက် လုပ်ကိုင်ရမှာ ဖြစ်ပါတယ်။

**မေး ။ ။ ထိုင်းနိုင်ငံကို MoU စနစ်နဲ့ မြန်မာအလုပ်သမားတွေ တရားဝင်စေလွှတ်မှုအခြေအနေကို သိရှိလိုပါတယ်။**

ဖြေ ။ ။ ထိုင်းနိုင်ငံကို အလုပ်သမားတွေ တရားဝင်စေလွှတ်ဖို့ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံ အစိုးရတို့အကြား အလုပ်သမားတွေခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ချင်းမိုင်မြို့မှာ ၂၀၀၃ ခုနှစ် ဇွန် ၂၁ ရက်က နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးတွေ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၆ ခုနှစ် ဇွန် ၂၄ ရက်မှာ ဗန်ကောက်မြို့မှာ နှစ်နိုင်ငံအလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးတွေက အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာနဲ့ အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူစာချုပ်တွေကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

ထိုင်းနိုင်ငံကို MoU စနစ်နဲ့ အလုပ်သမားတွေ တရားဝင်စေလွှတ်ခြင်းလုပ်ငန်းစဉ်ကို ပြည်ပအလုပ်အကိုင် အကျိုးဆောင် (ထိုင်း) လိုင်စင်ရအေဂျင်စီ ၁၀၆ ခုနဲ့ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၀ ပြည့်နှစ် ဇွန်မှ ၂၀၁၉ ခုနှစ် မေ ထိ ထိုင်းနိုင်ငံကို စေလွှတ်ပြီးတဲ့ အလုပ်သမားဦးရေဟာ ၇၀၇၄၇၂ ဦး ဖြစ်ပါတယ်။

MoU လုပ်ငန်းစဉ်အနေနဲ့ ထိုင်းနိုင်ငံ အလုပ်အကိုင်ဌာနက ထောက်ခံထားတဲ့ အလုပ်ရှင်ရဲ့အလုပ်ခေါ်စာကို ထိုင်းနိုင်ငံဆိုင်ရာ အလုပ်သမားသံအရာရှိကနေတစ်ဆင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနကို ပေးပို့ပါတယ်။ ဦးစီးဌာနအနေနဲ့ အလုပ်ခေါ်စာတွေကို ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို တင်ပြပြီး ကော်မတီက ခွင့်ပြုချက်ရရှိတာနဲ့ အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (EC) ချုပ်ဆိုခွင့်ပြုပါတယ်။ EC ချုပ်ဆိုပြီးတဲ့ အလုပ်သမားတွေအတွက် Visa နဲ့ Work Permit လျှောက်ထားနိုင်ဖို့ အလုပ်သမားစာရင်းကို ထိုင်းနိုင်ငံ အလုပ်အကိုင်ဌာနကို ဆက်လက်ပေးပို့ပြီး ပြည်ဝင်ခွင့်ရရှိတဲ့ အလုပ်သမားတွေကို မြဝတီမြို့က ရွှေ့ပြောင်းအလုပ်သမားရုံးကနေတစ်ဆင့် စေလွှတ်ပေးလျက်ရှိပါတယ်။

**မေး ။ ။ မြန်မာရေလုပ်သားတွေကို ထိုင်းနိုင်ငံကို MoU စနစ်နဲ့ တရားဝင်စေလွှတ်မယ့် အစီအစဉ်ကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ထိုင်းနိုင်ငံက ငါးဖမ်းစက်လှေတွေကို သွားရောက်လုပ်ကိုင်လိုတဲ့ မြန်မာရေလုပ်သားတွေကို MoU စနစ်နဲ့ ခွင့်ပြုပေးလျက်ရှိရာမှာ ငါးဖမ်းလုပ်ငန်းရဲ့ သဘောသဘာဝကို သိရှိနားလည်ပြီး လုပ်ငန်းအတွေ့အကြုံရှိတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တွေက မြန်မာရေလုပ်သားတွေအနေနဲ့ တရားဝင်သွားရောက်လုပ်ကိုင်နိုင်ပြီ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံရောက် မြန်မာရေလုပ်သားတွေကို တရားဝင်ဖြစ်စေဖို့ MoU – U Turn စနစ်နဲ့ ပြန်လည်စေလွှတ်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ပေးလျက်ရှိရာမှာ ၉၅ ဦး စေလွှတ်ပေးပြီး ဖြစ်ပါတယ်။

**မေး ။ ။ ပြည်ပနိုင်ငံတွေကို သွားရောက်လုပ်ကိုင်လိုတဲ့ အလုပ်သမားတွေအနေနဲ့ ဆောင်ရွက်သင့်တာ၊ ရှောင်ရှားသင့်တာလေးတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ပြည်ပနိုင်ငံတွေကို သွားရောက်လုပ်ကိုင်လိုသူတွေအနေနဲ့ တရားဝင်အလုပ်သမား စုဆောင်းခွင့်မရှိဘဲ ဆောင်ရွက်နေတဲ့ (ပွဲစား) တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်း မပြုဘဲ တရားဝင်ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ဖို့ လိုပါတယ်။ ပွဲစားတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်းကြောင့် ငွေကြေးခေါင်းပုံဖြတ်ခံရခြင်း၊ လိမ်ညာခံရခြင်း၊ လူကုန်ကူးခံရခြင်းတွေ ကြုံတွေ့နိုင်ပါတယ်။

တချို့ပွဲစားတွေက ထိုင်းနိုင်ငံမှာ အလုပ်ရရှိမယ်လို့ စည်းရုံးပြောဆိုပြီး ထိုင်းနိုင်ငံကို တရားမဝင် နယ်စပ်ဖြတ်ကျော်ခေါ်ဆောင်ပြီး ရောင်းစားခြင်း၊ လူမှောင်ခိုမှုကျူးလွန်ခြင်း ဆောင်ရွက်နေပြီးတော့ တချို့ပွဲစားတွေက စက်ရုံ၊ အလုပ်ရုံတွေကို တရားမဝင် အလုပ်သွင်းပေးနေတာကြောင့် တိုင်ကြားမှုတွေကို စိစစ်ဖော်ထုတ်ပြီး သက်ဆိုင်ရာ ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

တရားမဝင် နယ်စပ်ဖြတ်ကျော်ပြီး ဝင်ရောက်လုပ်ကိုင်ရင် သက်ဆိုင်ရာနိုင်ငံရဲ့တည်ဆဲဥပဒေတွေနဲ့အညီ ဖမ်းဆီးအရေးယူခံရမှာဖြစ်လို့ သတိရှိဖို့ လိုပါတယ်။

ပြည်ပနိုင်ငံတွေကို တရားဝင်သွားရောက် အလုပ်လုပ်ကိုင်ရင် တည်ဆဲဥပဒေနဲ့အညီ အလုပ်သမားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးနဲ့ ကာကွယ်စောင့်ရှောက်မှုတွေ ရရှိမှာဖြစ်သလို အလုပ်သမားရေးရာကိစ္စရပ်တွေနဲ့ အခက်အခဲတွေ ကြုံတွေ့ရရင် သက်ဆိုင်ရာ သံအရာရှိတွေနဲ့ မြန်မာနိုင်ငံဆိုင်ရာ သံရုံးတွေက ထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

လက်ရှိ အများဆုံးဖြစ်ပေါ်နေတဲ့ အလုပ်သမားရေးရာ ပြဿနာတွေကတော့ အလုပ်သမားတွေအနေနဲ့ အေဂျင်စီနဲ့ တိုက်ရိုက်မချိတ်ဆက်ဘဲ ပွဲစားတွေနဲ့ ချိတ်ဆက်မှုကြောင့် ကုန်ကျစရိတ်များပြားပြီး ဝန်ဆောင်ခတွေ ကြိုတင်ပေးချေပြီး ထိုင်းနိုင်ငံကို ထွက်ခွာရမှုမရှိတာ၊ လုပ်ငန်းအမျိုးအစား လွဲမှားနေတာ၊ အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုရာမှာ ရှင်းလင်းပြောကြားချက်တွေကို အလုပ်သမားတွေက အသေအချာ လိုက်နာမှတ်သားမှုမရှိလို့ အခက်အခဲ ကြုံတွေ့တာ၊ ပွဲစားတွေကိုယုံကြည်ပြီး သူတို့ စေခိုင်းတဲ့အတိုင်း လုပ်ဆောင်ခြင်း၊ ကိုယ်လုပ်ကိုင်နိုင်တဲ့ လုပ်ငန်းအမျိုးအစားကို သေချာမလေ့လာဘဲ သွားရောက်လုပ်ကိုင်ခြင်းကြောင့် ထိုင်းနိုင်ငံ လုပ်ငန်းခွင်ရောက်ရှိပြီး မလုပ်ကိုင်နိုင်ဘဲ ပြန်လာရသူတွေရှိပြီးတော့ အချိန်နဲ့ ငွေကုန်ကြေးကျများပြီး နစ်နာဆုံးရှုံးမှုတွေ ရှိနေတာကို စိတ်မကောင်းဖွယ် တွေ့မြင်နေရပါတယ်။

ဒါ့ကြောင့် အလုပ်သမားတွေအနေနဲ့ အေဂျင်စီတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ဖို့လိုပြီး ဆက်သွယ်နိုင်တဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်တွေကို ဦးစီးဌာနက ဝန်ဆောင်မှုပေးတဲ့ နေရာတွေမှာ ရယူနိုင်ပါတယ်။ ဒါ့အပြင် အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ် ချုပ်ဆိုချိန်မှာ ကြီးကြပ်သူအရာရှိတွေ၊ အလုပ်ရှင် သို့မဟုတ် သူတို့ရဲ့ ကိုယ်စားလှယ်နဲ့ သက်ဆိုင်ရာ အေဂျင်စီတွေက ရှင်းလင်းပြောကြားချက်တွေနဲ့ မြဝတီမြို့နဲ့ ကော့သောင်းမြို့ရှိ ရွှေ့ပြောင်းအလုပ်သမားရုံးက တာဝန်ခံတွေက ပြည်ပမထွက်ခွာမီ သိသင့်သိထိုက်တာတွေ ရှင်းလင်းပြောကြားမှုတွေကို အလေးထား နားထောင်ပြီး နားလည်သဘောပေါက်မှသာ စာချုပ်မှာ လက်မှတ်ရေးထိုးပြီး ဝန်ဆောင်ခပေးချေတာတွေ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ ဘာသာစကား၊ နေရာဒေသ၊ အစားအသောက်၊ လုပ်ငန်းခွင်အခက်အခဲတွေအပြင် လုပ်ငန်းခွင်အတွင်း အလုပ်ရှင်၊ မန်နေဂျာ၊ အလုပ်ကြပ်နဲ့ နားလည်မှုလွဲမှားပြီး အလုပ်သမားရေးရာပြဿနာတွေ ပေါ်ပေါက်လျက်ရှိပါတယ်။ ဒါ့အပြင် ပညာအခြေခံနည်းပါးခြင်း၊ လုပ်ငန်းကျွမ်းကျင်မှု နည်းပါးခြင်းတွေကြောင့် အများစုက အထွေထွေလုပ်သားတွေအဖြစ် လုပ်ကိုင်ရလို့ လုပ်ခလစာနည်းပါးခြင်း၊ ကျန်းမာရေးအခြေအနေကြောင့် တာရှည်လုပ်ကိုင်နိုင်စွမ်းမရှိဘဲ ပြန်လာရမှုတွေ ကြုံတွေ့နေရပါတယ်။

**မေး ။ ။ ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ စပ်လျဉ်းပြီးတော့ တခြားနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ ပတ်သက်ပြီး နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုစွမ်းဆောင်ခြင်းအားဖြင့် နိုင်ငံအသီးသီးအတွက် စီးပွားရေးသာမက လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွေကိုပါ အထောက်အကူပြုစေနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာရွှေ့ပြောင်းအလုပ်သမား စေလွှတ်လျက်ရှိတဲ့ နိုင်ငံတွေနဲ့ ညှိနှိုင်းဆွေးနွေးခြင်း၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း၊ တရားဝင်လုပ်ကိုင်နိုင်ရေးနဲ့ အခွင့်အရေးနဲ့ ကာကွယ်စောင့်ရှောက်မှုတွေ ရရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အာဆီယံနိုင်ငံတွေ၊ မဟာမဲခေါင်ဒေသတွင်း အိမ်နီးချင်းနိုင်ငံတွေနဲ့ ညှိနှိုင်းဆွေးနွေးလျက်ရှိပါတယ်။

ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အစည်း (ILO)၊ UN Women တို့နဲ့ ပူးပေါင်းပြီး ရွှေ့ပြောင်းအလုပ်သမားရေးရာ ကိစ္စရပ်တွေကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ပမှာ ရောက်ရှိလုပ်ကိုင်နေတဲ့ မြန်မာအလုပ်သမား ပြဿနာတွေ ကူညီဖြေရှင်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံက မြန်မာသံရုံး၊ မြန်မာအလုပ်သမား ကူညီစောင့်ရှောက်ရေးအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

**တွေ့ဆုံမေးမြန်း- မော်စီ၊ ဓာတ်ပုံ- ထိန်နန်နော်**



နေရပ်ပြန်နိုင်ငံသားများကို ကော့သောင်းမြို့၌ တွေ့ရစဉ်။



မိမိဆန္ဒအလျောက် နေရပ်ပြန်မြန်မာနိုင်ငံသားများကို မြဝတီနယ်စပ်၌ တွေ့ရစဉ်။

**“တရားမဝင် နယ်စပ်ဖြတ်ကျော်ပြီး ဝင်ရောက်လုပ်ကိုင်ရင် သက်ဆိုင်ရာနိုင်ငံရဲ့တည်ဆဲဥပဒေတွေနဲ့အညီ ဖမ်းဆီးအရေးယူ ခံရမှာဖြစ်လို့ သတိရှိဖို့ လိုပါတယ်။ ပြည်ပနိုင်ငံတွေကို တရားဝင်သွားရောက် အလုပ်လုပ်ကိုင်ရင် တည်ဆဲဥပဒေနဲ့အညီ အလုပ်သမားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးနဲ့ ကာကွယ်စောင့်ရှောက်မှုတွေ ရရှိမှာဖြစ်သလို အလုပ်သမားရေးရာကိစ္စရပ်တွေနဲ့ အခက်အခဲတွေ ကြုံတွေ့ရရင် သက်ဆိုင်ရာ သံအရာရှိတွေနဲ့ မြန်မာနိုင်ငံဆိုင်ရာ သံရုံးတွေက ထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်”**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း (၆)**

**သင်တန်းကျောင်း၊ ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများ တည်ထောင်ဖွင့်လှစ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း**

၁၃။ လူမှုဝန်ထမ်းဦးစီးဌာနသည် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အောက်ဖော်ပြပါ သင်တန်းကျောင်းများ၊ ယာယီစောင့်ရှောက်ရေးဂေဟာများကို တည်ထောင်ရမည် -

(က) ဤဥပဒေအရ ပို့အပ်သည့် ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်၏ ကာယ၊ ဉာဏ၊ စာရိတ္တတို့အပါအဝင် ကလေးသူငယ်တို့၏ အကျိုးအလို့ငှာ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် တည်ထောင်ထားသော သင်တန်းကျောင်းများ၊

(ခ) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှု မစတင်မီနှင့် စတင်စစ်ဆေးနေသည့် ကာလအတွင်း ဖြစ်စေ၊ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်အရ ဆုံးဖြတ်ချက် မချမှတ်မီကာလအတွင်းဖြစ်စေ၊ ကလေးသူငယ်တရားရုံးက စစ်ဆေးစီရင်နေသည့် ကာလအတွင်းဖြစ်စေ ယာယီအုပ်ထိန်းရန်နှင့် ပြုစုစောင့်ရှောက်ရန် လိုအပ်သော ယာယီစောင့်ရှောက်ရေးဂေဟာများ။

၁၄။ (က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို တည်ထောင်ဖွင့်လှစ်ထားလျှင်ဖြစ်စေ၊ တည်ထောင်ဖွင့်လှစ်လိုလျှင်ဖြစ်စေ အသိအမှတ်ပြုလက်မှတ်ရရှိရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနသည် -

(၁) ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး ကိုက်ညီပါက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ကိုက်ညီမှုမရှိပါက လိုအပ်သည်များကို ပြုပြင်စေပြီး အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း ပြုရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးသည့်အခါ စည်းကမ်းချက်များ သတ်မှတ်ပေးရမည်။ အကယ်၍ အဆိုပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအလို့ငှာ အသိအမှတ်ပြုလက်မှတ်ကို ဆက်လက်၍ ထုတ်ပေးသင့် မသင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(၃) အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားသော ပရဟိတဂေဟာ သို့မဟုတ် ယာယီ စောင့်ရှောက်ရေးဂေဟာကို သင့်လျော်သည့် နည်းပညာကျွမ်းကျင်မှု အကူအညီ ဖြည့်ဆည်းပေးရမည်။

၁၅။ (က) စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်ကဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းကဖြစ်စေ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို တည်ထောင်ဖွင့်လှစ်လိုလျှင် တည်ထောင်ခွင့်ပြုမိန့်ရရှိရန် လူမှုဝန်ထမ်းဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက တည်ထောင်ခွင့်ပြုမိန့်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရမည်။ ငြင်းပယ်ခြင်းပြုပါက ကျိုးကြောင်းဖော်ပြ၍ လျှောက်ထားသူထံစာဖြင့် အကြောင်းပြန်ကြားရမည်။

(ဂ) လူမှုဝန်ထမ်းဦးစီးဌာနသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံး၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားလာခြင်းအပေါ် သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးထားသော ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများအား -

(က) လိုအပ်သော လမ်းညွှန်မှုပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်း၊ သင့်လျော်သည့် ကျွမ်းကျင်မှု ဖြည့်ဆည်းပေးခြင်းနှင့် ပံ့ပိုးမှုပေးခြင်းများ ပြုရမည်။

(ခ) သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ မရှိကို သင့်လျော်သော လူမှုဝန်ထမ်းအရာရှိကိုဖြစ်စေ၊ ကလေးသူငယ်ကြီးကြပ်သူကိုဖြစ်စေ၊ ယင်းပုဂ္ဂိုလ်များကို အဖွဲ့ဖွဲ့စည်း၍ဖြစ်စေ စုံစမ်းစစ်ဆေးစေပြီး စစ်ဆေးတွေ့ရှိချက်ကို တင်ပြစေနိုင်သည်။

၁၇။ လူမှုဝန်ထမ်းဦးစီးဌာနသည် သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို တည်ထောင်ခွင့်ပြုမိန့်ရရှိသူက ဖောက်ဖျက်ကြောင်းတွေ့ရှိရလျှင် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) တည်ထောင်ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) တည်ထောင်ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

**အခန်း (၇)**

**ကလေးသူငယ်၏ အခွင့်အရေးများ**

၁၈။ ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှု ရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆက်ဆံခွင့် ရရှိစေရေးတို့အတွက် အခွင့်အရေးများရှိကြောင်း နိုင်ငံတော်က အသိအမှတ်ပြုသည်။

၁၉။ ကလေးသူငယ်တိုင်းသည် -

(က) အသက်ရှင်သန်ရန် မွေးရာပါအခွင့်အရေးများ ရှိသည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများ ခံစားခွင့်ရှိသည်။

(ဂ) မိဘနှစ်ပါး သို့မဟုတ် တစ်ပါးပါး အသက်ရှင်လျက်ရှိပါက ယင်းတို့နှင့် အတူ နေထိုင်ကြီးပြင်းရန် အခွင့်အရေးရှိသည်။

(ဃ) မည်သည့်အကြောင်းနှင့်မျှ ခွဲခြားဆက်ဆံခြင်း မခံရစေရ။

(င) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရှိသည်။

(စ) ကိုးကွယ်သည့် ဘာသာ၊ သာသနာ၊ စကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း များကို လွတ်လပ်စွာ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

(ဆ) ဥပဒေအရ ခွင့်ပြုထားသော ကလေးသူငယ်ဆိုင်ရာ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ၊ လူမှုရေး သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းများတွင် ပါဝင်ခွင့်ရှိသည်။

(ဇ) ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခွင့် ရှိသည်။

(ဈ) မိမိတို့၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေမည့် စာပေများ ဖတ်ရှုနိုင်ခွင့်၊ ဗဟုသုတများ လေ့လာဆည်းပူးနိုင်ခွင့်၊ သတင်းများ ရယူနိုင်ခွင့် ရှိသည်။

(ည) အားလပ်ချိန်နှင့် ကစားချိန်များ ရပိုင်ခွင့်ရှိပြီး အသက်အရွယ်အလိုက် အားကစားလှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲခွင့် ရှိသည်။

(ဋ) ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ရှိသည်။

(ဌ) ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ရှိပြီး ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာအတွက် ဥပဒေအရ အကာအကွယ်ရထိုက်ခွင့် ရှိသည်။

(ဍ) ကလေးသူငယ်တိုင်း၏ ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် လုံခြုံမှုကို အကြောင်းမဲ့ထိပါးခြင်း မခံရစေရန် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့် ရှိသည်။

(ဎ) ပုဒ်မခွဲ (က) မှ (ဍ) အထိပါ အခွင့်အရေးများအပြင် ဤဥပဒေပါ ကလေးသူငယ်၏ အခြားအခွင့်အရေးများကို တန်းတူညီမျှစွာ ရရှိခံစားခွင့် ရှိသည်။

၂၀။ ကလေးသူငယ်၏ အခွင့်အရေးတစ်ရပ်ရပ် ဆုံးရှုံးနစ်နာခြင်းနှင့် စပ်လျဉ်း၍ နစ်နာသူ ကလေးသူငယ်ကိုယ်တိုင်ကဖြစ်စေ၊ ကလေးသူငယ်၏ကိုယ်စား မိဘ၊ အုပ်ထိန်းသူကဖြစ်စေ၊ နီးစပ်ရာပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာ ဒေသဆိုင်ရာ ကော်မတီသို့လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားရုံးသို့လည်းကောင်း တင်ပြတိုင်တန်းခွင့်ရှိသည်။

၂၁။ မွေးဖွားသည့် ကလေးသူငယ်အား မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ -

(က) နိုင်ငံတော်အတွင်း မွေးဖွားသည့် ကလေးသူငယ်တိုင်းသည် ခွဲခြားဆက်ဆံခြင်း မရှိစေဘဲ မွေးဖွားခြင်းကို အခမဲ့မှတ်ပုံတင်ခွင့်ရှိသည်။

(ခ) ဆေးရုံ သို့မဟုတ် သားဖွားခန်း၌ ကလေးမွေးဖွားပြီးလျှင်ဖြစ်စေ၊ အခြားနေရာတစ်ခုခုတွင် မွေးဖွားပြီးလျှင်ဖြစ်စေ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် သင့်လျော်သူတစ်ဦးဦးသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ အစိုးရဌာနသို့ မွေးဖွားခြင်းကို မှတ်ပုံတင်ရန် အကြောင်းကြားရမည်။

(ဂ) သက်ဆိုင်ရာ အစိုးရဌာနသည် မွေးဖွားသည့် ကလေးသူငယ်နှင့် ကလေးမွေးဖွားခြင်း မှတ်ပုံတင်စာအုပ်တွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ ကလေးမွေးဖွားခြင်း မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ဃ) ကလေးမွေးဖွားခြင်းကို မှတ်ပုံတင်ထားခဲ့ခြင်း မရှိသည့်ကိစ္စတွင် ကလေးမွေးဖွားခဲ့ကြောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဆေးရုံ သို့မဟုတ် သားဖွားခန်း၏ တာဝန်ခံပုဂ္ဂိုလ်က ထုတ်ပေးသည့် မွေးစာရင်းသက်သေခံလက်မှတ် ပူးတွဲ၍ဖြစ်စေ ကလေးမွေးဖွားကြောင်း ကလေးသူငယ်၏ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် သင့်လျော်သူတစ်ဦးဦးက သက်ဆိုင်ရာ အစိုးရဌာနသို့ အကြောင်းကြားပြီး မွေးဖွားမှုမှတ်ပုံတင်ရမည်။ ထိုကလေးမွေးဖွားကြောင်း မှတ်ပုံတင်ခြင်းသည် ကလေးသူငယ်၏ အသက်အတွက် သက်သေအထောက်အထားဖြစ်သည်ဟု မှတ်ယူရမည်။

၂၂။ မွေးဖွားကြောင်း မှတ်ပုံတင်သည့် ကလေးသူငယ်တိုင်းသည် နိုင်ငံသားဖြစ်မှုဆိုင်ရာ အခွင့်အရေးကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိစေရမည်။

၂၃။ အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့် အသက်သည် ၁၈ နှစ်ပြည့်ပြီး ဖြစ်ရမည်။

၂၄။ ဤဥပဒေပါ အခွင့်အရေးများကို ကလေးသူငယ်တိုင်း အပြည့်အဝ ရရှိခံစားနိုင်စေရန် -

(က) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် မိမိတို့ကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ရမည်။

(ခ) စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်၊ လူမှုရေးအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည်လည်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခွင့် ရှိသည်။

**အခန်း (၈)**

**ကလေးသူငယ်ကို မွေးစားခြင်း**

၂၅။ မြန်မာနိုင်ငံသားတစ်ဦးဦးသည် ကလေးသူငယ်ကို မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်နိုင်ပါက ကလေးသူငယ်အား သတ်မှတ်ချက်များနှင့်အညီ မွေးစားပိုင်ခွင့်ရှိသည်။

၂၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် ဤဥပဒေအရ မွေးစားခြင်းကို မှတ်ပုံတင်ရန် သက်ဆိုင်ရာမွေးစားခြင်း မှတ်ပုံတင်လူမှုဝန်ထမ်းအရာရှိကို တာဝန်ပေးနိုင်သည်။

၂၇။ (က) မြန်မာနိုင်ငံသားတစ်ဦးဦးသည် အောက်ဖော်ပြပါ ကလေးသူငယ်အား မှတ်ပုံတင်၍ မွေးစားခွင့်ပြုရန် သက်ဆိုင်ရာ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည် -

(၁) မိဘမဲ့ကလေးသူငယ်၊

(၂) မိဘက ပြုစုစောင့်ရှောက်နိုင်ခြင်းမရှိသော ကလေးသူငယ် သို့မဟုတ် မိဘက ပြုစုစောင့်ရှောက်သော်လည်း ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားများကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသဖြင့် မိဘ၏ သဘောတူညီချက်ရရှိသော ကလေးသူငယ်၊

(၃) မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့် အမြဲတမ်းကွဲကွာနေသည့်အပြင် ဆွေမျိုးသားချင်းကလည်း ပြုစုစောင့်ရှောက်နိုင်ခြင်းမရှိသော ကလေးသူငယ်၊

(၄) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော အခြားကလေးသူငယ်။

(ခ) ကလေးသူငယ်ကို မွေးစားလိုသူသည် မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံတွင် မှတ်ပုံတင်၍ မွေးစားခြင်းမပြုဘဲ သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တည်ဆဲကိတ္တိမ မွေးစားခြင်းမှတ်ပုံတင်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မွေးစားစာချုပ်ကို မှတ်ပုံတင်၍ မွေးစားနိုင်သည်။

(ဂ) သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသည် ပုဒ်မခွဲ (ခ) အရ ကလေးသူငယ် မွေးစားစာချုပ်ကို မှတ်ပုံတင်သည့်အခါ ဤဥပဒေအရ မွေးစားသားသမီးများ၏ အခွင့်အရေးများ ခံစားနိုင်စေရန်အလို့ငှာ မွေးစားစာချုပ်မှတ်ပုံတင်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ၎င်းစာချုပ် မိတ္တူနှင့်အတူ သက်ဆိုင်ရာ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံသို့ ပေးပို့အကြောင်းကြားရမည်။

၂၈။ သက်ဆိုင်ရာ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိသည် -

(က) ပုဒ်မ ၂၇ အရ မွေးစားခွင့်ပြုရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက မွေးစားခွင့်ပြုသူနှင့် မွေးစားလိုသူအား သတ်မှတ်ချက်များနှင့်အညီ မွေးစားစာချုပ် ချုပ်ဆိုစေပြီး မွေးစားခြင်းကို သက်ဆိုင်ရာ လူမှုဝန်ထမ်းဦးစီးမှူးရုံးတွင် မှတ်ပုံတင်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်၍ မွေးစားသည့်စာရင်းကိုလည်းကောင်း၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဂ) အရ သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးက ပေးပို့လာသော မွေးစားသည့်စာရင်းကိုလည်းကောင်း မွေးစားစာချုပ် မိတ္တူများပူးတွဲ၍ လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်။

၂၉။ တည်ဆဲကိတ္တိမ မွေးစားခြင်းမှတ်ပုံတင် အက်ဥပဒေအရ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်ဖြစ်စေ၊ ဤအခန်းပါ ပြဋ္ဌာန်းချက်အရ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံတွင်ဖြစ်စေ ကလေးသူငယ်မွေးစားစာချုပ်ကို မှတ်ပုံတင်၍ မွေးစားသည့် မွေးစားမိဘသည် -

(က) မွေးစားသည့် ကလေးသူငယ်နှင့် စပ်လျဉ်း၍ ပြုစုစောင့်ရှောက်မှုအခြေအနေနှင့် ထိုကလေးသူငယ်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံသို့ အစီရင်ခံရမည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်သော တာဝန်နှင့် စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) မွေးစားခံရသည့် ကလေးသူငယ်အား မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးနှင့် ပူးပေါင်း၍သော်လည်းကောင်း ပြည်ပသို့ ခိုးထုတ်ခြင်း၊ ရောင်းဝယ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း သို့မဟုတ် နှိပ်စက်ညှဉ်းပန်းခြင်း မပြုလုပ်ရ။

၃၀။ သက်ဆိုင်ရာ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိသည် မွေးစားစာချုပ်ကို မှတ်ပုံတင်ပြီးနောက် မွေးစားမိဘက မွေးစားခြင်းဆိုင်ရာ တာဝန်နှင့် စည်းကမ်းချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း ရှိ မရှိ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းခြင်း၊ စောင့်ကြည့်ခြင်း၊ လိုအပ်ပါက စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ပြီး သတ်မှတ်ထားသော တာဝန်နှင့် စည်းကမ်းချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက မွေးစားခြင်းကို ပယ်ဖျက်သင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်။

၃၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မ ၃၀ အရ တင်ပြချက်ကို စိစစ်ပြီး မွေးစားခြင်းကို ပယ်ဖျက်သည့်အမိန့် သို့မဟုတ် အခြားသင့်လျော်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်နိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၉ ခုနှစ် မေလနှင့် ဇွန်လတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၉ ခုနှစ် မေလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၈၆.၁၂၈) သန်း၊ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၆၆၀.၃၂၈)သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃။ ၂၀၁၉ ခုနှစ် မေလနှင့် ဇွန်လအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်နှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | မေလ | | ဇွန်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၁ | ၃၁.၆၂၀* | - | ၂၈၇.၀၉၃* |
| (ခ) | စက်မှုကဏ္ဍ | ၁၇ | ၄၁.၄၁၈* | ၂၁ | ၂၇၉.၀၈၇* |
| (ဂ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | - | ၁ | ၄.၉၀၀ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁ | ၀.၄၉၀ | - | - |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | - | ၃ | ၆၆.၂၉၇ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၁၂.၆၀၀* | ၂ | ၂၂.၉၅၁* |
| | စုစုပေါင်း | ၂၀ | ၈၆.၁၂၈ | ၂၇ | ၆၆၀.၃၂၈ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၄။ ၂၀၁၉ ခုနှစ် မေလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုးကျပ် (၁၄၇၁၉၃.၃၅၅) သန်းနှင့် ၂၀၁၉ ခုနှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် (၉၂၅၂၀.၇၂၆) သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅။ ၂၀၁၉ ခုနှစ် မေလနှင့် ဇွန်လအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | မေလ | | ဇွန်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၁ | ၁၉၆၄၆.၅၄၄ | - | - |
| (ခ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၄၀၀၀.၀၀၀ | - | - |
| (ဂ) | စက်မှုကဏ္ဍ | ၉ | ၁၈၅၃၃.၀၅၅ | ၆ | ၁၃၅၀၉.၇၀၂* |
| (ဃ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | - | - | ၁ | ၃၆၉၂၄.၉၉၀ |
| (င) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | - | - | ၅ | ၂၃၃၂၇.၄၅၄ |
| (စ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁ | ၅၄၈၉.၃၇၀ | - | ၅၀၀.၀၀၀* |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၇ | ၉၉၅၂၄.၃၈၆* | ၆ | ၁၈၂၅၈.၅၅၀ |
| | စုစုပေါင်း | ၁၉ | ၁၄၇၁၉၃.၃၅၅ | ၁၈ | ၉၂၅၂၀.၇၂၆ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၆။ ၂၀၁၉ ခုနှစ် မေလနှင့် ဇွန်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | မေလအတွင်း | ဇွန်လအတွင်း |
| (က) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | ၂၅၈ |
| (ခ) | စက်မှုကဏ္ဍ | ၉၂၅၂* | ၁၂၅၉၈* |
| (ဂ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၃၀၀ | - |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၅၀ | - |
| (င) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | ၄ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃၆* | ၂၂၅ |
| | စုစုပေါင်း | ၉၆၃၈ | ၁၃၀၈၅ |

* လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်းအပါအဝင် ဖြစ်ပါသည်။

၇။ ၂၀၁၉ ခုနှစ် မေလနှင့် ဇွန်လအတွင်း မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | မေလအတွင်း | ဇွန်လအတွင်း |
| (က) | စက်မှုကဏ္ဍ | ၁၁၀၄ | ၁၉၉၂ |
| (ခ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | - | ၃၆၆ |
| (ဂ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၃၆ | - |
| (ဃ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁၆၈ | - |
| (င) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၉၇* | - |
| (စ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | - | ၃၈ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၅၈၅* | ၄၇၇ |
| | စုစုပေါင်း | ၁၉၉၀ | ၂၈၇၃ |

* လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်း အပါအဝင်ဖြစ်ပါသည်။

# မြို့နယ်အချို့၌ မြစ်ရေတက်မှုကြောင့် စာသင်ကျောင်းအချို့ ယာယီပိတ်ထားရပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး

## ဇလွန်

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ပကွဲရေလဲ၊ သက္ကယ်ကျွန်း၊ ပကွဲ၊ ကူးတို့ဆိပ်၊ ရေလဲ၊ သာခုချောင်း၊ ညောင်ပင်သာ၊ ထုံးတပိုနှင့် မရိုးခကျေးရွာအုပ်စုတို့တွင် ယမန်နေ့ မွန်းလွဲ ၂ နာရီ ၃၀ မိနစ်ခန့်တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၂လုံး ပြိုလဲခဲ့ပြီး နေအိမ် ၁၆ လုံး အမိုးလန်၍ စုစုပေါင်း လူနေအိမ် ၂၈ လုံးနှင့် သက္ကယ်ကျွန်းကျေးရွာ အ.လ.က ဝါးပတော KG စာသင်ကျောင်းဆောင် တစ်ဆောင် အမိုးလန်မှုများ ဖြစ်ပေါ်ခဲ့သည်။ **(အောက်ပုံ)**

**ဝေယံ-ဇလွန်(ပြန်/ဆက်)**



## ကျောက်တံခါး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် လက်ခံကျေးရွာအုပ်စု ကျောက်စရစ် ကျေးရွာတွင် ယခုရက်ပိုင်းအတွင်း စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ကမ်းနှင့်နီးသောနေအိမ်များ စိုးရိမ်နေရကြောင်း သိရသည်။

"ကျွန်တော်တို့ ကျောက်စရစ်ကျေးရွာမှာ အိမ်ခြေပေါင်း ၈၃ အိမ်ရှိပြီး လူဦးရေ ၅၀၀ ကျော်ရှိပါတယ်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူနည်းပါးပြီး ကြုံရာကျပန်းဖြင့် လုပ်ကိုင်နေထိုင်သူများပါတယ်။ အခုကျွန်တော်တို့ ကျောက်စရစ်ကျေးရွာမှာ မိုးတွင်းကာလရောက်တိုင်း ကမ်းပြိုအန္တရာယ်ကို နှစ်စဉ်တွေ့ကြုံခံစားရပါတယ်။ ယခုနှစ် မိုးတွင်းကာလမှာ အဆိုးရွားဆုံး ကမ်းပြိုကျမှုတွေ ဖြစ်ပေါ်လာတာကြောင့် ကမ်းနဲ့နီးကပ်နေတဲ့ နေအိမ်ငါးလုံးမှာ ပေ ၂၀ လောက်သာ ဝေးကွာတော့တဲ့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေ လာရောက်ကြည့်ရှုပြီး ကမ်းပါးပြိုသည့်အန္တရာယ်မှ ကင်းဝေးနိုင်ဖို့ ကူညီဆောင်ရွက်ပေးစေချင်ပါတယ်"ဟုကျောက်စရစ်ကျေးရွာနေ ဦးသောင်းညွန့်က ပြောသည်။

**ခင်ကို(ကျောက်တံခါး)**

## ညောင်ဦး

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြို့နယ်အတွင်းရှိ အခြေခံပညာ စာသင်ကျောင်းငါးကျောင်း ယာယီပိတ်ထားရကြောင်း ညောင်ဦးမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ထောင်ကြီးကျေးရွာ(အ.မ.က)၊ ဗုဒ္ဓကုန်းကျွန်းကျေးရွာ(အ.မ.က)၊ လက်ထုပ်ကျွန်း ကျေးရွာ(အ.မ.က)၊ အုန်းနဲ့ချောင်းကျေးရွာ(အ.မ.က)နှင့် ရေလယ်ကျွန်းကျေးရွာ (အ.ထ.က)၊ စုစုပေါင်း အခြေခံပညာစာသင်ကျောင်းငါးကျောင်းမှာ ရေဝတီမြစ်ရေဝင်မှုကြောင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံစေရန်အတွက် ယာယီပိတ်ထားရကြောင်း သိရသည်။

အဆိုပါ ယာယီပိတ်ထားသည့် ကျောင်းများကို မြစ်ရေကျဆင်းမှုအပေါ် မူတည်ပြီး ကျောင်းသား ကျောင်းသူများ၏ စာသင်ချိန်သင်ခန်းစာ နောက်မကျစေရေး ကျောင်းပိတ်ရက်များတွင် ပြန်လည်အစားထိုး သင်ကြားပေးသွားရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း ညောင်ဦးမြို့နယ် ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ဌေးထံမှ သိရသည်။

**လှိုင်ဝင်းလေး ( ပုဂံမြေ )**

## ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယနေ့နံနက်ပိုင်းက ဧရာဝတီမြစ်ရေ ထပ်မံတိုးလာမှုကြောင့် မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းလေးကျောင်းနှင့် အလယ်တန်းကျောင်းတစ်ကျောင်း ထပ်မံ၍ ယာယီပိတ်ထားရကြောင်း ပွင့်ဖြူမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ယနေ့နံနက်ပိုင်းက ဧရာဝတီမြစ်ရေထပ်မံတိုးလာမှုကြောင့် ပွင့်ဖြူမြို့နယ် ကျွန်းကလေးကျေးရွာ (အ.မ.က)ကျောင်း၊ ကံလှကျေးရွာ (အ.မ.က)ကျောင်း၊ ငှက်တော်ကုန်းကျေးရွာ (အ.မ.က)ကျောင်း၊ ကျီကုန်းကျေးရွာ(အ.မ.က) ကျောင်းနှင့် ဇီးကျွန်းကျေးရွာ(အ.လ.က)ကျောင်းတို့တွင် မြစ်ရေဝင်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံစေရန်အတွက် ယာယီပိတ်ထားရကြောင်း သိရသည်။ ထို့အပြင် ဇူလိုင် ၂၂ ရက်ကလည်း ဧရာဝတီမြစ်ရေဝင်မှုကြောင့် မြင်းခြံစုကျေးရွာ(အ.မ.က)၊ ထူးကြီးကျေးရွာ (အ.မ.က)နှင့် ဘီးဇပ်ခုံကျေးရွာ (အ.မ.က) ကျောင်းများကိုလည်း ယာယီပိတ်ထားခဲ့ရကြောင်း၊ ယခုလက်ရှိတွင် ယာယီပိတ်ထားရသည့် အခြေခံပညာစာသင်ကျောင်း စုစုပေါင်း ရှစ်ကျောင်းရှိသွားပြီဖြစ်ကြောင်း ဒုတိယမြို့နယ်ပညာရေးမှူး ဦးနွေဝင့်ကျော်ထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ထန်းတပင်

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် တလိုင်မှီကျေးရွာအတွင်းရှိ လူနေအိမ်များ အမိုးလန် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့ပြီး ပျက်စီးမှုများ ပြန်လည်ပြုပြင်နိုင်ရန်နှင့် လေဘေးသင့်မိသားစုဝင်များ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေး အားလုံးပူးပေါင်းဆောင်ရွက်ကြရန်လို

ရန်ကုန် ဇူလိုင် ၂၅

**ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၄၃ မြို့ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအောက်ရှိ ၃၃ မြို့နယ်ကို မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်စေရေးအတွက် ပြည်သူများနှင့် လူမှုရေးဆောင်ရွက်နေကြသော NGO အဖွဲ့အစည်းများဖြင့် စီမံချက်များရေးဆွဲကာ ပူးပေါင်းဆောင်ရွက်ကြရန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီက ညွှန်ကြားထားကြောင်း သိရသည်။**



ရပ်ကွက်ရေမြောင်းတစ်ခုတွင် ရေစီးရေလာကောင်းမွန်ရေး အမှိုက်သရိုက်များ တူးဖော်ရှင်းလင်းနေသည်ကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း မိုးရာသီကာလမြို့နယ်များ၌ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရန် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက မြို့တွင်းမြို့နယ်များတွင် ပြည်သူများအကျိုးရှေးရှု ဆောင်ရွက်လျက်ရှိသော်လည်း ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု လိုအပ်နေသေးကြောင်း သိရသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးစိန်ထွန်း(ခ) ကိုစန်းက "လက်ရှိဝန်ထမ်းဦးရေနဲ့ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေဟာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ဖို့ ခက်နေပါတယ်။ ကျွန်တော်တို့လုပ်ဆောင်နေတဲ့ ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းဟာ စဉ်ဆက်မပြတ် လုပ်နေမှရမယ့် လုပ်ငန်းပေါ့။ လူတွေဘက်က စည်းကမ်းပိုင်းကလည်း အလွန်အရေးကြီးတယ်။ မြောင်းအဖုံးတွေကို အသေဖုံးထားတာလည်း ရှိတယ်။ နောက်ဖေးလမ်းကြား ကျူးတာတွေလည်းရှိတယ်။ မြောင်းအဖုံးတွေပေါ် ဆောက်ထားတဲ့ အဆောက်အဦတွေရယ်၊ ချောင်းမြောင်းတွေထဲ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်တာ အဲ့ဒါတွေ မပြုပြင်သမျှကာလပတ်လုံးက ရေစီးရေလာကောင်းမွန်ဖို့ ခက်နေဦးမှာပါပဲ" ဟုပြောသည်။

၎င်းက ဆက်လက်ပြောကြားရာတွင် "ကျွန်တော်တို့ မရမ်းကုန်းမြို့နယ်မှာ ရပ်ကွက် ၁၀ ရပ်ကွက်ရှိတယ်။ လုပ်ဆောင်နေတဲ့အပေါ်မှာတော့ ပြည်သူတွေလည်း အားရကျေနပ်မှာ မဟုတ်သလို ကျွန်တော်တို့လည်း အားရကျေနပ်မှု မရှိသေးပါဘူး။ စက်ပစ္စည်း၊ ဝန်ထမ်းအင်အား အလုံအလောက်မရှိဘူး။ ရှိတဲ့ ဝန်ထမ်းအင်အားနဲ့ မနည်းအလုပ်ဖြစ်အောင်လုပ်နေရတယ်။ ဌာနဆိုင်ရာတွေကလည်း ကူညီကြပါတယ်။ ကျွန်တော့် စည်ပင်က တာဝန်ယူရတာက ပြည်သူနဲ့ ပတ်သက်နေတဲ့ ကိစ္စအတော်များများက ကျွန်တော်တို့နဲ့ သက်ဆိုင်တယ်။ အခုက ရှေ့မတိုးနိုင်ဘူး။ မှုပြီးသွားနေရတယ်။ ရေစီးရေလာမှာတင် အတော်မျော နေပါတယ်။ လမ်းကျူး၊ ချောင်းကျူး၊ မြောင်းကျူး၊ နောက်ဖေးလမ်းကြားကျူး၊ စည်းကမ်းမဲ့ အမှိုက်ပစ်တာအစုံပါပဲ။ လုပ်ချင်နေတာနဲ့ လုပ်နိုင်တာနဲ့က အတော်အလှမ်းဝေးနေသေးတယ်" ဟု ပြောကြားသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း ရေရှားပါးသောဒေသများတွင် စက်ရေတွင်းများ တူးဖော်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၅**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် နိုင်ငံတစ်ဝန်းရှိ ရေရှားပါးမှုဖြစ်ပေါ်နေသော ဒေသများမှပြည်သူများ သန့်ရှင်းသော



ရေရှားပါးသည့် ဒေသတစ်ခု၌ တူးဖော်အောင်မြင်သည့် စက်ရေတွင်းတစ်တွင်းကို တွေ့ရစဉ်။

သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများကို ဒေသခံပရဟိတအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ပူးပေါင်း၍ တူးဖော်ပေးလျက်ရှိသည်။

ယခုနှစ် မေ၊ ဇွန်နှင့် ဇူလိုင် သုံးလအတွင်း မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကြို့ပင်အင်းကျေးရွာတွင် တစ်နာရီရေဂါလန် ၅၀၀၀ ဖြင့်လည်းကောင်း၊ နေပြည်တော် လယ်ဝေးမြို့ရှိ ချမ်းမြေ့ရိပ်သာကျောင်းတွင် တစ်နာရီရေဂါလန် ၂၂၅၀ နှင့် ၈၀၀ ဖြင့် စက်ရေတွင်းနှစ်တွင်းအားလည်းကောင်း၊ နေပြည်တော် သားဖွားမီးယပ်နှင့်ကလေးဆေးရုံခုတင်(၃၀၀) တွင် တစ်နာရီ ရေဂါလန် ၆၀၀၀ ဖြင့်လည်းကောင်း၊ ပြင်ဦးလွင်မြို့ရှိ အောင်ချမ်းသာဘုန်းတော်ကြီးကျောင်းတွင် တစ်နာရီရေဂါလန် ၃၅၀၀ ဂါလန်ဖြင့်လည်းကောင်း၊ မကွေးမြို့နယ် ဆူးကောက်စမ်းကျေးရွာတွင် တစ်နာရီရေဂါလန် ၅၀၀၀ ဖြင့်လည်းကောင်း၊ ပြင်ဦးလွင်မြို့ရှိ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာတွင် တစ်နာရီရေဂါလန် ၁၂၀၀ ဖြင့်လည်းကောင်း ရေအောင်ခဲ့သည်။

မကွေးမြို့နယ်အတွင်း ရေအောင်ခဲ့သော ကြို့ပင်အင်းကျေးရွာသည် သွားရေးလာရေး အလွန်ခက်ခဲသော ကျေးရွာဖြစ်ပြီး ယခုနှစ်ရေအလွန်ရှားပါးချိန်၌ ကျေးရွာမီးလောင်မှုဖြစ်ရာတွင် မီးငြိမ်းသတ်ရန် ရေမရှိသဖြင့် အိမ်ခြေ ၃၂ လုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။ ယခုအခါ ဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် တစ်နာရီရေဂါလန် ၅၀၀၀ ထွက် စက်ရေတွင်းအောင်မြင်စွာ တူးဖော်နိုင်ခဲ့ပြီဖြစ်သည်။ ထို့အပြင် မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် တောပြားကျေးရွာနှင့် ပြင်ဦးလွင်မြို့ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာတွင် ဒုတိယမြောက်တွင်းတို့ကို ဆက်လက်တူးဖော်ပေးလျက်ရှိသည်။

ဖောင်ဒေးရှင်းသည် ၂၀၁၄ ခုနှစ်မှစ၍ ရေရှားပါးသောဒေသများရှိ ပြည်သူများ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း ၂၁၁ တွင်း တူးဖော်ပေးခြင်း၊ ရေလှောင်ကန်များ ဆောက်လုပ်ပေးခြင်း၊ အိမ်တိုင်ရာရောက် ရေပိုက်များသွယ်တန်းပေးခြင်း၊ ရေသယ်ယာဉ် ၄၇ စီးကို နိုင်ငံတစ်ဝန်းရှိ ပရဟိတအသင်းများအား လှူဒါန်းပေးခဲ့သည့်အပြင် ဖောင်ဒေးရှင်းထူထောင်ချိန်မှစ၍ ကဏ္ဍအသီးသီးတွင် လူမျိုးမရွေး၊ ဘာသာမရွေး နိုင်ငံတော်နှင့် ပြည်သူအတွက် ငွေကျပ် ၁၅၆ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။

**မြန်မာ့အလင်း**

❒ *ကျောဖုံးမှ*

ခေါင်းပွဲဖြစ်သော ၇၄ ကီလိုတန်း၌ လူ့ဘီလူးကြီး တိုခဲရှိ(ဂျပန်)နှင့်ရွှေခါးပတ်ချန်ပီယံ စောဆဝါး (မြန်မာ) တို့ အပြန်အလှန်ထိုးသတ်ခဲ့သော်လည်း တစ်ဖက်နှင့်တစ်ဖက် အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြစ်သွားသည်။

အဆိုပါပွဲတွင် ဂျပန်ရောက် မြန်မာတို့၏ မင်္ဂလာဒိုးအနုပညာအင်အားစုက မြန်မာဆိုင်းဖြင့် လက်ဝှေ့ရေးနှင့် ဗိန်းဗောင်းတီးလုံးများကို တီးခတ်ပေးခဲ့ပြီး ဂျပန်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ် စောလင်းကဆုများ ချီးမြှင့်ပေးခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်(ဂျပန်)နှင့် မြန်မာမာရှယ်အတ်ဂရု(ပ်)တို့သည် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ဂျပန်နိုင်ငံနှင့် အောက်တိုဘာ ၂၀ ရက်တွင် ထိုင်ဝမ်တို့၌ ရိုးရာလက်ဝှေ့ပွဲများ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်စိန်လွင်**

# မြန်မာ ယူ-၁၈ အသင်း၏ ဂျပန်ခြေစမ်းခရီး ပြီးဆုံး

**ရန်ကုန် ဇူလိုင် ၂၅**

၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ သွားရောက်လေ့ကျင့်ခဲ့သည့် မြန်မာ ယူ-၁၈ အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဇူလိုင် ၂၄ ရက် ညနေပိုင်းက ဟန်နန်တက္ကသိုလ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဟန်နန်တက္ကသိုလ်အသင်းသည် မြန်မာအသင်းခြေစမ်းခဲ့သည့် အသင်းများထက် ပိုမိုကောင်းမွန်သောကြောင့် မြန်မာ ယူ-၁၈ အသင်းအနေဖြင့် ခက်ခက်ခဲခဲ ကစားခဲ့ရပြီး ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးပေးလိုက်ရခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ဒဏ်ရာမှ ပြန်ကောင်းလာသည့် ဂိုးသမားပြည့်ဖြိုးသူမှာ ပွဲချိန်ပြည့်ပါဝင်ကစားခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဇူလိုင် ၁၆ ရက်မှစ၍ အိုဆာကာမြို့၌ လေ့ကျင့်ခဲ့ပြီး ဇူလိုင် ၂၅ ရက်တွင် နောက်ဆုံးလေ့ကျင့်မှုပြုလုပ်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဂျပန်ခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဆီရီဇိုအိုဆာကာ ယူ-၁၈ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ကင်ဒိုင်းတက္ကသိုလ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဟန်နန်တက္ကသိုလ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

**ရဲရင့်ရှိန်း**




❋ *ကျောဖုံးမှ*

အပေးအယူခြေစွမ်းပြပြီး လရောင်က ဒုတိယဂိုးသွင်းယူခဲ့သည်။ အချိန်ပို ၉ မိနစ်တွင် တတိယဂိုးကို ကိုကိုနိုင်က ထပ်မံခေါင်းတိုက်သွင်းယူခဲ့သည်။

အခြားပွဲစဉ်များတွင် ရှိုင်ရယ်သန်လျင်က ငွေကြယ်ပွင့်ကို ခြောက်ဂိုး-သုံးဂိုး၊ ချင်းယူနိုက်တက်က မောရဝတီကို သုံးဂိုး-ဂိုးမရှိ၊ တက္ကသိုလ်အသင်းက ကချင်ယူနိုက်တက်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲဆက်လက်ကျင်းပရာ တတိယဆုရရှိသော တက္ကသိုလ်များအသင်းအား တစ်ဦးချင်းကြေးတံဆိပ်ဆုနှင့် ငွေကျပ် ၂၅ သိန်းကို မြဝတီအသင်းအမှုဆောင်အရာရှိချုပ် ဦးမြတ်စိုး Myanmar Sport MD.Mr.Clint မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်တို့ကလည်းကောင်း၊ ဒုတိယဆုရမြဝတီအသင်းအား တစ်ဦးချင်းငွေတံဆိပ်ဆုနှင့် ငွေကျပ်သိန်း ၅၀ ကို အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် တက္ကသိုလ်များ ဘောလုံးဥက္ကဋ္ဌ ဒေါက်တာသောင်းထိုက်၊ MPT မှ Department General Manager ဦးကျော်သက်တို့က လည်းကောင်း၊ ပထမဆုရအားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)အသင်းအား တစ်ဦးချင်းရွှေတံဆိပ်ဆုနှင့် ငွေကျပ်သိန်း ၁၀၀ ကို တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ချင်းယူနိုက်တက်အသင်းပိုင်ရှင် ဒေါ်တင့်တင့်လွင်၊ MPT. Deputy Director of Marketing ဦးခင်မောင်မြင့်တို့ကလည်းကောင်း၊ ချန်ပီယံဆုဖလားအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

"ပြိုင်ပွဲကမိုးရွာတယ်။ ကွင်းမကောင်းဘူး။ နည်းပြပြောတဲ့အတိုင်း ကစားသမားတွေ ကစားကြတယ်။ ကြိုးစားချင်တဲ့စိတ်၊ အနိုင်လိုချင်တဲ့စိတ် အပြည့်အဝရှိလို့နိုင်ခဲ့တာပါ။ တစ်ဦးချင်းစီကောင်းအောင်လည်း ကြိုးစားကြတယ်။ အဓိကမြန်မာ့လက်ရွေးစင်ကို အထောက်အပံ့ပေးဖို့ တစ်ဆင့်ချင်းကစားသမားတွေကို လေ့ကျင့်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ISPE.FC နည်းပြချုပ် ဦးရန်မျိုးအောင်ကပြောသည်။

ပြိုင်ပွဲအပြီး အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) အသင်းက ၁၄ ပွဲကစား ၁၃ ပွဲနိုင်၊ တစ်ပွဲသရေ၊ ရမှတ် ၄၀ ဖြင့် ပထမ၊ မြဝတီအသင်းက ၁၄ ပွဲကစား ၁၂ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ရမှတ် ၃၇ ဖြင့် ဒုတိယရရှိခဲ့ကြပြီး တက္ကသိုလ်အသင်းက ကိုးပွဲနိုင်၊ ငါးပွဲရှုံး၊ ၂၇ မှတ်ဖြင့် တတိယရရှိခဲ့သည်။ ပြိုင်ပွဲကို ၂၀၁၉ ဇန်နဝါရီက ကျင်းပခဲ့ကြောင်းသိရသည်။

**အာကာလင်း**

# မံစီ ၊ မောင်တောနှင့် ကျိုင်းတုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၅

**မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက်က မံစီမြို့နယ် မံသာကျေးရွာအထွက် မံသာ-သံတံတားကျေးရွာလမ်းတွင် ကျော်ခိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၅၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။**

အလားတူ ယင်းနေ့နံနက်က မောင်တောခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် မြို့မကညင်တန်းကျေးရွာအုပ်စု ကညင်တန်းကျေးရွာရှိ မာမောက်အာယုပ်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅ ပြားကို လည်းကောင်း၊ အလားတူ မောင်တောမြို့နယ် ကျောက်လှေကားကျေးရွာ၏ အရှေ့ဘက်ရှိ မင်္ဂလာကြီးချောင်းစပ်အနီးတွင် ပုစွန်ကန်ပေါင်လမ်းအတိုင်း လမ်းလျှောက်လာသူ ဇီရာမန်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့နံနက် ၁၁ နာရီ ၅၅ မိနစ်က လေကြောင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့ရှိ ကျိုင်းတုံလေဆိပ်၌ ကျိုင်းတုံမှ ဟဲဟိုးသို့ မြန်မာ့အမျိုးသားလေကြောင်းလိုင်းဖြင့် လိုက်ပါမည့် ဂျပန်နိုင်ငံသား Mr. Namba Tsukasa ၏ ခရီးဆောင်အိတ်အား X-Ray စက်ဖြတ်သန်းစဉ် မသင်္ကာဖွယ်ပုံရိပ်တွေ့ရှိ၍ စစ်ဆေးရာ Nitrazepam စာတန်းပါ ဆေးပြား ၆၉၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



ကျော်ခိုင် အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ကျောက်တံတားမြို့နယ် ဗဟိုစာတိုက်ကြီး၌ ပြည်ပမှရောက်ရှိလာသော ပါဆယ်ထုပ်အတွင်းမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဗဟိုစာတိုက်ကြီး ပြည်ပစာပို့လုပ်ငန်းဌာနသို့ ပေးပို့သော ပါဆယ်ထုပ်မှ ကျပ်သိန်းတစ်ရာကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ကျောက်တံတားမြို့နယ် ဗဟိုစာတိုက်ကြီး ပြည်ပစာပို့လုပ်ငန်းဌာနသို့ ပေးပို့လိပ်စာ Jay Den, Ring Hof 17, 5214 AD, Tilburg, Netherlands နှင့် လက်ခံလိပ်စာ Aung Thura, Orchid Condo, AhloneYangon, Myanmar ဖြင့် ရောက်ရှိလာသော ပါဆယ်ထုပ်အား ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် လာရောက်ရွေးသူ အမျိုးသားတစ်ဦးက အောင်သူရအမည်ပါ မှတ်ပုံတင်မိတ္တူတစ်ခုပြ၍ လာရောက်ထုတ်ယူစဉ် စာတိုက်တာဝန်ရှိသူက နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကိုသာ ပြသနိုင်မှုအပေါ် မသင်္ကာ၍ ၎င်း၏ရှေ့၌ ပါဆယ်ထုပ်အား ဖွင့်ဖောက်စစ်ဆေးရန် ပြောကြားဆောင်ရွက်စဉ် လာရွေးသူမှာ ပါဆယ်ထုပ်နှင့် မှတ်ပုံတင်မိတ္တူအား ယူဆောင်ခြင်းမပြုတော့ဘဲ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း။

ဗဟိုစာတိုက်ကြီးမှ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ ဆက်သွယ်အကြောင်းကြားခဲ့ပြီး ပူးပေါင်းအဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ပါဆယ်ထုပ်အတွင်းမှ ပလတ်စတစ်အိတ်များဖြင့် စနစ်တကျ ထုပ်ပိုးထားသည့် ကတ်တမင်း ၉၅ ဂရမ်၊ ကိုကင်း ၄၀ ဂရမ်၊ Ecstasy ဆေးပြား ၉၆ ပြား စုစုပေါင်းတန်ဖိုး ကျပ်သိန်းတစ်ရာကျော်အား သိမ်းဆည်းရမိခဲ့သဖြင့် ကျောက်တံတားမြို့မ ရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ပါဆယ်ထုပ်အတွင်းမှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ။

## မြန်မာ့ရုပ်မြင်သံကြား

၂၆-၇-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆ း ၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇ း ၀၀ - Breakfast News
- ၇ း၃၀ - ရာသီတုပ်ကွေးရောဂါ တိုက်ဖျက်ရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး (ခြင်မကိုက်အောင် ကာကွယ်ပါ)
- ၇ း၃၅ - MRTV Travelogue
- ၈ း၃၅ - "သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေး ဆောင်ရွက်ချက်များ " (ပထမပိုင်း)
- ၉ း ၄၅ - Soccer View
- ၁၁း ၃၅ - အလုပ်သမားရေးရာအစီအစဉ်
- ၁၂ း၃၀ - သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး
- ၁၂ း၃၅ - "ရာသီတုပ်ကွေးရောဂါ သိမှတ်ဖွယ်ရာကျန်းမာရေး စကားဝိုင်း " (အပိုင်း- ၂)
- ၁၃ း၁၀ - မြန်မာဇာတ်လမ်းတွဲ "ရင်တွင်းရေးပြဿနာ" (အပိုင်း- ၂)
- ၁၄ း၃၅ - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း- ၃ ) ဒါရိုက်တာ- ကြည်စိုးထွန်း၊ သရုပ်ဆောင်- သန်းသန်းစိုး

**ညပိုင်း**

- ၁၆ း၂၀ - မြို့တော်များရဲ့မြို့ပြ
- ၁၆း၃၅ - Weekly MNL Review
- ၁၇ း၀၅- ကျန်းမာရေးမဂ္ဂဇင်း "သွေးလွန်တုပ်ကွေးရောဂါ အကြောင်း သိကောင်းစရာ"
- ၁၇း၃၀ - Weekly Sport Info
- ၁၇း၅၅ - ငလျင်ဘေးဒဏ် ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင် ကာကွယ်ကြပါစို့ (ရုပ်သံ၊ ဇာတ်လမ်း)
- ၁၈ း၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၀ - ရာသီတုပ်ကွေးရောဂါကို မိမိကစ၍ ကာကွယ်ပါ
- ၂၀း ၃၅ - "သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေး ဆောင်ရွက်ချက်များ " (ဒုတိယပိုင်း)

# ညောင်ပင်သာမြို့၌ ၂၂ ဘီးယာဉ်တိုက်မိသဖြင့် တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**ဖြူး ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာမြို့တွင် ယနေ့ ညနေ ၄ နာရီခန့်က ဆိုင်ကယ်ကိုရှောင်တိမ်းသည့် ၂၂ ဘီး ယာဉ်တစ်စီးက အရှိန်လွန်၍ ဝင်ရောက်တိုက်မိသဖြင့် တစ်ဦးသေ၊ နှစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၁၂၀/၇ နှင့် ၁၂၁/၀ အကြား ကျောက်တံခါးမြို့နယ် ခင်တိုကျေးရွာနေသူ ဝင်းမျိုးနိုင် (၃၂ နှစ်) မောင်းနှင်လာသည့် MDY-6G/---- စကာနီးယာဉ်က လမ်းကြားမှထွက်လာသည့် ဆိုင်ကယ်ကို ရှောင်တိမ်းစဉ် အရှိန်လွန်ကာ စက်သုံးဆီဆိုင်တွင် ဆီထည့်နေသည့် ဆိုင်ကယ်တစ်စီး၊ ညောင်ပင်သာမြို့နေသူ ဦးကျော်စွာလင်း (၄၅ နှစ်)၊ မော်ယောကြီး ဆင်စခန်းနေသူများဖြစ်ကြသည့် ရဲမိုးဇက်(၁၇ နှစ်)နှင့် ဒေါ်နော်ဖောမူ (၆၅ နှစ်)တို့သုံးဦးကို ဝင်ရောက်တိုက်မိပြီး ဓာတ်တိုင်နှင့်သစ်ပင်တို့အား ဆက်လက်တိုက်မိကာ ရပ်တန့်သွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဦးကျော်စွာလင်းနှင့် ရဲမိုးဇက်တို့တွင် (စိုးရိမ်ရ) ဒဏ်ရာများရရှိကာ ဒေါ်နော်ဖောမူမှာ ဆေးရုံသို့တင်ပို့စဉ် လမ်းတွင်သေဆုံးသွားသဖြင့် ယာဉ်မောင်း ဝင်းမျိုးနိုင်ကို ညောင်ပင်သာနယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းလွင်**



# ဘိုကလေးမြို့နယ်ရှိ ချောင်းအတွင်း လူသေအလောင်းတစ်လောင်း တွေ့ရှိ

**ဘိုကလေး ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ထော်ပိုင်ကျေးရွာအုပ်စု ထော်ပိုင် (ရွှေပြည်အေး)ကျေးရွာချောင်းအတွင်း၌ ယနေ့နံနက် ၇ နာရီက အမျိုးသားအလောင်းတစ်လောင်း တွေ့ရှိခဲ့သည်။

သက်ဆိုင်ရာမှ စုံစမ်းရာတွင် သေဆုံးသူမှာ မြောင်းမြမြို့နေ ပိုင်ရှင် ဦးတင်မျိုးဦး၏ သုခဇော် ရေယာဉ် သင်္ဘောသား ဦးသောင်းထွဋ်(၃၅ နှစ်) ဖြစ်ကြောင်း၊ ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီခွဲတွင် ထော်ပိုင်ကျေးရွာအနီး ရေယာဉ်ရပ်နားပြီး စောင့်ဆိုင်းနေချိန် ရေထဲ ကြိုးချည်ဆင်းရာ ပြန်တက်မလာခဲ့ကြောင်း၊ ရေယာဉ်နှင့်အတူ သင်္ဘောပိုင်ရှင် ဦးတင်မျိုးဦးအား စက်ဆန်းနယ်မြေရဲစခန်းက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

# ရေနံချောင်းမြို့နယ်၌ စက်လှေတိမ်းမှောက်သည့် ဖြစ်စဉ်မှ အလောင်း ၁၄ လောင်းထပ်မံတွေ့ရှိ

**ရေနံချောင်း ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ဇူလိုင် ၂၃ ရက် ညနေပိုင်းက ဧရာဝတီမြစ်အတွင်း စက်လှေတိမ်းမှောက်မှုဖြစ်စဉ်မှ ပျောက်ဆုံးနေသူများအနက် ယနေ့တွင် အမျိုးသား ၁၄ ဦးကို သေဆုံးလျက် ထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။



ပျောက်ဆုံးနေသူများကို မကွေးခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ ဝေဠုကျော်ဖောင်ဒေးရှင်းအဖွဲ့၊ ဒေသခံများ ပူးပေါင်းရှာဖွေခဲ့ရာ ယနေ့ညနေ ၆ နာရီအထိ ညောင်လှဆိပ်ကမ်း၊ ဆားတိုင်နှင့် သစ်တပွေရပ်ကွက် ဂိုလ်ပက်ထရိဆိပ်ကမ်းအနီး ကိုင်းတောအတွင်းမှ အမျိုးသားအလောင်း ၁၄ လောင်းကို ထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ အဆိုပါ စက်လှေတိမ်းမှောက်မှုဖြစ်စဉ်မှ ပျောက်ဆုံးနေသူများအနက် စုစုပေါင်းအလောင်း ၂၄ လောင်းနှင့် အသက်ရှင်လျက် နှစ်ဦးတို့ကို ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း သိရသည်။

**စိုးသူအောင်(ပြန်/ဆက်)**

# ခနုဖြူတွင် နေအိမ်တစ်လုံး မီးလောင်မှုဖြစ်

**ခနုဖြူ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ် တင်းကုတ်စုကျေးရွာ၌ ယမန်နေ့ ည ၁၁ နာရီခွဲခန့်က နေအိမ်တစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

ခနုဖြူမြို့နယ် တင်းကုတ်စုကျေးရွာနေ ဇော်မင်းလွင် ဈေးရောင်းသူ၏ နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် ကာထားသည့်ထရံသို့ မီးကူးစက်လောင်ကျွမ်းရာ နေအိမ်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့သည်။ အဆိုပါမီးလောင်မှုဖြစ်ရာသို့ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးနောင်နောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ ညသန်းခေါင်ကျော်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဇော်မင်းလွင်ကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်သူဟိဏ်း(ခနုဖြူ)**

# လှိုင်သာယာမြို့နယ်၌ အထောက်အထားမဲ့ ခိုးဝင်လာသူ ခုနစ်ဦး ဖမ်းဆီးရမိ

**လှိုင်သာယာ ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာတွင် ယမန်နေ့ မွန်းလွဲပိုင်းက အထောက်အထားမဲ့ ခိုးဝင်လာသူ ခုနစ်ဦး ဖမ်းဆီးရမိသဖြင့် အရေးယူထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာနမှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁ နာရီခန့်က ကံလှကျေးရွာ ရွှေရင်အေးကျောင်းလမ်းရှိ အောင်ထွန်း (၂၆ နှစ်)၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့သည်။ အဆိုပါနေအိမ်တွင် ရခိုင်ပြည်နယ် စစ်တွေကယ်ဆယ်ရေးစခန်းများမှ ဟာရွတ် (ခ) အီစွပ် (ခ) ကျော်နိုင် (၃၁ နှစ်)၊ ခင်မောင် (ခ) မာမတ် ရော်ဖိတ် (၁၈ နှစ်)၊ ချေမောနူရ် (၁၇ နှစ်)၊ အဒူရော်ကိန် (ခ) ချစ်မောင်စိုး (၁၉ နှစ်)၊ ခင်မောင်လှ (ခ) မာမတ်အီဆမိုင် (၁၈ နှစ်)၊ မသော်စမိန်သာရာ (၁၇ နှစ်)၊ မအာနူရ်ဝါရ် ဘေဂေါင် (၁၈ နှစ်)၊ အမျိုးသားငါးဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ခုနစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မြို့နယ်( ပြန် /ဆက်)**

# လေယာဉ်မတော်တဆမှုကြောင့် ဘိုးအင်းကုမ္ပဏီ၏ ဝင်ငွေဆုံးရှုံးမှု အမေရိကန်ဒေါ်လာ သုံးဘီလီယံခန့်ရှိ



ဘိုးအင်းလေယာဉ်တစ်စင်းကို တွေ့ရစဉ်။

**ဆန်ဖရန်စစ္စကို ဇူလိုင် ၂၅**

အမေရိကန်ရှိ ထိပ်တန်းလေယာဉ် ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဘိုးအင်းကုမ္ပဏီသည် ၂၀၁၉ခုနှစ်၏ ဒုတိယလေးလပတ်အတွင်း အမေရိကန်ဒေါ်လာ သုံးဘီလီယံခန့် ဝင်ငွေဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း ဇူလိုင် ၂၄ ရက်တွင် ဖော်ပြခဲ့သည်။

ဘိုးအင်း ၇၃၇ မက်စ်လေယာဉ်များ မတော်တဆပျက်ကျမှုဖြစ်ပွားပြီးနောက် ကမ္ဘာတစ်ဝန်းရှိ အဆိုပါလေယာဉ်များအား ပျံသန်းပြေးဆွဲမှု ရပ်နားထားခဲ့ရသည့် နောက်ဆက်တွဲ ရလဒ်တစ်ခုအနေဖြင့် ထိုသို့ ဝင်ငွေနစ်နာဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီ၏ သုံးလတစ်ကြိမ် ဘဏ္ဍာငွေရရှိမှုမှာ ပြီးခဲ့သည့်နှစ်အလားတူအချိန်ကရရှိခဲ့သည့် ၂၄ ဘီလီယံရရှိမှုနှင့် နှိုင်းယှဉ်လျှင် ၃၅ ရာခိုင်နှုန်းအထိ ထိုးကျသွားခဲ့ကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။ ဘိုးအင်း၏ ရောင်းအားအကောင်းဆုံးဖြစ်သည့် ၇၃၇ မက်စ်လေယာဉ်သည် အင်ဒိုနီးရှားနှင့် အီသီယိုပီးယားနိုင်ငံတို့တွင် မတော်တဆပျက်ကျမှုဖြစ်ပွားကာ လူပေါင်း ၃၄၆ ဦး သေဆုံးခဲ့ရပြီးနောက်ပိုင်း ယခုနှစ် မတ်လလယ်လောက်မှစတင်ကာ ကမ္ဘာတစ်ဝန်း ပျံသန်းပြေးဆွဲနေမှုများကို ရပ်နားထားခဲ့ရပြီး ဘိုးအင်းလေယာဉ်အမှာစာများလည်း လျော့ကျသွားခဲ့သည်။

ဘိုးအင်းကုမ္ပဏီသည် ယခုနှစ်၏ ဒုတိယလေးလပတ်အတွင်း စီးပွားရေးလုပ်ငန်းသုံး လေယာဉ်အစင်း ၉၀ကို ပို့ဆောင်မှုရှိခဲ့ပြီး ယင်းပမာဏသည် ၂၀၁၈ ခုနှစ် အလားတူကာလက ပို့ဆောင်ခဲ့သည့် လေယာဉ်အစင်းပေါင်း ၁၉၄ စင်းနှင့် နှိုင်းယှဉ်လျှင် ၅၄ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ခြင်းဖြစ်ပြီး ယခုနှစ်၏ ဒုတိယလေးလပတ်အတွင်း ဘိုးအင်း ၇၃၇ မက်စ်လေယာဉ်တစ်စင်းမျှ ပေးပို့ရခြင်းမရှိခဲ့ပေ။

**ဆင်ဟွာ**

## ဆမ်ဆောင်းမှ ခေါက်ချိုးနိုင်သည့် စမတ်ဖုန်း စက်တင်ဘာလအတွင်း ဈေးကွက်သွင်းမည်

**ဆိုးလ် ဇူလိုင် ၂၅**

တောင်ကိုရီးယား အီလက်ထရောနစ် ကုမ္ပဏီကြီးဖြစ်သည့် ဆမ်ဆောင်းသည် နောက်ဆုံးပေါ် ခေါက်ချိုးနိုင်သည့် စမတ်ဖုန်းကို စက်တင်ဘာလအတွင်း ဈေးကွက်အတွင်းသွင်းမည်ဟု ဇူလိုင် ၂ ရက်နေ့က ကြေညာခဲ့သည်။

တောင်ကိုရီးယားနှင့် ဂျပန်တို့ ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုများဖြစ်ပေါ်နေသည့်အတွက်ကြောင့် စမတ်ဖုန်းဈေးကွက်တွင် ထိခိုက်မှုများရှိလာမည်ဟု သုတေသီများက ခန့်မှန်းထားသော်လည်း ယခုလို ကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားမှ ကမ္ဘာ့ရှေ့တန်းပြေးနေသည့် အီလက်ထရောနစ်နှင့် စမတ်ဖုန်းကုမ္ပဏီများအတွက် အရေးပါသည့် ပစ္စည်းအချို့ကို ယခုလ အစောပိုင်းတွင် ဂျပန်နိုင်ငံဘက်မှ ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။

တောင်ကိုရီးယားတရားရုံးက စစ်အတွင်း တောင်ကိုရီးယားနိုင်ငံသားများအား အတင်းခိုင်းစေခဲ့သည့် ဂျပန်ကုမ္ပဏီများကို လျော်ကြေးပေးရန် အမိန့်ချမှတ်ပြီးနောက်ပိုင်း ယခုလိုတင်းကျပ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ၏ လုပ်ရပ်ကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ နည်းပညာထောက်ပံ့ပေးမှုအပေါ် အကျိုးသက်ရောက်မှုများရှိလာမည်ကို အပြည်ပြည်ဆိုင်ရာမှ စိုးရိမ်လျက်ရှိသည်။ ဆမ်ဆောင်းကုမ္ပဏီသည် ဧပြီလအတွင်းက ခေါက်နိုင်သည့် ဖုန်းများ ဈေးကွက်တင်သွင်းရန် စီစဉ်ခဲ့သော်လည်း ဖုန်း မျက်နှာပြင်ပိုင်းဆိုင်ရာ ပြဿနာအချို့ရှိသည်ဟု သုံးသပ်သူများက ပြောခဲ့သည့်အတွက် ထုတ်လုပ်မည့်နေ့ကို ရွှေ့ဆိုင်းခဲ့ရသည်။

**အေအက်ဖ်ပီ**


ဆမ်ဆောင်း၏ နောက်ဆုံးပေါ် ခေါက်နိုင်ချိုးနိုင်သည့် ဖုန်းမိတ်ဆက်စဉ်။

## ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူး၌ အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် အစိုးရအရာရှိ ခြောက်ဦးထက်မနည်း သေဆုံး

**မိုဂါဒစ်ရှူး ဇူလိုင် ၂၅**

ဆိုမာလီနိုင်ငံတွင် ဇူလိုင် ၂၄ ရက်က မြူနီစီပယ်အစိုးရ ဌာနချုပ်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် မိုဂါဒစ်ရှူး မြို့တော်ဝန်အပါအဝင် လူအချို့ဒဏ်ရာရရှိခဲ့ပြီး ဆိုမာလီအစိုးရအရာရှိ ခြောက်ဦး ထက်မနည်း သေဆုံးခဲ့ရသည်ဟု ရဲများက ပြောသည်။

မိုဂါဒစ်ရှူး မြို့တော်ဝန်ကို ပေါက်ကွဲ မှု ဖြစ်ပွားပြီးနောက် ဆေးရုံသို့ အလျင်အမြန်ပို့ဆောင်ပေးခဲ့ရကြောင်း ခရိုင်မင်းကြီးနှင့် အရာရှိတစ်ဦးမှာ ပေါက်ကွဲမှုကြောင့် သေဆုံးသွားကြောင်း ရဲအရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောသည်။ ဖောက်ခွဲရေးပစ္စည်းများမှာ အဆောက်အအုံအတွင်းရှိနေခဲ့သည်လား သို့မဟုတ် အသေခံဗုံးခွဲသမားက ယူဆောင်လာခဲ့သည်လား မသဲကွဲကြောင်း၊ အရာရှိ ခြောက်ဦးမှာ သေဆုံးခဲ့ပြီး မြို့တော်ဝန်ကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

မြို့တော်ဝန် အစည်းအဝေးခန်းရှိ အရာရှိ ခြောက်ဦး သေဆုံးခဲ့ကြကြောင်း၊ အသေခံဗုံးခွဲသမားမှာ ၎င်း၏ခါးတွင် ချိတ်ထားသည့် ဗုံးကို ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောသည်။ သေဆုံးသူများထဲတွင် မိုဂါဒစ်ရှူး မြို့တော်ဝန်၏ ယခင် ပြောရေးဆိုခွင့်ရှိသူအဖြစ် လုပ်ဆောင်ခဲ့သူလည်း ပါသွားကြောင်း သတင်းအရင်းအမြစ်က ပြောသည်။ သို့သော် အစိုးရဘက်မှမူ တရားဝင်ကြေညာချက် မထုတ်ပြန်သေးပေ။ လုံခြုံရေးဆိုင်ရာ အစည်းအဝေး ကျင်းပနေစဉ် အသေခံဗုံးဖောက်ခွဲခံရခြင်းဖြစ်ကြောင်း အဆိုပါသတင်း အရင်းအမြစ်ကပြောသည်။

**ဆင်ဟွာ**

## လက်နက်ရောင်းချမှုကို ပိတ်ပင်သည့် ကွန်ဂရက်လွှတ်တော်၏ ဆုံးဖြတ်ချက်ကို သမ္မတထရမ့် ဗီတိုအာဏာဖြင့် ပယ်ချ

**ဝါရှင်တန် ဇူလိုင် ၂၅**

ဆော်ဒီနှင့် အာရပ်စော်ဘွားများပြည်ထောင်စုသို့ လက်နက်ရောင်းချရန် သမ္မတထရမ့်၏ ကြိုးပမ်းမှုကို ပိတ်ပင်သည့် ကွန်ဂရက်လွှတ်တော်၏ ဆုံးဖြတ်ချက်ကို ထရမ့်က ဗီတိုအာဏာဖြင့် ပယ်ချလိုက်ကြောင်း သိရသည်။

အိမ်ဖြူတော်က ထုတ်ပြန်သည့် ဖော်ပြချက်၌ ကွန်ဂရက်လွှတ်တော်က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်သုံးရပ်သည် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှုကို အားနည်းစေပြီး မဟာမိတ်များ၊ မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးပျက်ပြားစေနိုင်ကြောင်း ဖော်ပြခဲ့ကာ ကွန်ဂရက်၏ ဆုံးဖြတ်ချက်များကို သမ္မတထရမ့်က ဇူလိုင် ၂၄ ရက် ညနေပိုင်းတွင် ဗီတိုအာဏာဖြင့် ပယ်ချလိုက်ကြောင်း ဖော်ပြထားသည်။



အိမ်ဖြူတော်တွင် ဇူလိုင် ၂၄ ရက်က သမ္မတထရမ့်နှင့် သတင်းထောက်များ တွေ့ဆုံကြစဉ်။

အမေရိကန် သမ္မတဒေါ်နယ်ထရမ့်အနေဖြင့် ဗီတိုအာဏာကိုအသုံးပြုခြင်းသည် သုံးကြိမ်မြောက်ရှိလာခဲ့ပြီဖြစ်သည်။ ထရမ့်၏ ဗီတိုအာဏာကို လွှမ်းမိုးနိုင်ရေးအတွက် မည်သည့်လွှတ်တော်ကမှ လိုအပ်သည့် ဆန္ဒမဲရရှိရန် မဖြစ်နိုင်တော့ကြောင်း သိရသည်။ ယီမင်နိုင်ငံ၌ ဖြစ်ပွားနေသည့် ပဋိပက္ခတွင် ဆော်ဒီပါဝင်ပတ်သက်နေမှုနှင့် ဆော်ဒီသတင်းသမား ခါရှော့ဂီအသတ်ခံရမှုတို့တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများရှိခဲ့သည်ဆိုသော အကြောင်းပြချက်ဖြင့် ကွန်ဂရက်လွှတ်တော်က ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံများသို့ လက်နက်ရောင်းချမှုကို ပိတ်ပင်တားဆီးရန် လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန်၏ ဒေသတွင်းမိတ်ဖက်နိုင်ငံများသို့ အီရန်၏ ခြိမ်းခြောက်မှုကို တားဆီးရန် အမေရိကန်ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံ တန်ဖိုးရှိသည့် လက်နက်များ ရောင်းချရန်အတွက် လက်နက်တင်ပို့မှုထိန်းချုပ်ရေး ဥပဒေကို အရေးပေါ်အခြေအနေ ပြဋ္ဌာန်းမှုတစ်ရပ် ပြင်ဆင်ဖြည့်စွက်သွားမည်ဖြစ်ကြောင်း မေလအတွင်းက ကြေညာခဲ့သည်။

**ဆင်ဟွာ**

## မြောက်ကိုရီးယားက ပင်လယ်ထဲသို့ တာတိုပစ်ဒုံးကျည် ပစ်ခတ်

**ပြုံယမ်း ဇူလိုင် ၂၅**

မြောက်ကိုရီးယားသည် ဇူလိုင် ၂၅ ရက်က ပင်လယ်ထဲသို့ တာတိုပစ်ဒုံးကျည် နှစ်ခု ပစ်ခတ်ခဲ့ရာ အမေရိကန်နှင့် ဆွေးနွေးနေသည့် နျူကလီးယား ဆွေးနွေးပွဲပြန်လည်စတင်ရန် ရှုပ်ထွေးမှုများ ဖြစ်ပေါ် လာနိုင်သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့ ပူးတွဲစစ်ရေးလေ့ကျင့်ရန် စီစဉ်မှုကို အမျက်ထွက်ကြောင်း ပြသသည့်သဘောလည်းဖြစ်သည်။ လွန်ခဲ့သည့်လအတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ကြား တွေ့ဆုံမှုပြုလုပ်ခဲ့ပြီးနောက် ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ်အဖြစ် ဒုံးကျည်စမ်းသပ်ပစ်ခတ်ခြင်းဖြစ်သည်။

လွန်ခဲ့သည့် လအတွင်းပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲအရ နျူကလီးယားကင်းစင်ရေး အလုပ်သဘော ဆွေးနွေးရန် သဘောတူခဲ့ကြသည်။ တောင်ကိုရီးယား၏ ပူးတွဲစစ်ရေး လေ့ကျင့်မှု အကြီးအကဲက မြောက်ကိုရီးယားဘက်မှ ပစ်ခတ်သည့် ဒုံးကျည်နှစ်ခုမှာ အရှေ့ပိုင်းကမ်းရိုးတန်း ဝန်ဆန်သို့ ကျရောက်ခဲ့ကြောင်း ပြောသည်။

ပထမဆုံး ဒုံးကျည်မှာ ၄၃၀ ကီလိုမီတာအထိ ရောက်ရှိပြီး ဒုတိယမြောက်ဒုံးကျည်မှာ ၆၉၀ ကီလိုမီတာအထိ ရောက်ရှိကြောင်း ဒုံးကျည်ပုံစံသစ်ဖြစ်နိုင်ကြောင်း တောင်ကိုရီးယား အရာရှိများက ပြောသည်။


အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်း။

စစ်ရေးအရ တင်းမာမှုများ ဖြေလျှော့ရန် အကူအညီမဖြစ်နိုင်သည့် လှုပ်ရှားမှုများကို မပြုလုပ်ရန် တိုက်တွန်းကြောင်း တောင်ကိုရီးယားကာကွယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ချိုက်ဟန်ဆိုးက ပြောသည်။

မြောက်ကိုရီးယားသည် မေလအတွင်းကလည်း တာတိုဒုံးကျည် ပစ်ခတ်မှုပြုလုပ်ခဲ့ပြီး ထိုစဉ်က သမ္မတထရမ့်သည် ၎င်းနှင့် ခေါင်းဆောင်ကင်တို့ကြား ဆက်ဆံရေးကို ထိခိုက်မည်မဟုတ်ဟု ပြောခဲ့သည်။ အမေရိကန်နှင့် မြောက်ကိုရီးယားခေါင်းဆောင် နှစ်ဦးတို့သည် ဇွန် ၃၀ ရက်က စစ်မဲ့ဇုန်တွင် ကြိုတင်စီစဉ်ထားခြင်းမရှိဘဲ တွေ့ဆုံခဲ့ကြသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဘရာဇီးနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၁၃ ဦး သေဆုံး

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၂၅**

ဘရားဇီးနိုင်ငံ ပါနမ်ဘူကို ပြည်နယ် ရီဆီဖီဒေသတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရွံ့ညွန်ပြိုကျမှုကြောင့်လူပေါင်း ၁၃ ဦး သေဆုံးခဲ့ရသည်ဟု ဇူလိုင် ၂၄ ရက်တွင် ဒေသခံအာဏာပိုင်များကပြောသည်။

ရီဆီဖီ ဒေသတွင်ငါးဦး၊ အိုလင်ဒါမြို့တွင် သုံးဦးနှင့် အက်ဘရီယူးအီးလီမာတွင် ငါးဦး သေဆုံးခဲ့သည်ဟု ပါနမ်ဘူကို မီးသတ်ဌာနက အတည်ပြုပြောကြားခဲ့သည်။ သေဆုံးသွားသူများထဲတွင် အသက် ၁၅ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် ၂၀ နှစ် အရွယ် အမျိုးသမီးတစ်ဦးတို့ ပါဝင်သည်။ ဇူလိုင် ၂၃ ရက်မှ စတင်ကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းဖြစ်ပြီး မြို့အချို့တွင် ရေကြီးခြင်း၊ သစ်ပင်များလဲပြိုခြင်း ရွံ့ညွှန်များစီးဆင်းမှုများ ဖြစ်ပေါ်ခဲ့သည်။

ဂျာဘိုတာအို ဒို့စ် ဂူရာရာပီမြို့တွင် မြေပြိုမှု အကြီးအကျယ်ဖြစ်ပေါ်ခဲ့သော်လည်း အပျက်အစီးများမရှိခဲ့ပေ။ ဒေသခံအာဏာပိုင်များက ကျောင်းများကို ပိတ်ထားခဲ့ရသည်။ လာမည့် ရက်အနည်းငယ်အထိ မိုးဆက်လက်ရွာသွန်းဖွယ်ရှိသည်ဟု မိုးလေဝသဌာနကပြောသည်။

**ဆင်ဟွာ**

### အမေရိကန် -တရုတ် ဝန်ကြီးအဆင့် ကုန်သွယ်ရေးဆွေးနွေးပွဲ ပြန်လည်စတင်မည်

**ဝါရှင်တန် ဇူလိုင် ၂၅**

အမေရိကန်အစိုးရသည် တရုတ်နိုင်ငံနှင့် ဝန်ကြီးအဆင့် ကုန်သွယ်ရေးဆွေးနွေးမှုကို ရှန်ဟိုင်းမြို့၌ ဇူလိုင် ၃၀ ရက်တွင် ပြန်လည်စတင်မည်ဟု ကြေညာခဲ့သည်။

နှစ်ရက်အကြာ အစည်းအဝေးတွင် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်တင်ဇာနှင့် ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန်နျူချင်တို့သည် အမေရိကန် ကိုယ်စားပြုဆွေးနွေးသွားကြမည်ဖြစ်သည်။ တရုတ်နိုင်ငံဘက်မှမူ ဒုတိယ ဝန်ကြီးချုပ် လျူဟီက ဦးဆောင်သွားမည်ဖြစ်သည်။

နှစ်နိုင်ငံကြား ကွာဟချက်များမှာ ကျယ်ပြန့်နေဆဲပင်ဖြစ်သည်။ အမေရိကန်ဘက်မှ စိုက်ပျိုးရေးထွက်ကုန်များကို တရုတ်နိုင်ငံဘက်မှ ပိုမိုဝယ်ယူရန် အမေရိကန်က တိုက်တွန်းလျက်ရှိသည်။ ထို့ပြင် အသိဉာဏ်ပိုင်း ပစ္စည်းဆိုင်ရာကာကွယ်မှုများကိုလည်း ဆက်လက်ဆွေးနွေးသွားလိုသည်။ တရုတ်နိုင်ငံဘက်ကမူ တစ်ဖက်တည်းကသာ အလျှော့ပေးရခြင်းကို ရှောင်ရှားသွားရန်စီစဉ်ထားပြီး ကုန်သွယ်ရေးဆွေးနွေးမှုမှာ အချိန်ကြာမြင့်ဦးမည်ဟု ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# ဗြိတိန်ဝန်ကြီးချုပ်သစ်နဲ့ ပြည်တွင်း ပြည်ပ ပြဿနာများ

**ဖြိုးစန္ဒီနွေး**

**ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဟောင်းလည်းဖြစ်၊ လန်ဒန်မြို့တော်ဝန်ဟောင်းလည်းဖြစ်တဲ့ ဘောရစ်ဂျွန်ဆင်ဟာ အခုဆိုရင်တော့ ဗြိတိန်နိုင်ငံရဲ့ဝန်ကြီးချုပ်သစ်တစ်ယောက်ဖြစ်လာခဲ့ပါပြီ။ ဂျွန်ဆင်ဟာ မဲအရေအတွက် ၉၂၁၅၃ မဲ ရရှိခဲ့ပြီးတော့ သူရဲ့ပြိုင်ဘက်ဖြစ်တဲ့ ဂျရယ်မီဟန့်ကတော့ ၄၆၆၅၆ မဲသာ ရရှိခဲ့ပါတယ်။**




ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကို ဒေါင်းနင်းလမ်း အိမ်အမှတ် ၁၀ ရှေ့တွင် တွေ့ရစဉ်။

**စိတ်ဝင်စားမှု အများဆုံးအကြောင်းအရာ**

ဝန်ကြီးချုပ်အသစ်တစ်ဦးအနေနဲ့ တိုင်းပြည်အတွက် လုပ်နိုင်တာအားလုံးကို လုပ်ကိုင်ပေးသွားမယ်။ နောက်ပြီး အခုအချိန်ဟာ ဘရီးဇစ်အရေးဆောင်ရွက်ရမယ့်အချိန်ပဲလို့ သူအနိုင်ရရှိပြီဆိုတာကိုသိတာနဲ့ ပရိသတ်ကို ပြောကြားသွားခဲ့ပါတယ်။ ပါလီမန်အပြင်ဘက်မှာတော့ ဥရောပသမဂ္ဂကနေ နုတ်ထွက်ဖို့ထောက်ခံသူတွေနဲ့ ဥရောပသမဂ္ဂအဖွဲ့ကြီးကို လိုလားသူတွေ စုဝေးနေခဲ့ကြပြီး အလံတွေ ဝှေ့ယမ်းပြီး ကြွေးကြော်ခဲ့ကြပါတယ်။

အချိန်ကာလကြာမြင့်လာပေမယ့် ဥရောပသမဂ္ဂကနေ ဗြိတိန် နုတ်ထွက်မယ့်အရေးဟာ ဗြိတိန်တစ်လွှားမှာ လူစိတ်ဝင်စားမှုအများဆုံးအကြောင်းအရာ ဖြစ်နေတုန်းပါပဲ။ ဂျွန်ဆင်ဟာ ပါတီအဖွဲ့ဝင်ပေါင်း ၁၆၀၀၀၀ ရဲ့ သဘောကျနှစ်ခြိုက်မှု အခံရဆုံးသူလည်းဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဂျွန်ဆင်အာဏာရလာခြင်းနဲ့အတူ သူ့ကိုမနှစ်မြို့နိုင်တဲ့လူတွေ ရာထူးကနေနုတ်ထွက်သွားတာမျိုးလည်း ဖြစ်လာနိုင်ပါတယ်။

**ဒေါသကို နှိုးဆွပေးသလို**

ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ဖိလစ်ဟာမွန်ဟာ ဘောရစ်ဂျွန်ဆင်သာ ဝန်ကြီးချုပ်ဖြစ်ရင် ရာထူးကနေ နုတ်ထွက်မယ်လို့ တရားဝင်ကြေညာခဲ့သူလည်းဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ သူဟာ စာချုပ်မပါဘဲ ဥရောပသမဂ္ဂကနေ နုတ်ထွက်မယ့်အရေးကို သဘောမတူနိုင်လို့ပါပဲ။ ဘောရစ်ဂျွန်ဆင်ကတော့ စာချုပ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အောက်တိုဘာ ၃၁ ရက်ကျရင်တော့ ဥရောပသမဂ္ဂကနေ ဗြိတိန်ကိုရအောင် နုတ်ထွက်မယ်လို့ ကတိပြုထားပါတယ်။ ဒီလိုစာချုပ်မပါဘဲ နုတ်ထွက်မယ်လို့ ပြောလိုက်တာဟာဆိုရင် ကွန်ဆာဗေးတစ်ပါတီက ဥရောပသမဂ္ဂကို လိုလားတဲ့ အမတ်တွေရဲ့ဒေါသကို နှိုးဆွပေးလိုက်သလိုပါပဲ။

ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ထရီဆာမေကတော့ မစ္စတာဂျွန်ဆင်ကို တွစ်တာကနေတစ်ဆင့် ဂုဏ်ပြုစကားပြောခဲ့ပါတယ်။ အခုဆိုရင် ဘရီးဇစ်အတွက် အတူအလုပ်လုပ်လို့ရသွားပြီ။ ဂျရယ်မီကော်ဘိုင်ကိုလည်း အစိုးရအဖွဲ့ရဲ့ ဝေးဝေးမှာထားသွားဖို့လည်း ပြောခဲ့ပါတယ်။ နောက်ပြီးတော့ ထရီဆာမေဟာ ဂျွန်ဆင်ကိုအပြည့်အဝထောက်ခံသွားမယ်လို့လည်း ပြောခဲ့ပါတယ်။ လေဘာပါတီခေါင်းဆောင် ဂျရယ်မီကော်ဘိုင်ကတော့ ဘောရစ်ဂျွန်ဆင်ဟာ ကွန်ဆာဗေးတစ်ပါတီအတွင်းမှာ ထောက်ခံသူ ၁၀၀၀၀၀ ခန့် လျော့နည်းပြီးတော့မှ အနိုင်ရလာသူပါလို့ ပြောကြားခဲ့ပါတယ်။

**အန္တရာယ်တွေ ရှိလာနိုင်**

နောက်ပြီး ဂျွန်ဆင်ရဲ့ စာချုပ်မရှိဘဲ ဥရောပသမဂ္ဂကနေ နုတ်ထွက်မယ့် အစီအစဉ်ကြောင့် အလုပ်နေရာ လျှော့ချမှုတွေ၊ ဈေးကြီးမြင့်လာမှုတွေ၊ ဗြိတိန်ရဲ့ အမျိုးသားကျန်းမာရေးဝန်ဆောင်မှုမှာ အန္တရာယ်တွေရှိလာနိုင်တယ်ဆိုပြီး ပြောခဲ့ပါတယ်။ နောက်ပြီးဘယ်သူက ဝန်ကြီးချုပ်ဖြစ်လာမှာလဲဆိုတာကို အထွေထွေရွေးကောက်ပွဲကနေတစ်ဆင့် ပြည်သူတွေကပဲ တိုင်းပြည်ရဲ့ အနာဂတ်ကို ဆုံးဖြတ်သင့်တယ်လို့ ကော်ဘိုင်ကပြောခဲ့ပါတယ်။

ဥရောပသမဂ္ဂ အဖွဲ့ကြီးရဲ့ ဘရီးဇစ် ညှိနှိုင်းရေးမှူး မိုက်ကယ်ဘာနီရာကတော့ ဝန်ကြီးချုပ်အသစ်နဲ့ တွဲပြီးလုပ်ငန်းတွေ ဆက်လုပ်ဆောင်သွားဖို့ မျှော်လင့်နေတယ်လို့ ပြောခဲ့ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း ဘောရစ်ဂျွန်ဆင် ဗြိတိန်ဝန်ကြီးချုပ်ဖြစ်လာတာကို ဂုဏ်ပြုစကားပြောကြားခဲ့ပါတယ်။ ဘောရစ်ဂျွန်ဆင်ဟာကိစ္စကြီးတွေ ဆောင်ရွက်နိုင်မယ့်သူလို့လည်း ပြောခဲ့ပါတယ်။ ဇူလိုင် ၂၅ ရက်မှာတော့ ဘောရစ်ဂျွန်ဆင်ရဲ့ အစိုးရအဖွဲ့သစ်ဟာ ပထမဆုံးအကြိမ် တွေ့ဆုံကြမှာဖြစ်ပြီး ဗြိတိန်ဝန်ကြီးချုပ်ဟာလည်း အောက်လွှတ်တော်မှာ မိန့်ခွန်းပြောရမှာပါ။

**ဖြေရှင်းစရာတွေရှိ**

ဒိုမနစ်ရက်ဘ်နဲ့ ပရီတီပက်တဲလ် တို့ဟာ အစိုးရအဖွဲ့အတွင်း ပြန်ပါလာပြီး နိုင်ငံခြားရေးဝန်ကြီးနဲ့ ပြည်ထဲရေးဝန်ကြီးတို့ အသီးသီးဖြစ်လာပါတယ်။ ဗြိတိန်ဝန်ကြီးချုပ်သစ် ဘောရစ်ဂျွန်ဆင်မှာ ဖြေရှင်းစရာဆိုလို့ ဥရောပသမဂ္ဂကနေ ဗြိတိန်နုတ်ထွက်ရေးကိစ္စ တစ်ခုတည်းတင်ရှိတာမဟုတ်ပါဘူး။ ပြည်တွင်းရော ပြည်ပမှာပါ ဖြေရှင်းစရာတွေရှိနေပါတယ်။

အရှေ့အလယ်ပိုင်းဒေသ အထူးသဖြင့် ပင်လယ်ကွေ့ဒေသမှာ ပင်လယ်ရေကြောင်း လုံခြုံရေးနဲ့ ပတ်သက်ပြီး သူ့မှာဖြေရှင်းစရာတွေ အများကြီးရှိနေပါသေးတယ်။ အခုဆိုရင် ဗြိတိန်အလံလွှင့်ထူထားတဲ့ ရေနံတင်သင်္ဘောကို အီရန်က သိမ်းယူထားပါတယ်။ ဒါဟာ ပြည်တွင်းမှာ နိုင်ငံရေးအပြောင်းအလဲတွေ၊ ဥရောပသမဂ္ဂကနေ နုတ်ထွက်ရေး ရှုန်းကန်ရမှုတွေပြည့်နေတဲ့ ဗြိတိန်နိုင်ငံကို တစ်ဖက်ကနေ ထိုးနှက်လိုက်သလိုပါပဲ။

**မဟာမိတ်တွေကို ခြိမ်းခြောက်**

အီရန်ကတော့ ဘောရစ်ဂျွန်ဆင်ရဲ့ အစိုးရသစ်ဟာ အရှေ့အလယ်ပိုင်းဒေသက ပြဿနာတွေမှာ မပါဝင်လောက်ဘူးလို့ ယူဆပြီး အလောင်းအစားတစ်ခု လုပ်လိုက်တာပါပဲ။ ဘာလို့လဲဆိုရင် ဗြိတိန်နိုင်ငံအတွင်းမှာကိုပဲ ဖြေရှင်းစရာ နိုင်ငံရေးကိစ္စတွေ ရှိနေသေးလို့ပါ။ ပင်လယ်ကွေ့ဒေသတင်းမာမှုတွေ ဖြစ်ပေါ်လာရတဲ့ အကြောင်းကတော့ အမေရိကန်က ၂၀၁၈ ခုနှစ်မှာ အီရန်နျူကလီးယားစာချုပ်ကနေ နုတ်ထွက်ပြီး အီရန်အပေါ် ပိတ်ဆို့မှုတွေ လုပ်ခဲ့တာက စတာပါပဲ။

အီရန်ဟာ အရှေ့အလယ်ပိုင်းဒေသမှာ အမေရိကန်ရဲ့ မဟာမိတ်တွေကို ခြိမ်းခြောက်ခဲ့ပါတယ်။ ဗြိတိန်ဆိုတာကလည်း အမေရိကန်ရဲ့အဓိကမဟာမိတ်နိုင်ငံပါပဲ။ ယခုလအစောပိုင်းမှာပဲ ဗြိတိန်တော်ဝင်ရေတပ်ဟာ ဆီးရီးယားကို ရေနံတင်ပို့နေတယ်လို့ ယူဆရတဲ့ အီရန်ရေနံတင် သင်္ဘောကို သိမ်းယူခဲ့ပါတယ်။ ဒါကိုပြန်လည်တုံ့ပြန်တဲ့အနေနဲ့ အီရန်ဟာ ဗြိတိန်အလံလွှင့်ထူထားတဲ့သင်္ဘောကို ပြန်လည်သိမ်းယူခဲ့တာပါ။

**ဆီးရီးယားကို တပ်တွေပို့မှာလား**

နောက်ပြီး ဘောရစ်ဂျွန်ဆင်အနေနဲ့ ဗြိတိန်တပ်တွေ ဆီးရီးယားမှာ တိုးပြီးချထားဖို့ အမေရိကန်က တောင်းဆိုတာမျိုးနဲ့လည်း ကြုံတွေ့ကောင်း ကြုံတွေ့နိုင်ပါတယ်။ အမေရိကန်ဟာ ဆီးရီးယားမှာ အပြည်ပြည်ဆိုင်ရာတပ်ဖွဲ့ ဖန်တီးချင်ပါတယ်။ ဒါမှသာ ဆီးရီးယားက အမေရိကန်တပ်တွေ လျှော့ချနိုင်မှာပါ။

သမ္မတ ဒေါ်နယ်ထရမ့် ကိုယ်တိုင်ကလည်း ဆီးရီးယားက အမေရိကန်တပ်တွေကို လျှော့ချမယ်လို့ ကြေညာထားခဲ့ပြီးသားပါ။ ဗြိတိန်သံတမန် ဂျိမ်းဂျက်ဖာရီကတော့ တူရကီနဲ့ အမေရိကန်က ကျောထောက် နောက်ခံပြုထားတဲ့ ဆီးရီးယား ဒီမိုကရက်တစ် တပ်ဦးတို့ကြားမှာ ကြားခံနယ်မြေတစ်ခုထူထောင်ဖို့ တူရကီနဲ့ ညှိနှိုင်းမှုတွေ ပြုလုပ်နေပါတယ်။ ဆီးရီးယားကို ဗြိတိန်တပ်တွေထပ်ပို့ မပို့ ဆုံးဖြတ်ရမယ့် ကိစ္စဟာလည်း ဗြိတိန်ဝန်ကြီးချုပ်သစ် ဆုံးဖြတ်ရမယ့် ကိစ္စတစ်ခုပါပဲ။

ဘရီးဇစ်အရေး စိုးရိမ်ရမှုတွေကြောင့် စီးပွားရေးကျဆင်းမှုတွေ ဖြစ်ပေါ်ပြီးတဲ့ နောက်ပိုင်း ဗြိတိန်ဟာ အမေရိကန်နဲ့ရော၊ တူရကီနဲ့ပါဝေးမသွားချင်ပါဘူး။ တူရကီက ရုရှားကအက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ် ဝယ်ယူပြီးတဲ့နောက်ပိုင်း တူရကီနဲ့ အမေရိကန်တို့ကြား တင်းမာမှုတွေ ဖြစ်ပေါ်လျက်ရှိပါတယ်။

**ဝန်ကြီးချုပ်သစ်၏ တာဝန်**

နောက်ပြီးတော့ ပြီးခဲ့တဲ့သီတင်းပတ်ကပဲ လုံခြုံရေးဆိုင်ရာကိစ္စတွေ လုပ်စရာရှိတာကြောင့် ကိုင်ရိုမြို့ကို ပျံသန်းမယ့် ဗြိတိန်လေကြောင်းလိုင်းကိုလည်း ခေတ္တရပ်ဆိုင်းခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးလည်း အီဂျစ်ဘက်က စိုးရိမ်မှုတွေရှိနေပါတယ်။

လေကြောင်းလိုင်းပြေးဆွဲမှု ရပ်ဆိုင်းလိုက်တာနဲ့ ပတ်သက်ပြီး တူရကီမှာလည်း မေးခွန်းတွေ အပြည့်နဲ့ပါပဲ။ တူရကီရဲ့မေးခွန်းတွေကို ပြန်လည်ဖြေရှင်းဖို့ကလည်း ဗြိတိန်ဝန်ကြီးချုပ်အသစ်ရဲ့ တာဝန်ပါပဲ။ အခုအခါမှာတော့ နိုင်ငံရေးအပြောင်းအလဲတွေနဲ့အတူ ဗြိတိန်နိုင်ငံရဲ့ဝန်ကြီးချုပ် အသစ်ဟာလည်း ဘောရစ်ဂျွန်ဆင် ဖြစ်လာခဲ့ပါတယ်။ သူကိုင်တွယ်ဖြေရှင်းရမယ့် ပြဿနာတွေကတော့ ဘရီးဇစ်အရေးတင်မကပါဘူး။ အရှေ့အလယ်ပိုင်းဒေသမူဝါဒတွေနဲ့ပတ်သက်ပြီး လျစ်လျူရှုထားလို့ မရတာလည်း အမှန်ပါပဲ။ ။

**ကိုးကား - ဆင်ဟွာ၊ ဂျေရုဆလင်တိုင်းမ်**

**“ဗြိတိန်သံတမန် ဂျိမ်းဂျက်ဖာရီကတော့ တူရကီနဲ့ အမေရိကန်က ကျောထောက် နောက်ခံပြုထားတဲ့ ဆီးရီးယား ဒီမိုကရက်တစ်တပ်ဦးတို့ကြားမှာ ကြားခံနယ်မြေတစ်ခု ထူထောင်ဖို့ တူရကီနဲ့ ညှိနှိုင်းမှုတွေ ပြုလုပ်နေပါတယ်။ ဆီးရီးယားကို ဗြိတိန်တပ်တွေထပ်ပို့ မပို့ ဆုံးဖြတ်ရမယ့် ကိစ္စဟာလည်း ဗြိတိန်ဝန်ကြီးချုပ်သစ် ဆုံးဖြတ်ရမယ့် ကိစ္စတစ်ခုပါပဲ”**

# အလုပ်အကိုင်အခွင့်အလမ်း ၄၈၀၀ ကျော် ဖန်တီးပေးနိုင်မည့်လုပ်ငန်းများအား ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ခွင့်ပြု

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ယမန်နေ့က ရန်ကင်းမြို့နယ် စိမ်းလဲ့မေလမ်းသွယ်ရှိ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၁၂/၂၀၁၉) သို့ တက်ရောက်သည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြင့်လာစေရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဥပဒေနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခြောက်ခုတို့ကို အတည်ပြုပေးခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅၄၅ သန်းဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း ၄၈၆၈ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ဘဏ္ဍာနှစ် ဇူလိုင် ၂၄ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၂၄ ခု၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၇ ခု စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၁၀ ဒသမ ၃၆၀ သန်း၊ မြန်မာငွေကျပ် ၃၃၉၇၈ ဒသမ ၉၆၆ သန်း၊ အလုပ်အကိုင်အခွင့်အလမ်း ၇၂၃၇၅ ဦး ဖန်တီးပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံးမှ သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **ဆန်းကျော်ဦး (မြန် / ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လုပ်ငန်းရှင်တစ်ဦးအား လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် ပေးအပ်စဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေး

**စစ်တွေ ဇူလိုင် ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ရခိုင်ပြည်နယ် တာဝန်ခံ ဦးအောင်စိုးဝင်းနှင့် ပြည်နယ်အတွင်းရှိ နိုင်ငံရေး ပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက်က ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်စိုးဝင်းက ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲစာရင်းတွင်ရှိခဲ့သော အခြေခံမဲဆန္ဒရှင် စာရင်းထက် တိုးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဲဆန္ဒရှင် စာရင်းကို မဖြစ်မနေ ကောက်ယူသွားရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲသည် လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှု ရှိရမည်၊ အများယုံကြည်မှုရှိရမည် ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်နှင့် တစ်ထပ်တည်းရှိရမည်ဆိုသည့် စံငါးရပ်ကို သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုသည့်နှစ်အဖြစ် သတ်မှတ်ဆောင်ရွက် လျက်ရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များအားလုံး မဲပေး ပိုင်ခွင့် မဆုံးရှုံးစေရေး၊ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်စေရေးနှင့် တိကျမှန်ကန်သော မဲဆန္ဒရှင်စာရင်းများ ရရှိရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းကူညီမှုအပိုင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်အသိပညာပေးရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒေါ်တင်လှိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မဟာဗျူဟာစီမံကိန်း ၂၀၁၉- ၂၀၂၂ ၏ အခန်းအလိုက် ရည်မှန်းချက်ပန်းတိုင်များကို ရှင်းလင်းဆွေးနွေးပြီး ပြည်နယ် ရွေးကောက်ပွဲအရာရှိ ဦးသူရိန်ထွဋ်က လူဦးရေစာရင်းနှင့် အချက်အလက်များ ကောက်ယူခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်း စီမံချက်ပါလုပ်ငန်းစဉ်များနှင့် ဆောင်ရွက်လျက် ရှိသည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်၏ မေးမြန်းချက်များနှင့် အကြံပြုဆွေးနွေးချက်များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးဝင်းနှင့် ပြည်နယ်ရွေးကောက်ပွဲ အရာရှိ ဦးသူရိန်ထွဋ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ ကြသည်။

**တင်ထွန်း(မြန်/ဆက်)**

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ပုဂံဒေသနှင့် ရန်ကုန်မြို့ရှိ ကိုလိုနီလက်ရာအဆောက်အအုံများ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရမည့်အကြောင်းအရာများဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာပြည်၏ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တို့စုဝေးရာ ပုဂံဒေသကို ယူနက်စကိုမှ ကမ္ဘာ့အမွေအနှစ်ဒေသ အဖြစ် ဇူလိုင် ၆ ရက်က သတ်မှတ်ခဲ့ရာ မြန်မာနိုင်ငံအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်အဖြစ် သမိုင်းတွင် ကျန်ရစ်စေခဲ့ပြီ ဖြစ်သည်။ ထိုအရာအား မေ့မေ့ပျောက်ပျောက်မရှိစေဘဲ ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ရာတွင် မြန်မာနိုင်ငံမှ ဧည့်လမ်းညွှန်များမှာလည်း တာဝန်တစ်ရပ်အနေဖြင့် ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ရမည့် ကဏ္ဍများနှင့် ရန်ကုန်မြို့ရှိ ကိုလိုနီလက်ရာ အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရမည့် ဆွေးနွေးပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ခရေပင်လမ်းရှိ ပဒုမ္မာ စားသောက်ဆိုင်၌ ကျင်းပခဲ့သည်။

"ပုဂံဒေသဟာ ယူနက်စကိုဝင်သွားပြီးဖြစ်တဲ့အတွက် ဧည့်လမ်းညွှန်များ ကိုယ်စားပြောရရင် အတိုင်းမသိ ဂုဏ်ယူတယ်။ ပုဂံကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့ ကြိုးစားခဲ့ကြတာ အခုချိန်မှာရရှိတာဟာ နိုင်ငံအတွက် ဂုဏ်ယူစရာပါ။ နိုင်ငံခြားခရီးသွားတွေက ပုဂံဒေသ ယူနက်စကိုဝင်သွားပြီလားလို့ မေးရင် ကြိုးစားဆဲပါလို့ ဖြေခဲ့ရတယ်။ အခု ပိုင်ပိုင်နိုင်နိုင်ဖြေလို့ရပါပြီ။ တစ်နှစ်ကို ခရီးသွားသုံးသိန်းကနေ ပွင့်လင်းရာသီကစပြီး ခရီးသွား ပိုမိုဝင်ရောက်ဖို့ ဧည့်လမ်းညွှန်များက မျှော်မှန်းထားပါတယ်။ ပုဂံဟာ တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ ယဉ်ကျေးမှုအမွေအနှစ် ဒေသဖြစ်တဲ့အတွက် ထိန်းသိမ်းဆောင်ရွက်ရမယ့် အပိုင်းတွေကို ကျွန်တော်တို့အားလုံး စုပေါင်းပြီး အတူတကွ ဘယ်လို လုပ်ဆောင်ကြမယ်ဆိုတဲ့ နည်းလမ်းရှာရာမှာ မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များ အသင်းအနေနဲ့ ပူးပေါင်းပါဝင်ဆွေးနွေးတဲ့ပွဲပါ"ဟု မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းဥက္ကဋ္ဌ ဦးအောင်ထွန်းလင်းက ယနေ့ဆွေးနွေးပွဲနှင့်ပတ်သက်၍ပြောသည်။

နံနက်ပိုင်းတွင် ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ကြေညာခဲ့သော အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့သို့ သွားရောက်ခဲ့သည့် မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း ကိုယ်စားလှယ်တစ်ဦးဖြစ်သော ဒေါ်အေးငြိမ်းသူက အတွေ့အကြုံများကို ပြန်လည်မျှဝေခဲ့ပြီး The Role of Tourism in Bagan World Heritage Site ခေါင်းစဉ်ဖြင့် ရေရှည်တည်တံ့ရမည့် ပုဂံဒေသအတွက် ခရီးသွားလုပ်ငန်း၏ အရေးပါမှုအပေါ်တွင် ထိန်းသိမ်းစောင့်ရှောက်ရမည့် အချက်များကို တာဝန်သိ ဧည့်လမ်းညွှန်များသိရှိစေရန် ရှေးဟောင်းသုတေသနဦးစီးဌာန နိုင်ငံတကာဆက်ဆံရေးမှူး ဒေါ်ဥမ္မာမျိုးက ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ပေါ်ရှိ ကိုလိုနီလက်ရာ အဆောက်အအုံများ သမိုင်းကြောင်း၊ ရန်ကုန်မြို့ သမိုင်းကြောင်းနှင့် ကိုလိုနီအဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်မှုအတတ်ပညာ စသည့်အကြောင်းအရာများကို Heritage Tourism in Yangon ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့မှ Program Officer ဖြစ်သူ ဦးသူရိန်အောင်က ဆွေးနွေးပြောကြားသည်။



မြန်မာပြည်တစ်ဝန်းရှိ ရှေးဟောင်းအမွေအနှစ်များကို ပြုပြင်ထိန်းသိမ်းရာတွင် နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှသာ ရေရှည်တွင် အောင်မြင်မှု ရရှိမည်ဖြစ်ပြီး ထိုအမွေအနှစ်များ၏ တန်ဖိုးကို သိရှိတန်ဖိုးထားစေရန် အသိပညာပေးဖော်ဆောင်ခြင်းဖြင့် ထိရောက်မှုကိုရရှိစေမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် ဧည့်လမ်းညွှန်နှင့် ကုမ္ပဏီတစ်ခုတည်း အကျိုးရှိခြင်းမဟုတ်ဘဲ ဒေသခံပြည်သူများနှင့် နိုင်ငံအတွက် အကျိုးရှိစေသောကြောင့် မြို့ပြအမွေအနှစ်ဒေသများနှင့် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဒေသတို့ကို ရေရှည်တည်တံ့စေရန် အားလုံးဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ရန်လိုအပ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် လိုင်စင်နံပါတ်အရ ဧည့်လမ်းညွှန် တစ်သောင်းကျော်နှင့် ရန်ကုန်မြို့အခြေစိုက် ဧည့်လမ်းညွှန် နှစ်ထောင်ခန့်ရှိရာ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ခဲ့ပြီဖြစ်သော ပုဂံဒေသ၏ ထင်ပေါ်ကျော်ကြားမှုကြောင့် နိုင်ငံခြားခရီးသွားများ ယခုနှစ်တွင် ပိုမိုဝင်ရောက်လာတော့မည်ဖြစ်၍ ကြိုတင်ပြင်ဆင်မှုဖြစ်သော ဧည့်လမ်းညွှန်များကို ဝမ်းစာဖြည့်သည့်အနေဖြင့် ပုဂံဒေသကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ရမည့်အပိုင်းနှင့် ရန်ကုန်မြို့ရှိ ကိုလိုနီလက်ရာ အဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရမည့် အတတ်ပညာတို့ကို ယနေ့ အခမ်းအနားတွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# ရေစကြိုမြို့နယ်တွင် ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ်နှစ်လုံးနှင့် အိမ်ထောင်စုနှစ်စုအား ထောက်ပံ့ပေးအပ်

**ရေစကြို ဇူလိုင် ၂၅-** မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဇူလိုင် ၂၄ ရက်တွင် ချင်းတွင်းမြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသော လူနေအိမ်နှစ်လုံး၊ အိမ်ထောင်စုနှစ်စုအား ရေစကြိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ အောင်ပန်းချောင်းကျေးရွာအုပ်စု အောင်ပန်းချောင်းကျေးရွာတွင် ချင်းတွင်းမြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသော လူနေအိမ်နှစ်လုံး၊ အိမ်ထောင်စုနှစ်စု၊ စုစုပေါင်းလူဦးရေ ရှစ်ဦးတို့အတွက် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး၊ ဆန်ရိက္ခာဖိုးခုနစ်ရက်စာ ငွေကျပ် ၁၆၈၀၀၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၂၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၂၁၆၈၀၀ ကို ရေစကြိုမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူများနှင့်အတူ အောင်ပန်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူးထံ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**နွယ်နွယ်အောင် (မြန်/ဆက်)**

# ရောဝတီမြစ်အတွင်းသို့ ပလတ်စတစ် တန်ချိန် ၁၀၀ ကျော် နေ့စဉ်စွန့်ပစ်နေခြင်းကို အရေးယူမှုများဖြင့် ဖြေရှင်းသင့်ကြောင်း ပညာရှင်များက အသိပညာပေး

**နေပြည်တော် ဇူလိုင် ၂၅**

ဧရာဝတီမြစ်အတွင်းသို့ နေ့စဉ် ပလတ်စတစ်အမှိုက် တန်ချိန်ပေါင်း ၁၁၉ တန်ခန့်ကို စွန့်ပစ်နေကြရာ ယင်းကို အမြန်ဆုံး အဖြေရှာပြီး ရေထုညစ်ညမ်းမှုကို လျှော့ချရန် ကြိုးပမ်းသင့်ကြောင်း Fauna and Flora International(FFI)နှင့် သန့်မြန်မာအဖွဲ့တို့ အတူပူးပေါင်း ဆောင်ရွက်သည့် ပလတ်စတစ်ညစ်ညမ်းမှု စစ်ဆေးခြင်းဆိုင်ရာ စစ်တမ်းအသစ်တွင် ဖော်ပြထားသည်။

သန့်မြန်မာသည် မြန်မာနိုင်ငံအတွင်း ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၎င်းတို့ အဖွဲ့အစည်းနှစ်ခု ပူးပေါင်း၍ မန္တလေးမှ ပြည်မြို့အထိ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ ဧရာဝတီမြစ်အတွင်းသို့ နေ့စဉ် ပလတ်စတစ်အမှိုက် ၁၁၉ တန်ခန့် ဝင်ရောက်နေသည်ကို လေ့လာတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**နေ့စဉ်စွန့်ပစ်နေ**

ညစ်ညမ်းမှုအများဆုံးနေရာမှာ အမှိုက် ၃၂ တန်ခန့် နေ့စဉ်စွန့်ပစ်နေသည့် မြစ်ဝကျွန်းပေါ်ဒေသများ ဖြစ်ကြပြီး ဒုတိယအများဆုံးမှာ ရန်ကုန်မြစ်အတွင်းမှတစ်ဆင့် ပလတ်စတစ် ၂၉ တန်ခန့် နေ့စဉ်စွန့်ပစ်နေမှုဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ပြီးခဲ့သည့်လအတွင်းက နေပြည်တော်၌ ကျွမ်းကျင်ပညာရှင်များ၊ မူဝါဒချမှတ်သူများ ပါဝင်သည့် ‘ဧရာဝတီမြစ်အတွင်း ပလတ်စတစ်ညစ်ညမ်းမှု၏ စိန်ခေါ်မှုများနှင့် ဖြေရှင်းနိုင်မည့်နည်းလမ်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ’ကို လုပ်ဆောင်ခဲ့ပြီး အဖြေရှာခဲ့ကြသည်။

“ပလတ်စတစ်ညစ်ညမ်းမှုဟာ မြန်မာနိုင်ငံရဲ့ အလှတရားတွေကို ပျက်စီးစေပါတယ်၊ လူသားတွေရဲ့ ကျန်းမာရေးအပေါ် ဆိုးဆိုးရွားရွားထိခိုက်စေတဲ့အတွက် အစိုးရရော၊ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေကရော၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေရော ပူးပေါင်းပြီး ပလတ်စတစ်လျှော့ချရေး တိုက်ဖျက်တာ၊ ထောက်ပံ့ပေးတာနဲ့ တိုက်တွန်းအားပေးတာတွေ လုပ်မယ်ဆိုရင် ပြောင်းလဲမှုတွေ ရနိုင်မယ်လို့ ယုံကြည်ပါတယ်”ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ပြောကြားသည်။

**အိန္ဒိယကမ်းရိုးတန်းထက် ပိုညစ်ညမ်း**

အဆိုပါ အစီရင်ခံစာ သတင်းထုတ်ပြန်ချက်အတွင်း ပရော်ဖက်ဆာ ဒေါက်တာ Fridtjof Nansen ၏ ရေယာဉ်သုတေသနများအရ မြန်မာ့ကမ်းရိုးတန်းများသည်



ရောဝတီမြစ်ကမ်းဘေး တစ်နေရာ၌ စုပေါင်းအမှိုက်ကောက်နေသော သန့်မြန်မာအဖွဲ့ဝင်များ

ပလတ်စတစ် အပိုင်းအစများမှ ကွဲထွက်ပျက်စီးသွားသည့် ပလတ်စတစ်အမှုန်အမွှားများဖြင့် ညစ်ညမ်းနေကြောင်း သိရှိရပြီး အခြားဆန်းစစ်မှုများအရ မြန်မာနိုင်ငံကိုဝန်းရံထားသည့် ဘင်္ဂလားပင်လယ်အော်ရှိရာ မြန်မာ့ကမ်းရိုးတန်းသည် တစ် စတုရန်းကီလိုမီတာတွင် ပလတ်စတစ်အမှုန်အမွှား ၂၀၀၀ ကျော် ပျံ့နှံ့ညစ်ညမ်းနေကြောင်း၊ ယင်းပမာဏသည် အိန္ဒိယကမ်းရိုးတန်းထက် တစ်စတုရန်းကီလိုမီတာအတွင်း ပလတ်စတစ်အမှုန်အမွှား ၈၀၀ ကျော် ပိုမိုများပြားနေကြောင်း ဖော်ပြထားသည်။

“ပလတ်စတစ်ညစ်ညမ်းမှုပြဿနာက တစ်ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်ပါတယ်။ မြန်မာနိုင်ငံကလည်း ဒီပြဿနာမှာ ဘယ်လောက်ပါဝင်နေတယ်ဆိုတာကို အခုလို အလုပ်ရုံဆွေးနွေးပွဲကနေရော၊ သုတေသနပြုချက်တွေကပါ ပထမဆုံးအကြိမ် တိုင်းတာတွက်ချက်နိုင်ခဲ့ပါပြီ။ ကျွန်တော်တို့က ပလတ်စတစ်ညစ်ညမ်းမှု ဘယ်လောက်ဆိုတဲ့ အရင်းအမြစ်တွေကို ဖော်ထုတ်သလို အရေးယူဆောင်ရွက်တဲ့ ဖြေရှင်းချက်တွေကို ရှာဖွေဖို့ မူဝါဒချမှတ်တဲ့သူတွေနဲ့ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒါမှ ကမ်းရိုးတန်း သဘာဝဝန်းကျင်ကို ဖျက်ဆီးနေတဲ့ ညစ်ညမ်းမှုတွေကို ရပ်တန့်နိုင်မယ်”ဟု Fauna and Flora International မှ တာဝန်ခံ ဦးဇော်လွန်းက ပြောကြားသည်။

**အမူအကျင့်ကောင်းများ ပြောင်းလဲ**

ရေထုညစ်ညမ်းမှုများကို လျှော့ချရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမူအကျင့်ကောင်းများကို ပြောင်းလဲလုပ်ဆောင်ရန် စီးပွားရေးလုပ်ငန်းများအား အခွန်ကင်းလွတ်ခွင့်ပေးခြင်း၊ အသိပညာ မြှင့်တင်ခြင်းနှင့် ပညာပေးခြင်းတို့ကို ပိုမိုလုပ်ဆောင်ရန် လိုအပ်နေပြီး ပလတ်စတစ်အခွန် ပေးဆောင်စေခြင်း၊ သုံးစွဲခြင်းနှင့် ထုတ်လုပ်ရောင်းချခြင်းတို့ကို တားမြစ်ခြင်းများကိုလည်း ဆောင်ရွက်သင့်ကြောင်း သတင်းထုတ်ပြန်ချက်အတွင်း ဖော်ပြပါရှိသည်။

တစ်ခါသုံးပလတ်စတစ်အစား ပြန်လည်အသုံးပြုနိုင်သည့်ပလတ်စတစ်ကို အသုံးပြုနိုင်ရန် ဦးဆောင်လှုပ်ရှားမှုများအတွက် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်အချို့နှင့်လည်း ပူးပေါင်းမည်ဖြစ်ကြောင်းသိရပြီး ဝန်ကြီးဌာနအနေဖြင့်လည်း အကောင်းဆုံးသော ပလတ်စတစ်စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော်ရန် ရေးဆွဲနေကြောင်း သိရှိရသည်။

**သတင်း - ခင်ရတနာ**
**ဓာတ်ပုံ - သန့်မြန်မာ**

# တောင်သူများအား ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာသင်တန်းပေး

**ပြင်ဦးလွင် ဇူလိုင် ၂၅**

ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး အနောက်ဘက်ခြမ်း ဒေသများကို အဆင့်မြင့်ကော်ဖီ စိုက်ပျိုးထုတ်လုပ်ရာဇုန်အဖြစ် ထူထောင်လုပ်ကိုင်နိုင်ရေးအတွက် အဆိုပါဒေသရှိ ကျေးရွာများမှ တောင်သူများအား ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာများ စာတွေ့လက်တွေ့ ပို့ချပေးနိုင်ရန် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု သင်တန်း အမှတ်စဉ်(၁/၂၀၁၉)ကို ပြင်ဦးလွင်မြို့ရှိ မြန်မာ-ခါနန် သင်တန်းကျောင်း၌ ဇူလိုင် ၂၂ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ဒေသရေမြေ ရာသီဥတုနှင့် ကိုက်ညီပြီး ဈေးကွက်သေချာသည့် သီးနှံများကို အရည်အသွေးပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် နည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် လိုအပ်ချက်များ ကူညီဖြည့်ဆည်းပေးခြင်းဖြင့် လုပ်ကွက်ငယ်တောင်သူများ ဝင်ငွေတိုးပွားစေပြီး စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မှုအထိ လုပ်ကိုင်လာနိုင်ကြစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါသင်တန်းသို့ ချင်းပြည်နယ် တောင်ပိုင်းမှ တောင်သူ ၁၀ ဦးနှင့် မြောက်ပိုင်းမှ တောင်သူ ၁၀ ဦး၊ မကွေးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းရှိ နတ်ရေကန်ဒေသ တောင်ပေါ်ကျေးရွာများမှ တောင်သူ ၁၀ ဦး၊ ပြင်ဦးလွင်ဒေသမှ တောင်သူနှစ်ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်လေ့လာလျက်ရှိပြီး အဆိုပါသင်တန်းကို ဩဂုတ် ၂ ရက်အထိ သင်တန်းကာလ ၁၂ ရက်ကြာ စာတွေ့လက်တွေ့ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

# သံတောင်ကြီးဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ဆွေးနွေးပွဲကျင်းပ

**သံတောင်ကြီး ဇူလိုင် ၂၅**

ကရင်ပြည်နယ် သံတောင်ကြီးဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်အမှုဆောင်အဖွဲ့ ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို ဇူလိုင် ၂၄ ရက်က သံတောင်ကြီးမြို့ရှိ နစ် ၁၀၀ ရဲတိုက်အတွင်း၌ ကျင်းပခဲ့သည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် သံတောင်ကြီးဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ အလုပ်အမှုဆောင် ဥက္ကဋ္ဌ ဒေါ်နော်မာမာချိုက အမှာစကားပြောကြားပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များဖြစ်သော သံတောင်ကြီးဒေသသို့လာရောက်သည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ဘေးကင်းလုံခြုံရေး၊ ဘေးကင်းလုံခြုံမှုမရှိသော နေရာများသို့ နိုင်ငံခြားသားများ သွားရောက်ခြင်းမရှိအောင် ကြော်ငြာဆိုင်းဘုတ်များကပ်ထားရန်၊ B&B လုပ်ငန်းရှင်များအနေဖြင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသည့်အနေဖြင့် လာရောက်သည့်ဧည့်သည်များအား ရိုးရာအစားအသောက်များဖြင့် တည်ခင်းဧည့်ခံရန်နှင့် ဒေသထွက်ပစ္စည်းများကို ရောင်းချနိုင်အောင် စီမံဆောင်ရွက်ထားရှိရန်၊ ခရီးသွားများအား ဆွဲဆောင်နိုင်မည့် နေရာသစ်များ ဖော်ထုတ်ပြီး စီမံကိန်းရေးဆွဲကာ အကောင်အထည်ဖော်သွားရန် စသည်တို့ကို ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ သံတောင်မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ကိုကိုဝင်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ သံတောင်ကြီးဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်အမှုဆောင်ကော်မတီဝင်များ၊ B&B လုပ်ငန်း ဆောင်ရွက်နေသော လုပ်ငန်းရှင်များနှင့် ဒေသထွက်ပစ္စည်းများရောင်းချသည့်လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။


ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီဝင်များ ဆွေးနွေးနေစဉ်။

**မြို့နယ် (ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၅-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၀၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၂၀ | ကျပ် | ၉၂၅/၉၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၃၀ | ကျပ် | ၉၄၀/၉၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၁၀ | ကျပ် | ၈၃၅/၈၆၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၉၀၀ | ကျပ် | ၉၄၀/၉၅၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၁၃ · ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၈၄ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၀၈ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၈၇ · ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၀၀· ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၃ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ · ၁၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ · ၉၄၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၈ · ၁၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၇ · ၆၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ · ၉၉၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## 2019 AUDI CUP

# စပါးကိုခက်ခက်ခဲခဲရင်ဆိုင်ရမယ့်ရီးရဲနဲ့ ဖီနာဘာချီကို အနိုင်ယူမယ့်ဘိုင်ယန်

**ဝေမိုးဆက်**

ဘောလုံးရာသီသစ်တစ်ခု မစတင်ခင်ကျင်းပနေမြဲဖြစ်တဲ့ ရာသီကြိုဖိတ်ခေါ်ပြိုင်ပွဲတွေအနက်က အော်ဒီဖလားပြိုင်ပွဲကို လာမယ့် ဇူလိုင် ၃၀ ရက်မှာ စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်။ အဆိုပါ အော်ဒီဖလားပြိုင်ပွဲဟာ နှစ်နှစ်တစ်ကြိမ် ကျင်းပတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး ၂၀၀၉ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းရဲ့ အလိုင်းယန့်အရီနာကွင်းအတွင်းမှာ ကျင်းပပြုလုပ်တဲ့ အဆိုပါ အော်ဒီဖလားပြိုင်ပွဲဟာ အသင်းလေးသင်းနဲ့သာ အစဉ်အဆက် ကျင်းပခဲ့တာဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း လေးသင်းကို နှစ်သင်းစီ ရှုံးထွက်ယှဉ်ပြိုင်စေကာ အနိုင်ရတဲ့ နှစ်သင်းကို ဗိုလ်လုစေပြီး ရှုံးနိမ့်တဲ့နှစ်သင်းကိုတော့ တတိယလုပွဲကစားစေတာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ အစဉ်အဆက် အသင်းကြီးတွေသာ ပြိုင်ပွဲဝင်လေ့ရှိသလို အိမ်ရှင်ဘိုင်ယန်မြူးနစ်က ချန်ပီယံသုံးကြိမ် ရယူထားနိုင်တာကြောင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေပြီး ဘာစီလိုနာ၊ အက်သလက်တီကိုတို့ကတစ်ကြိမ်စီ အနိုင်ရဗိုလ်စွဲနိုင်ခဲ့ပါတယ်။ နောက်ဆုံးကျင်းပခဲ့တဲ့ ၂၀၁၇ ပြိုင်ပွဲမှာတော့ အက်သလက်တီကိုက ချန်ပီယံဆုကို ရယူနိုင်ခဲ့တာဖြစ်ပြီး ဒီနှစ်မှာလည်း စပိန်ကလပ်ဖြစ်တဲ့ ရီးရဲကပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မှာဖြစ်တာကြောင့် ဒီတစ်ကြိမ် အော်ဒီဖလားဟာလည်း စပိန်မြေကို ရောက်ရှိသွားမလား၊ ဒါမှမဟုတ် အိမ်ရှင်ဘိုင်ယန်ကပဲ ချန်ပီယံဆုကို လေးကြိမ်မြောက် ရယူသွားနိုင်မလားဆိုတာ စောင့်ကြည့်ရဖို့ရှိနေပါတယ်။




### ရီးရဲ Vs စပါး

၃၀-၇-၂၀၁၉ — ည ၁၀း၃၀(အင်္ဂလိပ်)

စပိန်ကလပ်အသင်းကြီးဖြစ်တဲ့ ရီးရဲဟာရာသီကြိုပြိုင်ပွဲအဖြစ် အင်တာနေရှင်နယ်ချန်ပီယံများ ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေရာမှာ အကောင်းဆုံး ခြေစွမ်းတွေကိုတော့ ထုတ်ပြနိုင်ခြင်းမရှိသေးပါဘူး။ ဘိုင်ယန်ကို သုံးဂိုး-တစ်ဂိုးနဲ့ ဂိုးပြတ်အရေးနိမ့်ခဲ့ရသလို အာဆင်နယ်ကိုလည်း မိနစ် ၉၀ အတွင်း အနိုင်မယူနိုင်ခဲ့ဘဲ နှစ်ဂိုးစီ သရေသာကစားနိုင်ခဲ့ပါတယ်။ အဆန်စီယိုပါဝင်နိုင်မှာ မဟုတ်သလို ဟာဇက်ကလည်း အသင်းနဲ့ ထင်သလောက်အထိုင်မကျသေးတာကို တွေ့ရပါတယ်။ စပါးကတော့ လက်ရှိအချိန်မှာ အပြောင်းအလဲနည်းပါးနေပြီး အသင်းလိုက်စွမ်းဆောင်ရည်လည်း ကောင်းမွန်နေပါတယ်။ ဆွန်ဟောင်မင်၊ ဟယ်ရီကိန်းတို့ ခြေစွမ်းပြသနေပြီး ဂျူဗင်တပ်စ်ကိုတောင် အင်တာနေရှင်နယ်ချန်ပီယံဖလားပွဲမှာ အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း စပါးအနေနဲ့ ဒီပွဲမှာလည်း ရီးရဲကို အခက်တွေ့အောင် ကစားနိုင်မှာ သေချာနေပါတယ်။ အထူးသဖြင့် ရီးရဲရဲ့ခံစစ်ပိုင်း မတည်ငြိမ်သလို နှစ်သင်းစလုံးတိုက်စစ်ဖွင့်ကစားမှာ ဖြစ်တာကြောင့် သွင်းဂိုးများမယ့် ပွဲဖြစ်လာနိုင်ပါတယ်။

| နောက်ဆုံးတွေ့ဆုံမှု | | |
|---|---|---|
| စပါး | ၃-၁ | ရီးရဲ |

| ရီးရဲ၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|
| ရီးရဲ | ၂-၂ | အာဆင်နယ် |
| ဘိုင်ယန် | ၃-၁ | ရီးရဲ |
| ရီးရဲ | ၀-၂ | ဘတ်တစ် |

| စပါး၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|
| ဂျူဗင်တပ် | ၂-၃ | စပါး |
| စပါး | ၀-၂ | လီဗာပူး |
| စပါး | ၂-၂ | အဲဗာတန် |

### ဘိုင်ယန် Vs ဖီနာဘာချီ

၃၁-၇-၂၀၁၉ — နံနက် ၁း၀၀(ဗုဒ္ဓဟူးနံနက်)

| နောက်ဆုံးတွေ့ဆုံမှု |
|---|
| မရှိ |

| ဘိုင်ယန်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|
| ဘိုင်ယန် | ၁-၀ | မီလန် |
| ဘိုင်ယန် | ၃-၁ | ရီးရဲ |
| အာဆင်နယ် | ၂-၁ | ဘိုင်ယန် |

| ဖီနာဘာချီ၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|
| ဖီနာဘာချီ | ၁-၁ | ဝုဖ်ဘတ် |
| ဖီနာဘာချီ | ၂-၀ | ဘူစာစပေါ်လ် |
| ဘူလူစပေါ်လ် | ၀-၂ | ဖီနာဘာချီ |

ဂျာမနီချန်ပီယံ ဘိုင်ယန်မြူးနစ်ဟာ လက်ရှိအချိန်မှာ အသင်းကိုအကောင်းဆုံး တည်ဆောက်ထားနိုင်သလို ရာသီကြိုခြေစမ်းပွဲဖြစ်တဲ့ အင်တာနေရှင်နယ်ချန်ပီယံများဖလားပြိုင်ပွဲမှာလည်း ခြေစွမ်းကောင်းတွေပြသထားကာ ရီးရဲကိုတောင် ဂိုးပြတ်အနိုင်ယူနိုင်ခဲ့ပါတယ်။ ဘိုင်ယန်အနေနဲ့ အဆိုပါ အင်တာနေရှင်နယ်ချန်ပီယံများ ဖလားပြိုင်ပွဲရဲ့အဖွင့်ပွဲမှာ အာဆင်နယ်ကို အရေးနိမ့်ခဲ့ရပေမယ့် ဒုတိယပွဲမှာ ရီးရဲကို အနိုင်ရယူနိုင်ခဲ့သလို တတိယပွဲမှာလည်း အေစီမီလန်ကို အနိုင်ကစားနိုင်ခဲ့တာကိုကြည့်ရင် အသင်းလိုက်ဟန်ချက်ပြန်ပြီး တည်ငြိမ်လာတယ်လို့ ဆိုနိုင်ပါတယ်။ ဖီနာဘာချီကတော့ ရာသီကြို ခြေစမ်းပွဲတွေမှာ ထင်သလောက်ခြေစွမ်းပြသနိုင်ခြင်း မရှိခဲ့ဘဲ ဘူစာစပေါ်လ်ကို အနိုင်ရယူနိုင်ခဲ့ပေမယ့် ဝုဖ်ဘတ်ကိုတော့ သရေသာကစားနိုင်ခဲ့တာကိုကြည့်ရင် ဖီနာဘာချီရဲ့ခြေစွမ်းသာမန်သာရှိတာ ထင်ရှားနေပါတယ်။ အထူးသဖြင့် ဘိုင်ယန်ဟာ ဒီပြိုင်ပွဲရဲ့အိမ်ရှင်အသင်းဖြစ်တာကြောင့်တိုက်စစ်ကိုသာ အားပြုကစားမှာဖြစ်တဲ့အတွက် ဖီနာဘာချီကိုပိုမိုဖိအားပေးနိုင်မှာပါ။ ဘိုင်ယန်ပဲ အနိုင်ရမယ်။

## ကော်တင်ညိုအား ပြန်လည်ခေါ်ယူရန်အတွက် ငွေကြေး အများအပြားသုံးစွဲနိုင်မည် မဟုတ်ဟု ဂျာဂျင်ကလော့ ပြောဆို

ဘာစီလိုနာအသင်း တောင်ပံတိုက်စစ်ကစားသမား ကော်တင်ညိုအား ပြန်လည်ခေါ်ယူရေးအတွက် လီဗာပူးအသင်းအနေဖြင့် ပြောင်းရွှေ့ကြေး များစွာ အသုံးပြုနိုင်မည်မဟုတ်ကြောင်း လီဗာပူးအသင်းမန်နေဂျာ ဂျာဂျင်ကလော့က ဝန်ခံပြောဆိုလိုက်သည်။

ဘရာဇီးကစားသမား ကော်တင်ညို (၂၇ နှစ်) သည် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ လီဗာပူးအသင်းတွင် ပါဝင်ကစားခဲ့ပြီးနောက် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ဈေးကွက်ကာလအတွင်းတွင် လီဗာပူးအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။ ကော်တင်ညိုသည် ဘာစီလိုနာအသင်းတွင် ခြေစွမ်းပြကစားနိုင်ရန် ရုန်းကန်နေရကာ ဘာစီလိုနာအသင်းတာဝန်ရှိသူများက ကော်တင်ညိုအား ပြန်လည်ရောင်းချသွားရန် ဆန္ဒရှိနေသည်။



မန်နေဂျာ ဂျာဂျင်ကလော့က တောင်ပံတိုက်စစ်ကစားသမား ကော်တင်ညို၏ ခြေစွမ်းကို အသိအမှတ်ပြု လေးစားသော်လည်း ပြီးခဲ့သည့် နှစ်နှစ်အတွင်း ကစားသမားသစ်ခေါ်ယူရေးအတွက် ပေါင်သန်း ၃၀၀ ကျော် အသုံးပြုခဲ့ပြီးနောက် ယခုနွေရာသီအတွင်းတွင် ပြောင်းရွှေ့ကြေးအများအပြား ထပ်မံသုံးစွဲနိုင်မည် မဟုတ်ဟု ပြောဆိုခဲ့သည်။

"ယေဘုယျအားဖြင့်ဆိုရင် ကော်တင်ညိုဟာ ကမ္ဘာပေါ်က ဘယ်အသင်းကိုမဆို ကူညီပေးနိုင်တဲ့ ကစားသမားပါ။ သူက အံ့အားသင့်ဖွယ်ကောင်းတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ကော်တင်ညိုကို ခေါ်ယူမယ်ဆိုရင် ပြောင်းရွှေ့ကြေးအများကြီး အသုံးပြုရမှာပါ။ ဒီနှစ်မှာတော့ ကျွန်တော်တို့ အဲဒီလို အသုံးပြုနိုင်မှာ မဟုတ်ပါဘူး။ လီဗာပူးအသင်းအပါအဝင် ဘယ်အသင်းမဆို ကော်တင်ညို ရှိနေမယ်ဆိုရင် ကောင်းမွန်မှုတွေ ရရှိလာမှာပါ။ ဘာစီလိုနာအသင်းမှာ ကော်တင်ညို ကံကောင်းစေဖို့ ကျွန်တော်ဆန္ဒပြုပါတယ်။ ကော်တင်ညိုအနေနဲ့လည်း ဘာစီလိုနာအသင်းမှာ ပျော်ရွှင်နေလိမ့်မယ်လို့ ပြောချင်ပါတယ်"ဟု မန်နေဂျာ ဂျာဂျင်ကလော့က ပြောဆိုခဲ့သည်။

ဘာစီလိုနာအသင်းတာဝန်ရှိသူများသည် ယခုနွေရာသီအတွင်းတွင် ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး နေမာအား ခေါ်ယူရေးအတွက် ငွေကြေးရရှိရန် ကော်တင်ညိုအား ရောင်းချ၍ ငွေကြေးရှာဖွေရန် ရည်ရွယ်ထားသည်။ ထို့အပြင် နေမာအား ခေါ်ယူရေးအတွက် ကမ်းလှမ်းရာတွင် ကော်တင်ညိုအား အလိုက်ပေးကမ်းလှမ်းဖွယ်ရှိသည်ဟုလည်း ထင်ကြေးပေးမှုများ ထွက်ပေါ်နေသည်။ **ထက်အောင်**

## ဂရစ်ဇ်မန်း၏ အပြောင်းအရွှေ့အား လာလီဂါအဖွဲ့မှ ပိတ်ပင်တားမြစ်ဖွယ်ရှိ

ယခုနွေရာသီကစားသမား အပြောင်းအရွှေ့ဈေးကွက်ကာလအတွင်းတွင် အက်သလက်တီကိုအသင်းမှ ဘာစီလိုနာအသင်းသို့ တိုက်စစ်မှူး အန်တိုနီယို ဂရစ်ဇ်မန်း ပြောင်းရွှေ့ခဲ့ခြင်းကို ဟန့်တားဖြစ်နိုင်ကြောင်း လာလီဂါပြိုင်ပွဲ ဥက္ကဋ္ဌ ဂျာဗီးယားတီဘက်စ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

ဘာစီလိုနာအသင်းသည် ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်း (၂၈ နှစ်) ၏ ပြောင်းရွှေ့ကြေးအဖြစ် အက်သလက်တီကိုအသင်းက သတ်မှတ်ထားသော ယူရိုသန်း ၁၂၀ ဖြင့် ပြီးခဲ့သည့် ဇူလိုင်လ ၁၂ ရက်နေ့တွင် ခေါ်ယူခဲ့ကာ ငါးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



အက်သလက်တီကိုအသင်းသည် ယခင်က တိုက်စစ်မှူး ဂရစ်ဇ်မန်း၏ ပြောင်းရွှေ့ကြေးအဖြစ် ယူရိုသန်း ၂၀၀ သတ်မှတ်ထားခဲ့သော်လည်း ဇူလိုင်လ ၁ ရက်နေ့တွင် ပြောင်းရွှေ့ကြေးသတ်မှတ်မှုကို ယူရိုသန်း ၁၂၀ သို့ လျှော့ချခဲ့ပြီးနောက် ဘာစီလိုနာအသင်းက တိုက်စစ်မှူး ဂရစ်ဇ်မန်းအား ယူရိုသန်း ၁၂၀ ဖြင့် ပေးချေခေါ်ယူခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုအသင်း တာဝန်ရှိသူများက ပြီးခဲ့သည့် မေ ၁၄ ရက်တွင် တိုက်စစ်မှူး ဂရစ်ဇ်မန်းက ယခုနွေရာသီဈေးကွက်အတွင်း အက်သလက်တီကိုအသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ကြေညာခဲ့ခြင်းသည် ဇူလိုင် ၁ ရက်တွင် ဂရစ်ဇ်မန်း၏ ပြောင်းရွှေ့ကြေးပမာဏအား ယူရိုသန်း ၂၀၀ မှ ယူရိုသန်း ၁၂၀ သို့ မလျှော့ချမီကပင် ဂရစ်ဇ်မန်းနှင့် ဘာစီလိုနာအသင်းတို့အကြား စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိနေခဲ့ပြီး ဖြစ်သည်ဆိုသည်ကို သက်သေပြနေကြောင်း စွပ်စွဲပြောဆိုထားကာ အဆိုပါ အပြောင်းအရွှေ့အား ဟန့်တားပိတ်ပင်ပေးရန် လာလီဂါအဖွဲ့ထံသို့ တိုင်တန်းစာတစ်စောင် ပေးပို့ထားသည်။

လာလီဂါပြိုင်ပွဲဥက္ကဋ္ဌ တီဘက်စ်က "တိုက်စစ်မှူး ဂရစ်ဇ်မန်းရဲ့ အပြောင်းအရွှေ့နဲ့ပတ်သက်ပြီး အက်သလက်တီကို အသင်းဆီက တိုင်ကြားစာတစ်စောင် ရရှိထားပါတယ်။ ဒါကြောင့် ဂရစ်ဇ်မန်းကို အသင်းပြောင်းရွှေ့ခွင့် ပြုသင့် မပြုသင့်ဆိုတာက သံသယဖြစ်စရာဖြစ်လာတယ်။ လက်ရှိအချိန်မှာတော့ ဒီပြဿနာကို လေ့လာနေပြီး အဖြေတစ်ခု ရလာမှာပါ။ ကစားသမားတစ်ဦးရဲ့အပြောင်းအရွှေ့ကို ဟန့်တားပိတ်ပင်ဖို့က ဖြစ်နိုင်ပါတယ်" ဟု ပြောဆိုခဲ့သည်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ပြီးခဲ့သည့် ဇူလိုင် ၂၃ ရက်တွင် ဘာစီလိုနာအသင်းက ချယ်လ်ဆီးအသင်းအား ၂-၁ ဖြင့် အရေးနိမ့်ခဲ့သော ခြေစမ်းပွဲတွင် ဘာစီလိုနာအသင်းအတွက် ပထမဆုံးအကြိမ်အဖြစ် ပါဝင်ကစားခဲ့သည်။ **ထက်အောင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (စစ်တွေ)မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့(ဖြည့်စွက်)ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း မြေသားလမ်း(၂/၀)မိုင်၊ သံကူကွန်ကရစ်တံတား(၂)စင်း၊ တံတားချဉ်းကပ်လမ်း၊ မြေထိန်းနံရံကာရံခြင်း(၂)ခုတို့အား ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ် အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အောက်ပါအစီအစဉ်အတိုင်းရောင်းချသွားမည်ဖြစ်ပါသည်။

(က) တင်ဒါစတင်ရောင်းချမည့်ရက် - ၂၉-၇-၂၀၁၉ရက်

(ခ) တင်ဒါပိတ်မည့်ရက် - ၁၂-၈-၂၀၁၉ရက် ညနေ ၄နာရီ

(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ စစ်တွေ

၃။ အိတ်ဖွင့်တင်ဒါလျှောက်ထားခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (စစ်တွေ)ဖုန်း-၀၉-၂၅၁၁၇၅၄၆၁၊ ၀၉-၄၂၀၇၁၀၃၉၂ တို့သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံချက်စက်ရုံများမှ ရေနံထွက်ပစ္စည်းများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | စက်ရုံ | ရေနံထွက်ပစ္စည်း အမျိုးအမည် | ပမာဏ (ဂါလန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|
| | | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | သံပရာကန် | ဓာတ်ဆီ | ၁၀၀၀၀၀၀ | ၂၆-၈-၂၀၁၉ | ၁း၀၀ | ၂၆-၈-၂၀၁၉ | ၂း၀၀ |
| ၂ | သံပရာကန် | ဓာတ်ဆီ | ၁၀၀၀၀၀၀ | ၂၈-၈-၂၀၁၉ | ၁း၀၀ | ၂၈-၈-၂၀၁၉ | ၂း၀၀ |
| ၃ | သံပရာကန် | ဓာတ်ဆီ | ၁၀၀၀၀၀၀ | ၂-၉-၂၀၁၉ | ၁း၀၀ | ၂-၉-၂၀၁၉ | ၂း၀၀ |
| ၄ | သံပရာကန် | ဓာတ်ဆီ | ၁၀၀၀၀၀၀ | ၄-၉-၂၀၁၉ | ၁း၀၀ | ၄-၉-၂၀၁၉ | ၂း၀၀ |
| ၅ | သံပရာကန် | ဓာတ်ဆီ | ၁၀၀၀၀၀၀ | ၉-၉-၂၀၁၉ | ၁း၀၀ | ၉-၉-၂၀၁၉ | ၂း၀၀ |
| ၆ | သံပရာကန် | ဓာတ်ဆီ | ၁၀၀၀၀၀၀ | ၁၁-၉-၂၀၁၉ | ၁း၀၀ | ၁၁-၉-၂၀၁၉ | ၂း၀၀ |
| ၇ | သံပရာကန် | ဓာတ်ဆီ | ၁၀၀၀၀၀၀ | ၁၆-၉-၂၀၁၉ | ၁း၀၀ | ၁၆-၉-၂၀၁၉ | ၂း၀၀ |
| ၈ | သံပရာကန် | ဒီဇယ်ဆီ | ၂၀၀၀၀၀၀ | ၂၆-၈-၂၀၁၉ | ၁း၀၀ | ၂၆-၈-၂၀၁၉ | ၂း၀၀ |
| ၉ | သံပရာကန် | ဒီဇယ်ဆီ | ၂၀၀၀၀၀၀ | ၃၀-၈-၂၀၁၉ | ၁း၀၀ | ၃၀-၈-၂၀၁၉ | ၂း၀၀ |
| ၁၀ | သံပရာကန် | ဒီဇယ်ဆီ | ၂၀၀၀၀၀၀ | ၂-၉-၂၀၁၉ | ၁း၀၀ | ၂-၉-၂၀၁၉ | ၂း၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား၂၅ရက်ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ်(ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8F/1498 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ဘေးသင့်ပြည်သူများအားထောက်ပံ့နိုင်ရန်အောက်ဖော်ပြပါကယ်ဆယ်ရေးပစ္စည်းများအတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမည် | အရေအတွက် | ပေးပို့ရမည့်နေရာ | ကြမ်းခင်းဈေး |
|---|---|---|---|---|
| Lot1 | ကျားလုံချည် ၁/၄၀(လုံချည်ကွင်းအကျယ် ၈၀"×အထက်အောက်အနံ ၄၈") | ၁၅၀၀၀ ထည် | ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့) | ၃၈၀၀ကျပ်(၁ထည်နှုန်း) |
| Lot2 | ကျားလုံချည် ၁/၄၀ (လုံချည်ကွင်းအကျယ် ၈၀"×အထက်အောက်အနံ ၄၈") | ၁၅၀၀၀ထည် | ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့) | ၃၈၀၀ကျပ်(၁ထည်နှုန်း) |
| Lot3 | မလုံချည် (လုံချည်ကွင်းအကျယ်၇၂"× အထက်အောက်အနံ ၄၂") | ၁၅၀၀၀ထည် | ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့) | ၃၅၀၀ကျပ်(၁ထည်နှုန်း) |
| Lot4 | မလုံချည်(လုံချည်ကွင်းအကျယ် ၇၂"×အထက်အောက်အနံ ၄၂") | ၁၅၀၀၀ထည် | ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့) | ၃၅၀၀ကျပ်(၁ထည်နှုန်း) |
| Lot5 | တဘက်(အလျား၅၄"×အနံ ၂၇") | ၁၅၀၀၀ထည် | ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့) | ၂၅၀၀ကျပ်(၁ထည်နှုန်း) |
| Lot6 | တဘက်(အလျား ၅၄"×အနံ၂၇") | ၁၅၀၀၀ထည် | ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့) | ၂၅၀၀ကျပ်(၁ထည်နှုန်း) |
| Lot7 | တီရှပ်(L,XL,XXL Size logoပါ) | ၂၅၀၀၀ထည် | ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့) | ၂၀၀၀ကျပ်(၁ထည်နှုန်း) |
| Lot8 | တီရှပ်(L,XL,XXL Size logoပါ) | ၂၅၀၀၀ထည် | ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့) | ၂၀၀၀ကျပ်(၁ထည်နှုန်း) |
| Lot9 | ဆပ်ပြာတောင့်(၂၀၀ဂရမ်) | ၁၅၀၀၀တောင့် | ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့) | ၃၇၀ကျပ်(၁တောင့်နှုန်း) |
| Lot10 | ဆပ်ပြာတောင့်(၂၀၀ဂရမ်) | ၁၅၀၀၀တောင့် | ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့) | ၃၇၀ကျပ်(၁တောင့်နှုန်း) |
| Lot11 | တာပေါ်လင်လိပ်(၆×၃၀၀) ပေ | ၅၀၀လိပ် | ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့) | ၁၅၀၀၀၀ကျပ်(၁လိပ်နှုန်း) |
| Lot12 | တာပေါ်လင်လိပ်(၆×၃၀၀)ပေ | ၅၀၀လိပ် | ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့) | ၁၅၀၀၀၀ကျပ်(၁လိပ်နှုန်း) |
| Lot13 | ဖိုင်ဘာစက်လှေ (13)HP(၈)ဦးဆံ့ | ၂၅စီး | ဗဟိုသိုလှောင်ရုံး(ရန်ကုန်မြို့) | ၂၃၀၀၀၀၀/-(၁စီးနှုန်း) |
| Lot14 | ဖိုင်ဘာစက်လှေ (13)HP(၈)ဦးဆံ့ | ၂၅စီး | ဗဟိုသိုလှောင်ရုံး(မန္တလေးမြို့) | ၂၃၀၀၀၀၀/-(၁စီးနှုန်း) |
| Lot15 | လူကြီးဝတ်အသက်ကယ်အင်္ကျီ | ၅၀၀၀ထည် | ဗဟိုသိုလှောင်ရုံး(ရန်ကုန်မြို့) | ၁၂၀၀၀/-(၁ထည်နှုန်း) |
| Lot16 | လူကြီးဝတ်အသက်ကယ်အင်္ကျီ | ၅၀၀၀ထည် | ဗဟိုသိုလှောင်ရုံး(မန္တလေးမြို့) | ၁၂၀၀၀/-(၁ထည်နှုန်း) |
| Lot17 | ကလေးဝတ်အသက်ကယ်အင်္ကျီ | ၅၀၀၀ထည် | ဗဟိုသိုလှောင်ရုံး(ရန်ကုန်မြို့) | ၇၀၀၀/-(၁ထည်နှုန်း) |
| Lot18 | ကလေးဝတ်အသက်ကယ်အင်္ကျီ | ၅၀၀၀ထည် | ဗဟိုသိုလှောင်ရုံး(မန္တလေးမြို့) | ၇၀၀၀/-(၁ထည်နှုန်း) |
| Lot19 | (၁၁)လိုင်းပါ ၇'အမိုးသွပ်(30)Guage | ၂၀၀၀၀ချပ် | ဗဟိုသိုလှောင်ရုံး(ရန်ကုန်မြို့) | ၄၂၀၀/-(၁ချပ်နှုန်း) |
| Lot20 | (၁၁)လိုင်းပါ ၇'အမိုးသွပ်(30) Guage | ၂၀၀၀၀ချပ် | ဗဟိုသိုလှောင်ရုံး(မန္တလေးမြို့) | ၄၂၀၀/-(၁ချပ်နှုန်း) |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်းဆောင်ရွက်သွားပါမည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် -၂၆-၇-၂၀၁၉ရက်မှ ၁၄-၈-၂၀၁၉ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ခ)တင်ဒါတင်သွင်းရမည့်ကာလ -၅-၈-၂၀၁၉ရက် ၀၉း၃၀နာရီမှ ၁၆-၈-၂၀၁၉ရက် ၁၆း၀၀နာရီအထိ

(ဂ)တင်ဒါရောင်းချမည့်နေရာ -ရုံးအမှတ် ၂၃၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဃ)တင်ဒါဖွင့်လှစ်မည့်ရက်နှင့်နေရာ -၂၀-၈-၂၀၁၉ရက် ၁၀း၀၀နာရီ၊ ရုံးအမှတ် ၂၃၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန (တင်ဒါဖွင့်လှစ်မည့်ရက်အပြောင်းအလဲရှိပါကကြိုတင်အကြောင်းကြားမည်ဖြစ်ပါသည်။)

၃။ အသေးစိတ်သိရှိလိုပါက Lot 1မှ Lot 12အထိ ပစ္စည်းများအတွက် ဖုန်း-၀၆၇-၃၄၀၄၀၇၄၊ ၀၆၇-၃၄၀၄၀၇၆တို့သို့လည်းကောင်း၊ Lot 13မှ Lot 20အထိ ပစ္စည်းများအတွက် ဖုန်း-၀၆၇-၃၄၀၄၃၉၅၊ ၀၆၇-၃၄၀၄၃၆၉တို့သို့လည်းကောင်း ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိရုံးဖွင့်ရက်များအတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ (ကုမ္ပဏီများအနေဖြင့် မိမိရောင်းချမည့်ပစ္စည်းများကိုစာချုပ်ချုပ်သည့်ရက်မှ ရက်သတ္တ(၃)ပတ်အတွင်း ပေးသွင်းရ မည်ဖြစ်ပါသည်။)

**တင်ဒါကော်မတီ**

CROWN ဘီလပ်မြေ

# ကရောင်းဘီလပ်မြေအရောင်းဌာနနှင့် ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ငွေရည်ပုလဲကုမ္ပဏီအုပ်စု၏ **ကရောင်းဘီလပ်မြေအရောင်းဌာန၊ ဆင်းရွှေလီသကြားအရောင်းဌာန** နှင့် **ရုံးခန်း**များအား မန္တလေးမြို့၊ ၃၅ လမ်းနှင့် ၆၅ လမ်းထောင့် (ရွှေပြည်မိုးလက်ဖက်ရည်ဆိုင်ဘေး)တွင် ပြောင်းရွှေ့ဖွင့်လှစ်ထားကြောင်း အသိပေးကြေငြာအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းအမှတ်**

ကရောင်းဘီလပ်မြေအရောင်းဌာန - (09) 264125510

ဆင်းရွှေလီသကြား အရောင်းဌာန - (09) 444041138, (09) 402671912

### ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အလက(ကောင်းဆာ) အဌမတန်းမှ မယုယု၏ ဖခင်အမည်မှန်မှာ ဦးရင်ကျိုင်း ၁၃/နခန (နိုင်) ၀၄၆၃၆၃ ဖြစ်ပါကြောင်း။

**ဦးရင်ကျိုင်း**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မာဝန်ဟုန်အုပ်စု၊ နားမော်(အထက-ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မမိုးမိုးခင်၏ ဖခင်အမည်မှန်မှာ ဦးကျင်ကီး ၅/ဟမလ (နိုင်) ၁၂၁၉၃၄ ဖြစ်ပါကြောင်း။

**ဦးကျင်ကီး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

သံတောင်ကြီးမြို့၊ ရှမ်းလယ်ပြင်အောက်ကျေးရွာနေ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် စောကျော်မင်းလွင်၏ဖခင် စောဖလယ်ထူး(ခ)ဦးစောဖလှယ်ထူး (ခ) ဦးတောမင်း ၃/သတန (နိုင်) ၀၁၆၇၅၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်မ မရွှေအောင် ၁/ဗမန(နိုင်) ၀၇၉၅၆၂၏ နိုင်ငံကူးလက်မှတ်အမှတ် **(မမှတ်မိ)**သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၂၂၆၇၆၀**

### အမည်မှန်

ဦးနေလင်း၏သား မတ္တရာမြို့၊ အထက (မြို့သစ်) တက္ကသိုလ်ဝင်တန်း (A)မှ မောင်နေသီဟထွန်း၏အမည်မှန်မှာ မောင်သီဟထွန်း ၉/မတရ(နိုင်) ၂၂၀၄၁၉ ဖြစ်ပါကြောင်း။

**မောင်သီဟထွန်း**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/ 8341 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြဝတီ)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9G/7273၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ပျောက်ဆုံးကြောင်း**

ရန်ကုန်မြို့နေ မောင်စည်သူ ၁၂/ဒဂရ (နိုင်) ၀၁၃၀၅၀၏ နိုင်ငံကူးလက်မှတ် **(မမှတ်မိ)**မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၁၀၂၄၃**

**မိခင် အမည်မှန်**

မုဒုံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(ဂ)မှ မယုယုလှိုင်၏ မိခင်အမည်မှန်မှာ ဒေါ်နှင်းကေခိုင် ၁၀/မဒန(နိုင်)၁၃၄၂၈၀ ဖြစ်ပါကြောင်း။

**ဒေါ်နှင်းကေခိုင်**

### မိခင်အမည်မှန်

မုဒုံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(ဂ)မှ မဇွန်နိုင်း၏ မိခင်အမည်မှန်မှာ ဒေါ်ခင်အေးရီ ၆/ကသန(နိုင်) ၀၂၂၉၀၃ ဖြစ်ပါကြောင်း။

**ဒေါ်ခင်အေးရီ**

### မိခင်အမည်မှန်

မုဒုံမြို့၊ အထက(၃)တက္ကသိုလ်ဝင်တန်း(က)မှ မထက်ရွှေဇင်လင်း၏ မိခင်အမည်မှန်မှာ ဒေါ်စန်းရင် ၁၀/မဒန (နိုင်) ၁၀၁၉၈၀ ဖြစ်ပါကြောင်း။

**ဒေါ်စန်းရင်**

### မိခင်အမည်မှန်

မုဒုံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ဖြိုးဇေယာလင်း၏ မိခင်အမည်မှန်မှာ ဒေါ်ညိုဆန်း ၁၀/မဒန (နိုင်) ၀၅၈၄၈၉ ဖြစ်ပါကြောင်း။

**ဒေါ်ညိုဆန်း**

### မိခင်အမည်မှန်

မုဒုံမြို့၊အထက(၃)အဌမတန်း(ဃ)မှ မောင်လင်းထူးစံ မိခင်အမည်မှန်မှာ ဒေါ်မြင့်ရီ ၁၀/ကမရ (နိုင်) ၁၈၅၄၆၉ ဖြစ်ပါကြောင်း။

**ဒေါ်မြင့်ရီ**

### ဖခင်အမည်မှန်

မုဒုံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်နေမျိုးဆွေ၏ ဖခင်အမည်မှန်မှာ ဦးမင်းမြင့်ဆွေ ၁၀/ရမန (နိုင်) ၁၂၂၅၁၈ ဖြစ်ပါကြောင်း။

**ဦးမင်းမြင့်ဆွေ**

### ဖခင်အမည်မှန်

မုဒုံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(ဂ)မှ မသန်းသန်းမြင့်၏ ဖခင်အမည်မှန်မှာ ဦးအောင်မင်းဦး ၃/ကဆက (နိုင်)၀၅၃၇၄၀ ဖြစ်ပါကြောင်း။

**ဦးအောင်မင်းဦး**

### မိခင်အမည်မှန်

မုဒုံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(က)မှ မနှင်းနဒီထွန်း၏မိခင်အမည်မှန်မှာ ဒေါ်မေဆွိ ၁၀/ကမရ (နိုင်) ၀၉၈၁၇၃ ဖြစ်ပါကြောင်း။

**ဒေါ်မေဆွိ**

### ဖခင်အမည်မှန်

မုဒုံမြို့၊ အထက(၃) အဌမတန်း(ဃ)မှ မထက်ရှန်းအိမ်၏ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းလွင် ၁၄/ပသရ (နိုင်) ၀၉၂၀၄၂ ဖြစ်ပါကြောင်း။

**ဦးကျော်ဆန်းလွင်**

# "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

Barons & Fujikura EPC Co., Ltd. သည် Bureau Veritas Certification Holding SAS – UK Branch မှ ပေးအပ်သော OHSAS 18001:2007 နှင့် ISO 9001:2015 တို့အား Certificate No. : IND19.12121U/HS နှင့် Certificate No. : TH013588 တို့ဖြင့်

"Provision of Design, Engineering, Procurement, Construction and Project Management Services for Telecom and Power Sector Projects"

များအတွက် ရရှိကြောင်း သိရှိရသည့်အတွက် Barons & Fujikura EPC Co., Ltd. ကိုယ်စား အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါသည်။ Barons & Fujikura EPC Co., Ltd. အနေဖြင့်လည်း နိုင်ငံအတွက် အကျိုးပြုမည့် လုပ်ငန်းဆောင်တာများအား ဆထက်ထမ်းပိုး ဆက်လက်လုပ်ဆောင်သွားနိုင်ပါစေကြောင်း HTUN NAY WUN THITSAR CO., LTD. မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဂုဏ်ယူဝမ်းမြောက်စွာဖြင့်

HTUN NAY WUN THITSAR CO., LTD. Exclusive Dealer by DOOSAN


**ဖခင်အမည်မှန်**

လှိုင်သာယာမြို့နယ် (FMI) CITY Premiun Education, Center Grade-2 မှ မယုရတနာခိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးညွန့် ၁/မကန(နိုင်)၀၄၈၂၉၀ ဖြစ်ပါကြောင်း။

**မွေးသက္ကရာဇ်အမှန်**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ သတိပဋ္ဌာန်ရပ်ကွက်နေ (ဘ)ဦးကျော်ကျော်ဦး၏သား မောင်ဆန်းလွင်မိုး (တက္ကသိုလ်ဝင်တန်းအောင်) ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၅-၂၀၀၁ ဖြစ်ပါကြောင်း။

## ကုန်အမှတ်တံဆိပ် အသုံးပြုခြင်းနှင့် ပတ်သက်ပြီး အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ သီလဝါအထူးစီးပွားရေးဇုန် လော့အမှတ် C-15+C-18, ဇုန် - အေ ရှိ TCCC Myanmar Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေငြာအပ်ပါသည်။

အလုံးတိုင်းမှာ မျှတစွာ

MC

နွားခေါင်း - ထယ်တံဆိပ်



TCCC Myanmar Ltd ၏ အဓိကအစုရှယ်ယာရှင်ဖြစ်သည့် Thai Central Chemical Public Co., Ltd သည် **"အလုံးတိုင်းမှာ မျှတစွာ MC နွားခေါင်း-ထယ်တံဆိပ်"** ကုန်အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများနှင့်အညီ မြန်မာနိုင်ငံစာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် - ၄/၉၇၄/၂၀၁၇ ဖြင့် ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ ၈ရက်နေ့တွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ TCCC Myanmar Ltd. သည် Thai Central Chemical Public Co., Ltd. ၏ **"အလုံးတိုင်းမှာ မျှတစွာ MC နွားခေါင်း-ထယ်တံဆိပ်"** ကုန်အမှတ်တံဆိပ် တပ်ဆင်ထားသော ဓါတ်မြေသြဇာ အမျိုးမျိုးကို မြန်မာနိုင်ငံတွင် တရားဝင်တင်သွင်း၊ ဖြန့်ဖြူးရောင်းချရန်အတွက် တစ်ဦးတည်း ကိုယ်စားလှယ်ရရှိထားပါသည်။

TCCC Myanmar Ltd. သည် **"အလုံးတိုင်းမှာ မျှတစွာ MC နွားခေါင်း-ထယ်တံဆိပ်"** ကုန်အမှတ်တံဆိပ် အသုံးပြုထားသော မြေသြဇာအမျိုးမျိုးအား ဖြန့်ဖြူးရောင်းချခြင်း နှင့် တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ ဆိုင်းဘုတ်၊ တီဗီ၊ မဂ္ဂဇင်း၊ လက်ကမ်းကြော်ငြာ၊ စာစောင်ကြော်ငြာ၊ (Letter Head, Internet, Email & Website, Facebook)၊ ငွေရပြေစာ၊ ဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗီနိုင်း၊ စတစ်ကာ၊ ထီး၊ အဂတ်အထည်အမျိုးမျိုး အစရှိသည်တို့တွင် ခေတ်နှင့်လျော်ညီစွာ ရောင်းအားမြှင့်တင်ရေးလုပ်ငန်းတို့တွင်လည်း အသုံးပြုလျှက်ရှိပါသည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ မြေသြဇာကော်မတီမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာ ဆောင်ရွက်၍ ဓါတ်မြေသြဇာ ထုတ်ကုန်အိတ်များအပေါ်တွင် ဓါတ်မြေသြဇာ ဖော်မြူလာ အချိုးအစား နှင့် သုံးစွဲရန်အညွှန်း များကို မြန်မာ - အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖော်ပြကာ ဖြန့်ဖြူးရောင်းချလျှက် ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်နှင့် **"အလုံးတိုင်းမှာ မျှတစွာ MC နွားခေါင်း-ထယ်တံဆိပ်"** (Logo) အားတစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှားတုပခြင်း၊ သံတူကြောင်းကွဲပြုလုပ်၍ ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်သုံးစွဲခြင်းများ လုံးဝ မပြုလုပ်ရန်နှင့် ပြုလုပ်ကြောင်းတွေ့ရှိပါက TCCC Myanmar Ltd. ၏ အဓိက အစုရှယ်ယာရှင်ဖြစ်သော Thai Central Chemical Public Co., Ltd. အနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**TCCC Myanmar Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မေသွယ်လှိုင် LL.B., LL.M., DIPL, (H.G.P. No. 40623)**

**Tilleke & Gibbins Myanmar Ltd.**

အခန်းအမှတ်-၁၆၀၈၊ ၁၆ လွှာ၊ ဆာကူရာတာဝါ၊ ၃၃၉ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။
နေ့စွဲ: ၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၂၆ရက်။

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ တွင်းများ အထက ခွဲ၊ ဆဋ္ဌမတန်းမှ မောင်ချစ်မင်းသူ၏ဖခင်အမည်မှန်မှာ ဦးမောင်စိုး ၉/တသန(နိုင်)၁၆၉၉၀၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဗန်းမော်မြို့ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(A) မှ မဖြူဖြူဝင်း၏ ဖခင်အမည်မှန်မှာ ဦးကူးမာရ် ၁/ဗမန (နိုင်)၀၆၅၅၇၉ ဖြစ်ပါကြောင်း။

**ဦးကူးမာရ်**

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ တွင်းများ အထက ခွဲ၊ ဆဋ္ဌမတန်းမှ မောင်ဇင်လင်းဦး၏ ဖခင်အမည်မှန်မှာ ဦးတိုးနိုင် ၉/တသန(နိုင်)၁၇၃၉၈၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဗန်းမော်မြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(A)မှ မဖော်ယမ်ခေါန်မိုင်၏ ဖခင်အမည်မှန်မှာ ဦးနော်လာ ၁/မစန (နိုင်)၀၆၆၇၇၄ ဖြစ်ပါကြောင်း။

**ဦးနော်လာ**

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ တွင်းများ အထက ခွဲ၊ နဝမတန်းမှ မဇင်မာဝေ၊ သတ္တမတန်းမှ မောင်မျိုးအောင် တတိယတန်းမှ မောင်မျိုးမင်းထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာလင်း ၉/တသန (နိုင်)၁၄၈၁၉၄ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်နှင့်ဖခင်အမည်မှန်

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဗန်းမော်မြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(B)မှ မလွမ့်နန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၁၁-၂၀၀၄ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဖှတူး ၁/မစန (နိုင်)၀၂၄၅၃၃ ဖြစ်ပါကြောင်း။

**ဦးကျော်ဖှတူး**

### မိဘအမည်မှန်

တောင်သာမြို့နယ်၊ တွင်းများ အထက ခွဲ၊ တက္ကသိုလ်ဝင်တန်းမှ မဇင်၏ မိဘအမည်မှန်မှာ ဦးထွန်းနောင် ၉/တသန(နိုင်)၁၂၅၀၅၄ နှင့် ဒေါ်ပြုံးချို ၉/တသန(နိုင်)၁၇၄၉၀၆ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

နမ့်ခမ်းမြို့၊ ဖာလင်ကျေးရွာနေ ဦးမောင်တိုးတိုး၏ သမီး လွေးစုလှိုင်မျိုး အထက(၁) တက္ကသိုလ်ဝင်တန်း၏ မိခင်အမည်မှန်မှာ ဒေါ်မလွမ်း ၁၃/နခန(နိုင်)၀၆၉၇၄၁ ဖြစ်ပါကြောင်း။

**ဒေါ်မလွမ်း**

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ တွင်းများ အထက ခွဲ၊ အဋ္ဌမတန်းမှ မောင်အောင်သူ၊ စတုတ္ထတန်းမှ မသက်သက်ဆွေတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်စိုး ၉/တသန(နိုင်)၁၄၄၇၆၄ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(မန်အောင်)မှ ဆဋ္ဌမတန်း ဖြေဆိုအောင်မြင်ပြီးသော မိုင်းဖြိုးမင်းကိုကို၏ ဖခင်အမည်မှန်မှာ ဦးညီသန်းစိန် ၁၃/နခန(နိုင်) ၀၅၄၇၆၇ ဖြစ်ပါကြောင်း။

**ဦးညီသန်းစိန်**

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ တွင်းများ အထက ခွဲ၊ ပထမတန်းမှ မအိရွှေစင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းကို ၉/တသန(နိုင်)၁၇၃၉၂၈ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အလက(ကောင်းဆာ)၊ G(6) မှ လွေးအေအောင်ပွင့်နှင့် တတိယတန်းမှ မိုင်းအိုက်ထွန်းယဉ်တို့၏ ဖခင်အမည်မှန်မှာ မောင်အိုက် NKM -၁၁၂၁၆၅ ဖြစ်ပါကြောင်း။

**မောင်အိုက်**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မိုင်းဖြတ်မြို့နယ်၊ ဝမ်ဟွေရပ်ကွက်နေ ဦးမိုးဒေ၏သား မန္တလေး အဝေးသင်တက္ကသိုလ်၊ ကျိုင်းတုံဌာနခွဲ၊ ပထဝီဝင်(တတိယနှစ်)မှ မောင်ရောဘတ်မိုးနှင့် မောင်ယောဘမိုး ၁၃/မဖန(နိုင်)၀၂၃၂၂၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်ရောဘတ်မိုး(ခ)မောင်ယောဘမိုး**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ဆန်ဆိုင်းဝန်ထမ်းအိမ်ရာနေ ကျွန်မ ဒေါ်ချိုချိုထွေး ၁၃/တကန(နိုင်)၀၅၄၃၈၃ နှင့် ခင်ပွန်းဖြစ်သူ ဦးကျော်မိုးဆွေ ၇/သကန(နိုင်)၀၉၅၉၄၆ တို့သည် ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယနေ့အချိန်ထိ ပေါင်းသင်းနေထိုင်ခဲ့ခြင်းမရှိတော့ဘဲ ၁၄-၇-၂၀၁၉ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲလက်မှတ်ရေးထိုးပြီးဖြစ်ပါသဖြင့် ကျွန်မ ဒေါ်ချိုချိုထွေးနှင့် ဦးကျော်မိုးဆွေတို့သည် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ချိုချိုထွေး ၁၃/တကန(နိုင်)၀၅၄၃၈၃**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် SHN/6078 Houjue 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအဂျီ ၁၃/မယန(နိုင်)၀၁၄၅၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)**

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အထက (ခွဲ) ရန်မနိုင် တက္ကသိုလ်ဝင်တန်းမှ မောင်လှိုင်ထက်မင်းနှင့် အဋ္ဌမတန်းမှ မဝင်းလဲ့သွယ်တို့၏ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၁၄/ဝခမ (နိုင်)၂၇၆၇၄၄ ဖြစ်ပါကြောင်း။

**ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ လူမှုဝန်ထမ်းအိမ်ရာ၊ DELTA PLAZA၊ အခန်း-၅၀၂၊ တိုက်-အေတွင်ယခင်နေထိုင်ပြီး (ယခုနေရပ်လိပ်စာမသိ)**

## ကိုသက်လင်းဦး(ဘ)ဦးဝင်းမောင်နှင့်အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ တိုက်-အေ၊ အခန်း(၈၀၃)၊ DELTA PLAZA နေ ဦးအောင်မိုးဇော် ၁၂/ဗဟန(နိုင်)၀၀၃၉၇၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကိုသက်လင်းဦး ၁၂/ဒဂတ(နိုင်)၀၄၀၅၃၇ နှင့် ကျွန်ုပ်တို့၏မိတ်ဆွေသည် လွန်ခဲ့သော ၂၀၁၀ခုနှစ် (၅)လပိုင်းမှစတင်၍ သိကျွမ်းခဲ့ကြကြောင်း၊ လူကြီးမင်းက အငှားယာဉ်မောင်းလိုကြောင်းပြောဆိုရာမှ ကျွန်ုပ်တို့မိတ်ဆွေက ၎င်းပိုင်ဆိုင်သည့် BB/2133(Probox) အမျိုးအစား အငှားယာဉ်ကို တစ်နေ့လျှင် ငွေကျပ်(၁၀၀၀၀/-)နှုန်းဖြင့် တစ်လလျှင် ငွေကျပ် ၃၀၀၀၀၀/- ဖြင့် ငှားရမ်းရန် သဘောတူကြရာ ငှားရမ်းခြင်းစာချုပ်ကို ၁၆-၁၂-၂၀၁၃ ရက်တွင် ချုပ်ဆိုခဲ့ကြကြောင်း စာချုပ်ပြသသဖြင့်လည်းကောင်း၊ ပြောကြားချက်အရလည်းကောင်း သိရှိရပါသည်။

လူကြီးမင်းသည် ယာဉ်ငှားရမ်းခငွေများကို ပထမပိုင်းတွင် မှန်မှန်ပေးခဲ့သော်လည်း နောက်ပိုင်း၌ ယာဉ်ငှားရမ်းခငွေများ ပေးအပ်ခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိကြောင်း သိရှိရပါသည်။ ယာဉ်လိုင်စင်သက်တမ်းတိုးမြှင့်ရန်အတွက် ယာဉ်ကိုလာရောက်အပ်နှံခြင်းမရှိသည့်အပြင် ယာဉ်ငှားရမ်းခငွေများ ပေးအပ်ခြင်းမရှိသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အငှားယာဉ်ကို ဆက်လက်ငှားရမ်းရန်ဆန္ဒမရှိတော့ကြောင်း သိရှိရပါသည်။ သို့ပါ၍ အဆိုပါယာဉ်ကို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့၏မိတ်ဆွေထံ ပြန်လည်အပ်နှံရန်နှင့် အပ်နှံခြင်းမပြုဘဲ တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်းပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုသက်လင်းဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းအောင်(B.A(Law);LL.B)**
**တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်**
**(စဉ်-၂၁၆၄)**

**ဒေါ်သန်းမြင့်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၆၆၁)**

**ရုံး အမှတ်-၅၆၃၊ အခန်း-၁၀၄/၄၊ MAC Tower၊ (ပ)ထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

### ဖခင်အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မလွယ်စိုက်၏ ဖခင်အမည်မှန်မှာ ဦးအေးမောင် ၃/ကဆက(နိုင်)၀၆၃၇၉၈ ဖြစ်ပါကြောင်း။

### မိဘအမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(B)မှ မသဇင်မွေး ၃/ကဆက(နိုင်)၀၉၄၄၀၇ ၏ မိဘအမည်မှန်မှာ ဦးစိန်ဝင်း ၃/ကဆက(နိုင်)၀၄၉၇၁၇နှင့် ဒေါ်မြင့်သန်း-KIN၀၈၂၄၈၆ ဖြစ်ပါကြောင်း။

### အမည်မှန်နှင့်မိခင်အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်း(B)မှ မောင်ဇနူမွန်၏ အမည်မှန်မှာ မင်းဇနူးမွန်ဖြစ်ပြီး၊ မိခင်ဒေါ်စိုက်လွန်၏ အမည်မှန်မှာ ဒေါ်စန်းလွန် ၃/ကဆက(နိုင်)၀၄၄၇၄၀ ဖြစ်ပါကြောင်း။

### မိဘအမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မသဇင်မိုး ၃/ကဆက(နိုင်)၀၈၈၆၈၃ ၏မိဘအမည်မှန်မှာ ဦးမောင်ကျော် ၃/ကဆက(နိုင်)၀၃၉၉၇၈ နှင့် ဒေါ်သီတာခိုင် ၃/ကဆက(နိုင်)၀၄၃၃၃၁ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဆဋ္ဌမတန်း (သင်ရိုးဟောင်း)မှ မလပြည့်ဝန်း၏ မိခင်အမည်မှန်မှာ ဒေါ်ကွန်မီး ၃/ကဆက(နိုင်)၀၅၂၃၂၅ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်း (B) မှ မအိုင်းနွန်ချမ်း၏ မိခင်အမည်မှန်မှာ ဒေါ်စန်းရီ ၃/ကဆက(နိုင်)၀၆၂၉၄၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်း (B) မှ မောင်နိုင်ဦး၏ဖခင်အမည်မှန်မှာ ဦးသိုက်-၃/ကဆက (နိုင်)၁၁၄၄၃၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်း (A) မှ မိမော်ချမ်း၏ ဖခင်အမည်မှန်မှာ ဦးကွဲ့ ၃/ကဆက(နိုင်)၀၆၃၅၇၁ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်း (B) မှ မိစိုက်နွန်၏ မိခင်အမည်မှန်မှာ ဒေါ်တင်တင်ခိုင် ၃/ကဆက(နိုင်)၀၈၃၂၈၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(B)မှ မတွန်းပကောင်း၏ဖခင်အမည်မှန်မှာ ဦးစံထွန်း ၃/ကဆက (နိုင်)၀၃၇၁၁၉ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နဝမတန်း (B) မှ မောင်နေထက်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်အေး ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်း (A) မှ မိပကောင်းစွန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွန်း ၃/ကဆက(နိုင်)၀၄၉၆၈၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဆဋ္ဌမတန်း (သင်ရိုးဟောင်း)မှ မင်းစိုက်ထော၏ ဖခင်အမည်မှန်မှာ ဦးမောင်ထိန် ၃/ကဆက (နိုင်)၀၆၃၀၀၁ ဖြစ်ပါကြောင်း။

| အကွက်အမှတ် | ဦးပိုင်အမှတ် | အကွက်အမှတ် | ဦးပိုင်အမှတ် | အကွက်အမှတ် | ဦးပိုင်အမှတ် | အကွက်အမှတ် | ဦးပိုင်အမှတ် | အကွက်အမှတ် | ဦးပိုင်အမှတ် |
|---|---|---|---|---|---|---|---|---|---|
| ဓဓ-၃၅၊ | ၁၅၁ | ဓဓ-၃၆၊ | ၁၇ | ဓဓ-၃၆၊ | ၅၀ | ဓဓ-၃၆၊ | ၁၅၄ | ဓဓ-၃၇၊ | ၂၀ |
| ဓဓ-၃၅၊ | ၁၅၂ | ဓဓ-၃၆၊ | ၁၈ | ဓဓ-၃၆၊ | ၅၁ | ဓဓ-၃၆၊ | ၁၅၅ | ဓဓ-၃၇၊ | ၂၁ |
| ဓဓ-၃၅၊ | ၁၅၃ | ဓဓ-၃၆၊ | ၁၉ | ဓဓ-၃၆၊ | ၅၂ | ဓဓ-၃၆၊ | ၁၅၆ | ဓဓ-၃၇၊ | ၂၂ |
| ဓဓ-၃၅၊ | ၁၅၄ | ဓဓ-၃၆၊ | ၂၀ | ဓဓ-၃၆၊ | ၅၃ | ဓဓ-၃၆၊ | ၁၅၇ | ဓဓ-၃၇၊ | ၂၃ |
| ဓဓ-၃၅၊ | ၁၅၅ | ဓဓ-၃၆၊ | ၂၁ | ဓဓ-၃၆၊ | ၅၄ | ဓဓ-၃၆၊ | ၁၅၈ | ဓဓ-၃၇၊ | ၂၄ |
| ဓဓ-၃၅၊ | ၁၅၆ | ဓဓ-၃၆၊ | ၂၂ | ဓဓ-၃၆၊ | ၅၅ | ဓဓ-၃၆၊ | ၁၅၉ | ဓဓ-၃၇၊ | ၂၅ |
| ဓဓ-၃၅၊ | ၁၅၇ | ဓဓ-၃၆၊ | ၂၃ | ဓဓ-၃၆၊ | ၅၆ | ဓဓ-၃၆၊ | ၁၆၀ | ဓဓ-၃၇၊ | ၂၆ |
| ဓဓ-၃၇၊ | ၂၇ | ဓဓ-၃၇၊ | ၆၁ | ဓဓ-၃၇၊ | ၉၅ | ဓဓ-၃၇၊ | ၁၃၀ | ဓဓ-၃၈၊ | ၈ |
| ဓဓ-၃၇၊ | ၂၈ | ဓဓ-၃၇၊ | ၆၂ | ဓဓ-၃၇၊ | ၉၆ | ဓဓ-၃၇၊ | ၁၃၁ | ဓဓ-၃၈၊ | ၉ |
| ဓဓ-၃၇၊ | ၂၉ | ဓဓ-၃၇၊ | ၆၃ | ဓဓ-၃၇၊ | ၉၇ | ဓဓ-၃၇၊ | ၁၃၂ | ဓဓ-၃၈၊ | ၁၀ |
| ဓဓ-၃၇၊ | ၃၀ | ဓဓ-၃၇၊ | ၆၄ | ဓဓ-၃၇၊ | ၉၈ | ဓဓ-၃၇၊ | ၁၃၃ | ဓဓ-၃၈၊ | ၁၁ |
| ဓဓ-၃၇၊ | ၃၁ | ဓဓ-၃၇၊ | ၆၅ | ဓဓ-၃၇၊ | ၉၉ | ဓဓ-၃၇၊ | ၁၃၄ | ဓဓ-၃၈၊ | ၁၂ |
| ဓဓ-၃၇၊ | ၃၂ | ဓဓ-၃၇၊ | ၆၆ | ဓဓ-၃၇၊ | ၁၀၀ | ဓဓ-၃၇၊ | ၁၃၅ | ဓဓ-၃၈၊ | ၁၃ |
| ဓဓ-၃၇၊ | ၃၃ | ဓဓ-၃၇၊ | ၆၇ | ဓဓ-၃၇၊ | ၁၀၁ | ဓဓ-၃၇၊ | ၁၃၆ | ဓဓ-၃၈၊ | ၁၄ |
| ဓဓ-၃၇၊ | ၃၄ | ဓဓ-၃၇၊ | ၆၈ | ဓဓ-၃၇၊ | ၁၀၂ | ဓဓ-၃၇၊ | ၁၃၇ | ဓဓ-၃၈၊ | ၁၅ |
| ဓဓ-၃၇၊ | ၃၅ | ဓဓ-၃၇၊ | ၆၉ | ဓဓ-၃၇၊ | ၁၀၃ | ဓဓ-၃၇၊ | ၁၃၈ | ဓဓ-၃၈၊ | ၁၆ |
| ဓဓ-၃၇၊ | ၃၆ | ဓဓ-၃၇၊ | ၇၀ | ဓဓ-၃၇၊ | ၁၀၄ | ဓဓ-၃၇၊ | ၁၃၉ | ဓဓ-၃၈၊ | ၁၇ |
| ဓဓ-၃၇၊ | ၃၇ | ဓဓ-၃၇၊ | ၇၁ | ဓဓ-၃၇၊ | ၁၀၅ | ဓဓ-၃၇၊ | ၁၄၀ | ဓဓ-၃၈၊ | ၁၈ |
| ဓဓ-၃၇၊ | ၃၈ | ဓဓ-၃၇၊ | ၇၂ | ဓဓ-၃၇၊ | ၁၀၇ | ဓဓ-၃၇၊ | ၁၄၁ | ဓဓ-၃၈၊ | ၁၉ |
| ဓဓ-၃၇၊ | ၃၉ | ဓဓ-၃၇၊ | ၇၃ | ဓဓ-၃၇၊ | ၁၀၈ | ဓဓ-၃၇၊ | ၁၄၂ | ဓဓ-၃၈၊ | ၂၀ |
| ဓဓ-၃၇၊ | ၄၀ | ဓဓ-၃၇၊ | ၇၄ | ဓဓ-၃၇၊ | ၁၀၉ | ဓဓ-၃၇၊ | ၁၄၃ | ဓဓ-၃၈၊ | ၂၁ |
| ဓဓ-၃၇၊ | ၄၁ | ဓဓ-၃၇၊ | ၇၅ | ဓဓ-၃၇၊ | ၁၁၀ | ဓဓ-၃၇၊ | ၁၄၄ | ဓဓ-၃၈၊ | ၂၂ |
| ဓဓ-၃၇၊ | ၄၂ | ဓဓ-၃၇၊ | ၇၆ | ဓဓ-၃၇၊ | ၁၁၁ | ဓဓ-၃၇၊ | ၁၄၅ | ဓဓ-၃၈၊ | ၂၃ |
| ဓဓ-၃၇၊ | ၄၃ | ဓဓ-၃၇၊ | ၇၇ | ဓဓ-၃၇၊ | ၁၁၂ | ဓဓ-၃၇၊ | ၁၄၆ | ဓဓ-၃၈၊ | ၂၄ |
| ဓဓ-၃၇၊ | ၄၄ | ဓဓ-၃၇၊ | ၇၈ | ဓဓ-၃၇၊ | ၁၁၃ | ဓဓ-၃၇၊ | ၁၄၇ | ဓဓ-၃၈၊ | ၂၅ |
| ဓဓ-၃၇၊ | ၄၅ | ဓဓ-၃၇၊ | ၇၉ | ဓဓ-၃၇၊ | ၁၁၄ | ဓဓ-၃၇၊ | ၁၅၄ | ဓဓ-၃၈၊ | ၂၆ |
| ဓဓ-၃၇၊ | ၄၆ | ဓဓ-၃၇၊ | ၈၀ | ဓဓ-၃၇၊ | ၁၁၅ | ဓဓ-၃၇၊ | ၁၅၅ | ဓဓ-၃၈၊ | ၂၇ |
| ဓဓ-၃၇၊ | ၄၇ | ဓဓ-၃၇၊ | ၈၁ | ဓဓ-၃၇၊ | ၁၁၆ | ဓဓ-၃၇၊ | ၁၆၂ | ဓဓ-၃၈၊ | ၂၈ |
| ဓဓ-၃၇၊ | ၄၈ | ဓဓ-၃၇၊ | ၈၂ | ဓဓ-၃၇၊ | ၁၁၇ | ဓဓ-၃၇၊ | ၁၆၃ | ဓဓ-၃၈၊ | ၂၉ |
| ဓဓ-၃၇၊ | ၄၉ | ဓဓ-၃၇၊ | ၈၃ | ဓဓ-၃၇၊ | ၁၁၈ | ဓဓ-၃၇၊ | ၁၆၄ | ဓဓ-၃၈၊ | ၃၀ |
| ဓဓ-၃၇၊ | ၅၀ | ဓဓ-၃၇၊ | ၈၄ | ဓဓ-၃၇၊ | ၁၁၉ | ဓဓ-၃၇၊ | ၁၆၅ | ဓဓ-၃၈၊ | ၃၁ |
| ဓဓ-၃၇၊ | ၅၁ | ဓဓ-၃၇၊ | ၈၅ | ဓဓ-၃၇၊ | ၁၂၀ | ဓဓ-၃၇၊ | ၁၆၆ | ဓဓ-၃၈၊ | ၃၂ |
| ဓဓ-၃၇၊ | ၅၂ | ဓဓ-၃၇၊ | ၈၆ | ဓဓ-၃၇၊ | ၁၂၁ | ဓဓ-၃၇၊ | ၁၆၇ | ဓဓ-၃၈၊ | ၃၃ |
| ဓဓ-၃၇၊ | ၅၃ | ဓဓ-၃၇၊ | ၈၇ | ဓဓ-၃၇၊ | ၁၂၂ | ဓဓ-၃၇၊ | ၁၆၈ | ဓဓ-၃၈၊ | ၃၄ |
| ဓဓ-၃၇၊ | ၅၄ | ဓဓ-၃၇၊ | ၈၈ | ဓဓ-၃၇၊ | ၁၂၃ | ဓဓ-၃၈၊ | ၁ | ဓဓ-၃၈၊ | ၃၅ |
| ဓဓ-၃၇၊ | ၅၅ | ဓဓ-၃၇၊ | ၈၉ | ဓဓ-၃၇၊ | ၁၂၄ | ဓဓ-၃၈၊ | ၂ | ဓဓ-၃၈၊ | ၃၆ |
| ဓဓ-၃၇၊ | ၅၆ | ဓဓ-၃၇၊ | ၉၀ | ဓဓ-၃၇၊ | ၁၂၅ | ဓဓ-၃၈၊ | ၃ | ဓဓ-၃၈၊ | ၃၇ |
| ဓဓ-၃၇၊ | ၅၇ | ဓဓ-၃၇၊ | ၉၁ | ဓဓ-၃၇၊ | ၁၂၆ | ဓဓ-၃၈၊ | ၄ | ဓဓ-၃၈၊ | ၃၈ |
| ဓဓ-၃၇၊ | ၅၈ | ဓဓ-၃၇၊ | ၉၂ | ဓဓ-၃၇၊ | ၁၂၇ | ဓဓ-၃၈၊ | ၅ | ဓဓ-၃၈၊ | ၃၉ |
| ဓဓ-၃၇၊ | ၅၉ | ဓဓ-၃၇၊ | ၉၃ | ဓဓ-၃၇၊ | ၁၂၈ | ဓဓ-၃၈၊ | ၆ | ဓဓ-၃၈၊ | ၄၀ |
| ဓဓ-၃၇၊ | ၆၀ | ဓဓ-၃၇၊ | ၉၄ | ဓဓ-၃၇၊ | ၁၂၉ | ဓဓ-၃၈၊ | ၇ | ဓဓ-၃၈၊ | ၄၁ |
| ဓဓ-၃၈၊ | ၄၂ | ဓဓ-၃၈၊ | ၇၅ | ဗဗ-၇၊ | ၇၆ | ဗဗ-၇၊ | ၂၀၁ | ဗဗ-၈၊ | ၂၀၈ |
| ဓဓ-၃၈၊ | ၄၃ | ဓဓ-၃၈၊ | ၇၆ | ဗဗ-၇၊ | ၈၂ | ဗဗ-၇၊ | ၂၀၂ | ဗဗ-၈၊ | ၂၀၉ |
| ဓဓ-၃၈၊ | ၄၄ | ဖဖ-၉၊ | ၁၀၂ | ဗဗ-၇၊ | ၉၃ | ဗဗ-၇၊ | ၂၀၄ | ဗဗ-၈၊ | ၂၁၄ |
| ဓဓ-၃၈၊ | ၄၅ | ဖဖ-၉၊ | ၁၃၄ | ဗဗ-၇၊ | ၉၄ | ဗဗ-၇၊ | ၂၁၄ | ဗဗ-၈၊ | ၂၁၅ |
| ဓဓ-၃၈၊ | ၄၆ | ဖဖ-၉၊ | ၁၃၅ | ဗဗ-၇၊ | ၁၁၆ | ဗဗ-၇၊ | ၂၂၇ | ဗဗ-၈၊ | ၂၁၉ |
| ဓဓ-၃၈၊ | ၄၇ | ဖဖ-၉၊ | ၁၃၆ | ဗဗ-၇၊ | ၁၁၇ | ဗဗ-၇၊ | ၂၂၈ | ဗဗ-၈၊ | ၂၂၀ |
| ဓဓ-၃၈၊ | ၄၈ | ဖဖ-၉၊ | ၁၃၇ | ဗဗ-၇၊ | ၁၁၈ | ဗဗ-၇၊ | ၂၂၉ | ဗဗ-၈၊ | ၂၃၃ |
| ဓဓ-၃၈၊ | ၄၉ | ဖဖ-၉၊ | ၁၃၈ | ဗဗ-၇၊ | ၁၂၀ | ဗဗ-၈၊ | ၃၂ | ဗဗ-၈၊ | ၂၃၄ ၁/၂ |
| ဓဓ-၃၈၊ | ၅၀ | ဖဖ-၉၊ | ၁၃၉ | ဗဗ-၇၊ | ၁၃၂ | ဗဗ-၈၊ | ၄၇ | ဗဗ-၈၊ | ၂၃၅ |
| ဓဓ-၃၈၊ | ၅၁ | ဖဖ-၉၊ | ၁၄၀ | ဗဗ-၇၊ | ၁၃၅ | ဗဗ-၈၊ | ၄၈ | ဗဗ-၈၊ | ၂၃၆ |
| ဓဓ-၃၈၊ | ၅၂ | ဖဖ-၉၊ | ၁၄၄ | ဗဗ-၇၊ | ၁၃၆ | ဗဗ-၈၊ | ၁၄၅ | ဗဗ-၈၊ | ၂၃၇ |
| ဓဓ-၃၈၊ | ၅၃ | ဖဖ-၉၊ | ၁၄၅ | ဗဗ-၇၊ | ၁၃၇ | ဗဗ-၈၊ | ၁၄၆ | ဗဗ-၉၊ | ၂၃ |
| ဓဓ-၃၈၊ | ၅၄ | ဖဖ-၉၊ | ၁၆၅ | ဗဗ-၇၊ | ၁၃၈ | ဗဗ-၈၊ | ၁၄၉ | ဗဗ-၉၊ | ၂၄ |
| ဓဓ-၃၈၊ | ၅၅ | ဖဖ-၉၊ | ၁၆၆ | ဗဗ-၇၊ | ၁၄၃ | ဗဗ-၈၊ | ၁၅၀ | ဗဗ-၉၊ | ၅၀ |
| ဓဓ-၃၈၊ | ၅၆ | ဖဖ-၉၊ | ၁၇၁ | ဗဗ-၇၊ | ၁၄၄ | ဗဗ-၈၊ | ၁၅၁ | ဗဗ-၉၊ | ၅၁ |
| ဓဓ-၃၈၊ | ၅၇ | ဖဖ-၉၊ | ၁၇၄ | ဗဗ-၇၊ | ၁၄၅ | ဗဗ-၈၊ | ၁၅၆ | ဗဗ-၉၊ | ၅၂ |
| ဓဓ-၃၈၊ | ၅၈ | ဖဖ-၁၀၊ | ၃၆ | ဗဗ-၇၊ | ၁၄၆ | ဗဗ-၈၊ | ၁၅၇ | ဗဗ-၉၊ | ၅၃ |
| ဓဓ-၃၈၊ | ၅၉ | ဖဖ-၁၀၊ | ၃၇ | ဗဗ-၇၊ | ၁၄၉ | ဗဗ-၈၊ | ၁၅၈ | ဗဗ-၉၊ | ၆၀ |
